UNDP



# ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်

# ခြိမ်းခြောက်ခံနေရသော အသက်မွေးဝမ်းကျောင်းများ

## အထည်ချုပ်လုပ်သားနှင့် စက်ရုံများ၏ စစ်တမ်း

၂၀၂၂ ခုနှစ် စက်တင်ဘာလ

UNDP Myanmar Development Observatory သည် နိုင်ငံတကာအရပ်အဝန်း၊ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များ၊ မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများအတွက် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာ အလားအလာလမ်းကြောင်းအပေါ် လက်ရှိအချက်အလက်များကို ထောက်ပံ့ပေးနေပါသည်။ အချက်အလက်အပေါ် အခြေပြုသော အဖွဲ့အစည်းပိုင် တတ်သိပညာရှင်အုပ်စု (think tank) သည် မဏ္ဍိုင်သုံးရပ်အပေါ် အခြေခံထားသည် –

၁။ စီးပွားရေး။ မြန်မာလူမျိုးများအပေါ် ပဋိပက္ခအမျိုးမျိုးကြောင့် ဖြစ်ပေါ်သည့် ထိခိုက်နိုင်စွမ်းအား မျက်ခြေမပြတ် စောင့်ကြည့်ရန်၊

၂။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs)။ အဓိက ဖွံ့ဖြိုးတိုးတက်ရေးညွှန်းကိန်းများ၊ အထူးသဖြင့် ထိခိုက်လွယ်ပြီး ဖယ်ချန်ထားခြင်းခံရသူများအတွက် ညွှန်းကိန်းများ၏ ဆုတ်ယုတ်မှုကို အကဲဖြတ်ရန်၊

၃။ ပဋိပက္ခ။ ပဋိပက္ခ၊ ဆင်းရဲမွဲတေမှု၊ အသက်မွေးဝမ်းကျောင်းနှင့် SDGs တို့အကြား ဆက်စပ်မှုအပေါ် အထူး အလေးပေးပြီး ပြောင်းလဲဖြစ်ပေါ်သော ရွေ့လျားမှုများအား စောင့်ကြည့်လေ့လာရန်။

ကျွန်ုပ်တို့၏ အလှူရှင်မိတ်ဖက်များ၊ စီးပွားကူးသန်းဝန်ကြီးဌာန၊ ဒေသန္တရ think tank များ၊ UNDP ၏ ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ မူဝါဒကွန်ရက်များ၊ အခြားအဖွဲ့အစည်းအမျိုးမျိုးနှင့် လူပုဂ္ဂိုလ်များအား ၎င်းတို့၏ ထောက်ပံ့ ကူညီမှုအတွက် ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ထံ ဆက်သွယ်လိုပါက observatory.mm@undp.org မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။

---

UNDP သည် ဆင်းရဲမွဲတေမှု၊ မမျှတမှု နှင့် ရာသီဥတုပြောင်းလဲမှုတို့ကို တိုက်ဖျက်သည့် အဓိက ကုလသမဂ္ဂအဖွဲ့အစည်း ဖြစ်သည်။ နိုင်ငံပေါင်း (၁၇၀) တွင်ရှိသော ကျွန်ုပ်တို့၏ ကျယ်ပြန့်သောကွန်ရက်ဖြစ်သည့် ပညာရှင်များ၊ မိတ်ဖက်များနှင့် လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့သည် လူထုနှင့် ကမ္ဘာဂြိုလ်အတွက် ဘက်ပေါင်းစုံပေါင်းစည်းပြီး တာရှည်ခံသည့် အဖြေများကို ကူညီထူထောင်ပေးသည်။

ပိုမိုသိရှိလိုပါက undp.org တွင် သို့မဟုတ် @UNDP ကို follow လုပ်၍ လေ့လာနိုင်ပါသည်။

# မာတိကာ


ဇယားနှင့် ပုံများ၏ စာရင်း ..... 5

အစီရင်ခံစာအနှစ်ချုပ် ..... 7

၁။ နိဒါန်း ..... 14

၂။ ရည်မှန်းချက်များ ..... 17

၃။ နည်းပညာများ ..... 18
- ၃.၁။ အထည်ချုပ်လုပ်သားများနှင့် ယခင်လုပ်သားဟောင်းများ ..... 18
- ၃.၂။ အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ..... 19

၄။ အထည်ချုပ်လုပ်သား စစ်တမ်း၏ ရလဒ်များ ..... 20
- ၄.၁။ နမူနာပုံစံဖော်ပြချက် ..... 20
- ၄.၂။ အထည်ချုပ်ကဏ္ဍအတွက် အထူးကုန်သွယ်မှုအခွင့်အရေးများအပေါ် သဘောထားအမြင် ..... 21
- ၄.၃။ အထည်ချုပ်လုပ်သားများ၏ ဝင်ငွေအပေါ် စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုများ ..... 21
- ၄.၄။ လက်ရှိအလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများ – လှုပ်ရှားမှုများနှင့် အလုပ်ရှာဖွေမှု ..... 24
- ၄.၅။ အိမ်ထောင်စုဝင်ငွေများကျဆင်းလာခြင်း ..... 26
- ၄.၆။ ရင်ဆိုင်ဖြေရှင်းရေးယန္တရားများ ..... 28
- ၄.၇။ ဘဝအလားအလာ ..... 34
- ၄.၈။ မိမိတို့၏ ရပ်ကွက်/ကျေးရွာတွင် လုံခြုံမှုခံစားရခြင်း ..... 36
- ၄.၉။ မြန်မာနိုင်ငံအထည်ချုပ်လုပ်သားများ။ နေရပ်ရွှေ့ပြောင်းသူများ၏ ရှုထောင့် ..... 38
- ၄.၁၀။ မြန်ကူမှုရန်ပုံငွေများ။ အသုံးပြုပုံနှင့် သတ်မှတ်ချက် ..... 39
- ၄.၁၁။ အလုပ်အတွက် လေ့ကျင့်သင်ကြားမှုလိုအပ်ချက်များ ..... 42

၅။ လုပ်ငန်းစစ်တမ်း၏ ရလဒ်များ ..... 43
- ၅.၁။ နမူနာအုပ်စုဖော်ပြချက် ..... 43
- ၅.၂။ လုပ်ငန်းဆောင်ရွက်ရန် အတားအဆီးများ ..... 43
- ၅.၃။ လုပ်ငန်းဆောင်ရွက်ခြင်း၏ အခက်အခဲများ ..... 46
  - ၅.၃.၁။ ထုတ်လုပ်မှု ..... 47
  - ၅.၃.၂။ ဝယ်လိုအား ..... 47
  - ၅.၃.၃။ ထောက်ပံ့မှုကွင်းဆက် ..... 48
  - ၅.၃.၄။ အလုပ်အကိုင် ..... 48
  - ၅.၃.၅။ စီးပွားရေးလုပ်ဆောင်မှုများအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှု၏ သက်ရောက်မှု ..... 48

# မာတိကာ


၅.၄။ စစ်အာဏာသိမ်းမှုကြောင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်အား ချိန်ညှိမှု .................................... 49
၅.၄.၁။ ကျင့်သုံးသော ချိန်ညှိမှုများနှင့် အလုပ်အကိုင်အပေါ် ၎င်းတို့၏ သက်ရောက်မှု................ 49
၅.၄.၂။ အထည်ချုပ်လုပ်ငန်းများမှ ကျင့်သုံးသော အခြားရင်ဆိုင်ဖြေရှင်းရေးယန္တရားများ ........... 49
၅.၅။ အလုပ်ရှင်များရှုထောင့်မှ သင်တန်းလိုအပ်ချက်များ ........................................ 50

၆။ နောက်ဆုံးတွေ့ရှိချက်များနှင့် ကန့်သတ်ချက်များ ........................................ 51
၆.၁။ နောက်ဆုံးတွေ့ရှိချက်များ........................................ 51
၆.၂။ ကန့်သတ်ချက်များ........................................ 53
၆.၃။ ရှေ့ဆက်ချီတက်ရန် ထည့်သွင်းစဉ်းစားချက်များ........................................ 53

၇။ ကိုးကားချက်များ ........................................ 54

နောက်ဆက်တွဲ(၁)။ စီးပွားရေးစစ်တမ်းတွင် အသုံးပြုခဲ့သော မေးခွန်းများအတွက် ဝေဖန်သုံးသပ်မှုစာတမ်း.. 55

နောက်ဆက်တွဲ(၂)။ အချက်အလက်စုဆောင်းမှု၏ နောက်ထပ်အသေးစိတ်များ........................................ 59
ထိခိုက်မှုမရှိစေရေး ........................................ 59
CATI ၏ ကန့်သတ်ချက်များနှင့် အားနည်းချက်များ ........................................ 59

နောက်ဆက်တွဲ(၃)။ အလုပ်သမားအုပ်စုသုံးစုနှင့် ကျား/မ အလိုက် နမူနာအုပ်စု ........................................ 62

နောက်ဆက်တွဲ (၄)။ အစီရင်ခံစာတွင် အသုံးပြုခဲ့သည့် အချက်အလက်များ၏
စစ်တမ်းဆိုင်ရာနှိုင်းယှဉ်နိုင်စွမ်း ........................................ 63

# ဇယားနှင့် ပုံများ၏ စာရင်း


ဇယား (၄.၁)။ အလုပ်အကိုင်အခြေအနေအရ ခွဲခြားထားသော အထည်ချုပ်လုပ်သား စစ်တမ်းနမူနာပုံစံ (ရာခိုင်နှုန်း)..... 20
ဇယား(က–၁)။ အလုပ်သမားအုပ်စုသုံးစုနှင့် ကျား/မ အလိုက် နမူနာအုပ်စု ..... 62
ဇယား(က–၂)။ ဤအစီရင်ခံစာတွင် အသုံးပြုခဲ့သောကိန်းဂဏန်းများ၏ စစ်တမ်းရင်းမြစ် ..... 63

ပုံ (၁.၁)။ ယခင်နှင့်လက်ရှိ အထည်ချုပ်လုပ်သားများ၏ အမှန်တကယ်နှင့် ကိုယ်တိုင်ခံစားရသော ချမ်းသာသုခအတိုင်းအတာများ (ရာခိုင်နှုန်း) ..... 11
ပုံ (၁.၂)။ ၂၀၁၇ ခုနှစ်ရှိ ဆင်းရဲနွမ်းပါးမှုနှုန်း ..... 15
ပုံ (၄.၁)။ အထည်ချုပ်ကဏ္ဍနှင့် အခြားကဏ္ဍလုပ်သားများ၏ ပုံမှန်တန်ဖိုးအရ နေ့စဉ်ပျမ်းမျှလုပ်အားခ (ကျပ်)........ 22
ပုံ (၄.၂)။ ကျား/မ အလိုက် အထည်ချုပ်လုပ်သားများအတွက် ပုံမှန်တန်ဖိုးအရ ပျမ်းမျှနေ့စဉ်လုပ်အားခ (ကျပ်)....... 22
ပုံ(၄.၃)။ ကျား/မ အလိုက် အခြားကဏ္ဍများတွင် လုပ်ကိုင်နေသော အလုပ်သမားများအတွက် ပုံမှန်တန်ဖိုးအရ နေ့စဉ်ပျမ်းမျှလုပ်အားခ (ကျပ်) ..... 23
ပုံ (၄.၄)။ ယခင်အထည်ချုပ်လုပ်သားဟောင်းများ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းကဏ္ဍများ (ရာခိုင်နှုန်း) .......... 23
ပုံ (၄.၅)။ ယခင်အထည်ချုပ်လုပ်သားဟောင်းများ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းကဏ္ဍများ၊ ကျား/မ အလိုက် (ရာခိုင်နှုန်း)..... 24
ပုံ(၄.၆)။ အလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများ၏ ကျား/မ အလိုက် လက်ရှိလုပ်ရှားမှုများ (ရာခိုင်နှုန်း) ..... 25
ပုံ (၄.၇)။ ကျား/မ အလိုက် လက်ရှိအလုပ်လုပ်မနေသော အထည်ချုပ်လုပ်သားဟောင်းများအတွက် အလုပ်သစ်တစ်ခုတွေ့ရှိရန် မျှော်မှန်းသောအချိန် (ရာခိုင်နှုန်း) ..... 26
ပုံ(၄.၈)။ အာဏာသိမ်းမှုကတည်းက အိမ်ထောင်စုဝင်ငွေလျော့ကျသွားကြောင်း ဖော်ပြထားသည့် အလုပ်အကိုင်အခြေအနေအလိုက် ဖြေဆိုသူပမာဏ (ရာခိုင်နှုန်း)..... 26
ပုံ(၄.၉)။ အလုပ်အကိုင်အခြေအနေအလိုက် အိမ်ထောင်စုဝင်ငွေအဓိကရင်းမြစ် (ရာခိုင်နှုန်း)..... 27
ပုံ(၄.၁၀)။ အလုပ်အကိုင်ခြေအနေအလိုက် ဝင်ငွေဆင့်ပွားရင်းမြစ်မရှိသော အိမ်ထောင်စုရာခိုင်နှုန်း ..... 28
ပုံ(၄.၁၁)။ ငွေကြေး သို့မဟုတ် အခြားရင်းမြစ်များ မရှိသောကြောင့် အစားအစာ စားသောက်မှုကို လျှော့ချခြင်း (ရာခိုင်နှုန်း) ..... 29
ပုံ (၄.၁၂)။ အလုပ်အကိုင်အခြေအနေအလိုက် ရင်ဆိုင်ဖြေရှင်းရေးနည်းဗျူဟာများ (ရာခိုင်နှုန်း) ..... 29
ပုံ (၄.၁၃)။ အလုပ်အကိုင်အခြေအနေလိုက် ကျန်ရှိသော စုငွေ၏ လပေါင်းအရေအတွက် (ရာခိုင်နှုန်း) ..... 30
ပုံ(၄.၁၄)။ အချိန်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းရေးယန္တရားများ၊ အိမ်ထောင်စုရာခိုင်နှုန်း ..... 31
ပုံ (၄.၁၅)။ အစားအသောက်အသုံးစရိတ်လျှော့ချခြင်းအား အချိန်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းရေးယန္တရားအဖြစ် အသုံးပြုခြင်း (အိမ်ထောင်စုရာခိုင်နှုန်း)..... 32
ပုံ (၄.၁၆)။ အစားအသောက် သို့မဟုတ် အခြားရင်းမြစ် မရှိသောကြောင့် အစားအစာလျှော့စားရသောလူများ (ရာခိုင်နှုန်း) ..... 32
ပုံ (၄.၁၇)။ အလုပ်အကိုင်အခြေအနေအလိုက် ရောင်းချခဲ့သည့် ပိုင်ဆိုင်မှုအမျိုးအစားများ (ရာခိုင်နှုန်း) ..... 33
ပုံ (၄.၁၈)။ အချိန်နှင့်အမျှ ရောင်းချခဲ့သည့် ပိုင်ဆိုင်မှုအမျိုးအစားများ..... 33
ပုံ (၄.၁၉)။ အလုပ်အကိုင်အခြေအနေအလိုက် ချမ်းသာသုခခံစားရခြင်း (ရာခိုင်နှုန်း)..... 34
ပုံ (၄.၂၀)။ အလုပ်အကိုင်အခြေအနေအလိုက် ဘဝအပေါ် ယေဘုယျစိတ်ကျေနပ်မှု (ရာခိုင်နှုန်း)..... 35

# ဇယားနှင့် ပုံများ၏ စာရင်း


ပုံ( ၄.၂၁)။ ကျား/မအလိုက် ဘဝအပေါ် အတော်ပျော်ရွှင်ခြင်း သို့မဟုတ် အလွန်ပျော်ရွှင်ခြင်း (ရခိုင်နှုန်း)................. 35

ပုံ (၄.၂၂)။ ၂၀၂၀ နှင့် ၂၀၂၂ အကြား ချမ်းသာသုခကို ကိုယ်တိုင်ခံစားရခြင်း (ရခိုင်နှုန်း)........................................... 36

ပုံ (၄.၂၃)။ နှစ်အလိုက် မိမိတို့၏ ရပ်ကွက်/ကျေးရွာအတွင်း နေ့အချိန်၌ လုံခြုံမှုမရှိဟု ခံစားရသည့် အမျိုးသမီးရာခိုင်နှုန်း .......................................................................................................... 37

ပုံ (၄.၂၄)။ တည်နေရာအခြေအနေအရ ပျမ်းမျှနေ့စဉ်လုပ်အားခ .................................................................. 39

ပုံ (၄.၂၅)။ တည်နေရာအခြေအနေအရ အိမ်ထောင်စုမှ ရင်ဆိုင်ရသော အဓိကပြဿနာများ (ရာခိုင်နှုန်း)................... 39

ပုံ (၄.၂၆)။ မြန်ကူရန်ပုံငွေအား အဓိကအသုံးပြုမှု (ရာခိုင်နှုန်း)........................................................................ 40

ပုံ (၄.၂၇)။ အာဏာသိမ်းချိန်မှစ၍ အိမ်ထောင်စုဝင်ငွေကျဆင်းသွားသော သို့မဟုတ် ယခင်အတိုင်းဖြစ်သော အိမ်ထောင်စုများအတွက် မြန်ကူ၏အရေးပါမှု........................................................................ 40

ပုံ (၄.၂၈)။ အလုပ်အတွက် သင်တန်းပေးမည်ဆိုလျှင် မည်သည့်ခေါင်းစဉ်က သင့်အတွက် အသုံးအဝင်ဆုံး ဖြစ်မည်နည်း.............................................................................................. 42

ပုံ (၄.၂၉)။ အထည်ချုပ်ကဏ္ဍမှအလုပ်ပြုတ်သွားလျှင် သင်မည်သို့ပြုလုပ်မည်နည်း (ရာခိုင်နှုန်း)............................... 42

ပုံ (၅.၁)။ နမူနာလုပ်ငန်းများ၏ တည်နေရာပျံ့နှံ့မှု (ရာခိုင်နှုန်း)............................................................................ 43

ပုံ (၅.၂)။ စီးပွားရေးလုပ်ငန်းများမှ ရင်ဆိုင်ရသော အဓိကအတားအဆီး (ရာခိုင်နှုန်း)၊............................................ 44

ပုံ (က–၂)။ MLCS ၂၀၁၇။ ဆင်းရဲနွမ်းပါးမှုအခြေအနေအရ မိုဘိုင်းလ်ဖုန်းမရှိသော အိမ်ထောင်စုများ (ရာခိုင်နှုန်း) ....... 61

# အစီရင်ခံစာအနှစ်ချုပ်

၂၀၂၀ ပြည့်နှစ်မတိုင်မီအထိ မြန်မာ့အထည်ချုပ်ကဏ္ဍတွင် လုပ်သားတစ်သန်းကျော်ကို အလုပ်ခန့်ထားပြီး နိုင်ငံတွင်း ကုန်ပစ္စည်းတင်ပို့မှုစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်အထိ ရှိခဲ့သည်။ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း အထည်ချုပ်ကဏ္ဍသည် အလွန်ကြီးထွားတိုးတက်ခဲ့ပြီး ၂၀၀၅ နှင့် ၂၀၁၇ ခုနှစ်အတွင်း နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းကို ထက်ဝက်လျှော့ချနိုင်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ကိုဗစ်(၁၉)နှင့် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုတို့၏ ဒဏ်နှစ်ခုသည် အထည်ချုပ်ကဏ္ဍတွင် လုပ်ကိုင်နေသည့် အလုပ်သမားများရော ကုမ္ပဏီပိုင်ရှင်များပါ သိသာထင်ရှားသော သက်ရောက်မှုများ ရှိနေပါသည်။ အမျိုးသမီးများသည် အထည်ချုပ်ကဏ္ဍလုပ်သားအင်အား၏ ၉၀% ကျော်ကို ကိုယ်စားပြုသောကြောင့် ထိုဒဏ်နှစ်ခုသည် အထူးသဖြင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းမှုအပေါ် ဆိုးကျိုးများရှိလာမည်ဟု မျှော်လင့်ရသည်။

ဤအခြေအနေတွင် မြန်မာ့အထည်ချုပ်ကဏ္ဍနှင့် အထူးသဖြင့် ဥရောပဈေးကွက်သို့ ထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ဆန့်ကျင်ဘက်အမြင်များရှိနေသည်။ ပြည်ပရောက် မြန်မာနိုင်ငံ စင်ပြိုင်အစိုးရသည် အချို့သော နိုင်ငံတကာအစိုးရများနှင့် မဟာမိတ်ဖွဲ့ကာ ဥရောပဘက်မှ ဝယ်ယူသူများထံမှ အရင်းအမြစ်ထောက်ပံ့ခြင်းအား လုံးဝရပ်တန့်ရန် (အလုံးစုံ စီးပွားရေးပိတ်ဆို့မှုကို) ထောက်ခံကြပြီး ဤနည်းလမ်းသည် စစ်အစိုးရကျရှုံးမှုအား အမြန်ပြီးစီးစေမည်ဟု အခိုင်အမာပြောဆိုကြသည်။ ထိုပုဂ္ဂိုလ်များနှင့် အခြားသူအချို့သည် ဥရောပသမဂ္ဂ (EU) ၏ လက်နက်မှလွဲ၍ အားလုံးထောက်ပံ့မည့် စည်းမျဉ်းဖြစ်သော Everything But Arms (EBA) အောက်ရှိ အခွန်သက်သာကင်းလွတ်ခွင့်ကို ရုပ်သိမ်းရန် ထောက်ခံကြသည်။ ထိုကင်းလွတ်ခွင့်များကို အကျိုးရှင်နိုင်ငံအတွင်း နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများအား ကိုက်ညီစွာ အသုံးချမှုအပေါ် အခြေခံ၍ တိုးချဲ့ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ထိုစံနှုန်းများအား လုံးဝကျင့်သုံးနေခြင်းမရှိပေ။ သို့ရာတွင် တာဝန်ယူသော စီးပွားရေးလုပ်ဆောင်ရန် ကတိပြုထားသည့် ဥရောပ ဝယ်လက်များ ဆက်လက်တည်ရှိနေခြင်းသည် အလုပ်အကိုင်များကို ပံ့ပိုးပေးပြီး ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု လျော့ပါးရေးအတွက် အရေးပါသော တွန်းအားတစ်ခုအဖြစ် လုပ်ဆောင်ပေးရုံမျှမက အရေးကြီးသည်မှာ ဥရောပကုမ္ပဏီများသည် ၎င်းတို့၏ ဩဇာကိုအသုံးချပြီး သင့်လျော်သောလုပ်ငန်းခွင်အခြေအနေများကို အာမခံပေးနိုင်သောကြောင့် ကောင်းမွန်သောအလုပ်အကိုင်များကို ဖန်တီးပေးနိုင်ကြောင်း အခြားသူများက ထောက်ခံကြသည်။ ပြည်တွင်းငွေကြေးအလွန်အကျွံ တန်ဖိုးကျနေသောကြောင့် မြန်မာနိုင်ငံ၏ အလွန်အမင်းယှဉ်ပြိုင်မှု မြင့်မားနေသော လက်ရှိလုပ်သားဈေးကွက်ကို အခွင့်ကောင်းယူရန် ကြိုးပမ်းနေသော အချို့ကုမ္ပဏီများသည် အလုပ်အကိုင်ဖန်တီးမှုဟူသော အကြောင်းပြချက်ဖြင့် အမြတ်ထုတ်နေသည့် လုပ်ငန်းအခြေအနေများအောက်တွင်ပင် ဆက်လက်၍ ရင်းမြစ်ထောက်ပံ့ပေးနေကြသည်။ ထိုကုမ္ပဏီများမှ အချို့သည် အလွန်လိုအပ်နေသော အလုပ်အကိုင်များကို ပံ့ပိုးပေးနေသော်လည်း လုပ်ခဖြတ်တောက်ခြင်း၊ အလုပ်ချိန်လွန်ကဲခြင်း၊ ရက်မှန်ကြေး အပိုဆုကြေးများ ဖြတ်တောက်ခြင်း၊ လုပ်ငန်းခွင်တွင်း နှောင့်ယှက်ခြင်းနှင့် ဖြတ်စာလျော်ကြေးငွေ ပေးလျော်မှုမရှိခြင်း တို့အပါအဝင် အလုပ်သမားများ၏ အခွင့်အရေးများကို ချိုးဖောက်မှုအတွက် တာဝန်ရှိကြောင်း သိရှိရသည်။[၁]

လက်ရှိနိုင်ငံရေးအခြေအနေများအရ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များကို အာမခံပေးသည့် ထိရောက်သော ဥပဒေမူဘောင်အား ကျင့်သုံးမှုမရှိခြင်းကြောင့် ရင်းနှီးမြှုပ်နှံသူများ၏ ကိုယ်ရေးအကျဉ်းသည် (ဥရောပမှ အာရှအထိ) သိသာထင်ရှားသော ပြောင်းလဲမှုတစ်စုံတစ်ရာရှိခဲ့ပါက အလုပ်သမားများအခွင့်အရေးကို လုံလောက်စွာ လေးစားလိုက်နာမှုနှင့် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများအတွက် ထောက်ခံအားပေးနိုင်သည့် အဖွဲ့အစည်းများနှင့် လွတ်လပ်စွာစည်းရုံးခွင့်တို့ကို ရရှိရန် မသေချာပေ။ မြန်မာနိုင်ငံသည် ပို့ကုန်များအတွက် ထုတ်လုပ်သည့် ရွှေ့ပြောင်းနိုင်ပြီး လုပ်သားအင်အားများပြားသော စက်မှုလုပ်ငန်းများကို ဆွဲဆောင်ရန် ရေးဆွဲထားသည့် အခွန်လျှော့ချထားသောနည်းလမ်းတစ်ခုကို ကျင့်သုံးနေပြီဖြစ်သောကြောင့် အထည်ချုပ်ကဏ္ဍသည် နိုင်ငံတော်ဝင်ငွေအတွက် အဓိကပံ့ပိုးသည့် ကဏ္ဍမဟုတ်ပေ။ စစ်အစိုးရသည် အထည်ချုပ်ကဏ္ဍရှိ စက်ရုံ (၇၅၀) တွင် တစ်ရုံတည်းသာ ပိုင်ဆိုင်ထားသည်။

၁ ကမ္ဘာ့အန္တံအထည်အမှတ်တံဆိပ်များသည် မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းမှုအပြီး၌ အလုပ်သမားအခွင့်အရေးကို အာမခံနိုင်စွမ်းမရှိပေ။ https://teacircleoxford. com/policy-briefs research-reports/global-garment-brands-unable-to-safeguard-labour-rights-in-post-coup-myanmar/.

သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များကို အာမခံပေးသည့် ထိရောက်သော ဥပဒေမူဘောင်မရှိသည်မှာ အမှန်ပင်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံသူများ၏ ကိုယ်ရေးအကျဉ်း (ဥပမာ၊ ဥရောပမှ အာရှအထိ) ပြောင်းလဲမှုတိုင်းသည် လက်တွေ့တွင် အလုပ်သမားများ၏ အခွင့်အရေးများကို လေးစားလိုက်နာမှု သို့မဟုတ် ပိုမိုကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများအတွက် ထောက်ခံအားပေးနိုင်သည့် အဖွဲ့အစည်းများနှင့် လွတ်လပ်စွာ စည်းရုံးခွင့်တို့ကို လျော့ကျစေနိုင်သည်။ တစ်ချိန်တည်းမှာပင် ရင်းနှီးမြှုပ်နှံလျှော့ချခြင်းသည် စစ်အစိုးရအပေါ် သိသာထင်ရှားသော ထပ်လောင်းဖိအားပေးမှုမျိုး ရှိလာလိမ့်မည် မဟုတ်ပေ။ မြန်မာနိုင်ငံသည် ပို့ကုန်များအတွက် ထုတ်လုပ်သည့် ရွှေ့ပြောင်းနိုင်ပြီး လုပ်သားအင်အားများပြားသော စက်မှုလုပ်ငန်းများကို ဆွဲဆောင်ရန် ရေးဆွဲထားသော အခွန်လျှော့ချထားသည့်နည်းလမ်းတစ်ခုကို ကျင့်သုံးနေပြီဖြစ်သောကြောင့် အထည်ချုပ်ကဏ္ဍသည် နိုင်ငံတော်ဝင်ငွေအတွက် အဓိကပံ့ပိုးသည့် ကဏ္ဍမဟုတ်ပေ။ စစ်အစိုးရသည် အထည်ချုပ်ကဏ္ဍရှိ စက်ရုံ (၇၅၀) တွင် တစ်ရုံတည်းသာ ပိုင်ဆိုင်ထားသည်။[၂]

စစ်တမ်းကိုအခြေခံထားသော ဤလေ့လာမှု၏ ရည်ရွယ်ချက်သည် ထိုကွဲလွဲနေသောရပ်တည်ချက်များကို ထောက်ခံရန် သို့မဟုတ် ဆန့်ကျင်ရန်အတွက်မဟုတ်ဘဲ လက်ရှိအခြေအနေသည် အလုပ်သမားများနှင့် ကုမ္ပဏီပိုင်ရှင်များ၏ အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးလုပ်ငန်းများကို မည်သို့အသီးသီးသက်ရောက်မှုရှိကြောင်း ၎င်းတို့ထံမှ တိုက်ရိုက်ကြားသိရန် ဖြစ်သည်။ အထက်တွင် ဖော်ပြထားသော ပြဿနာများကို သိရှိနားလည်သော်လည်း ဤစစ်တမ်းသည် လုပ်ငန်းဆက်လက်လည်ပတ်ရာတွင် ကုမ္ပဏီပိုင်ရှင်များ၏ စိန်ခေါ်မှုများ၊ အလုပ်မှ ထုတ်ပယ်ခံရသော သို့မဟုတ် အခြားလုပ်ငန်းတစ်ခုသို့ မဖြစ်မနေပြောင်းရွှေ့ရသော အလုပ်သမားများ၏ အခက်အခဲများနှင့် အထည်ချုပ်ကဏ္ဍအတွက် အလားအလာအပေါ် ထိုအုပ်စုနှစ်အုပ်စုလုံး၏ အမြင်သဘောထားများကို သိရှိနားလည်ရန် အဓိကဦးတည်ထားသည်။ ဤလေ့လာမှုသည် ပိုမိုသိသာထင်ရှားလာသော အဓိကကိစ္စရပ်များကို မီးမောင်းထိုးပြပေးသည်။ ဤလေ့လာမှုသည် (နမူနာအုပ်စု၏ သဘောသဘာဝကြောင့်) အားလုံးကို ကိုယ်စားပြုနိုင်စွမ်းမရှိသော်လည်း အခြေအနေကို ညွှန်ပြပေးနိုင်သည်။ ဤကဏ္ဍ၏ အနာဂတ်အလားအလာကို ဆုံးဖြတ်ပေးမည့် မူဝါဒကို ရေးဆွဲခြင်းမပြုမီ နောက်ထပ်စူးစမ်းလေ့လာမှုများကို လိုအပ်ပါသည်။

ဤလေ့လာမှုသည် အလုပ်သမားများ၏ ဘဝအပေါ် ပဋိပက္ခများ၏ သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများကို တွေ့ရှိခဲ့သည်။ မကြာသေးမီက ကမ္ဘာ့ဘဏ်၏ စီးပွားရေးစောင့်ကြည့်မှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာစစ်တမ်း[၃]အရ အထည်ချုပ်ကဏ္ဍသည် ကိုဗစ်(၁၉) နှင့် အစိုးရအပြောင်းအလဲ၏ဒဏ်မှ တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာနိုင်ကြောင်း ညွှန်ပြသော်လည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော ကုန်သွယ်ရေးပိတ်ဆို့အရေးယူမှုများ ပိုမိုနက်ရှိုင်းကျယ်ပြန့်လာပါက ရပ်တန့်သွားနိုင်သည်။ ကိုဗစ်(၁၉) ၏ သက်ရောက်မှုကြောင့် အခက်ကြုံနေရပြီးဖြစ်သော အလုပ်သမားများ၏ အသက်မွေးဝမ်းကျောင်းများသည် ပိုမိုဆိုးရွားလာနိုင်ပြီး မျိုးဆက် အဆက်ဆက်အပေါ် နောက်ဆက်တွဲ အကျိုးဆက်များဖြစ်ပေါ်စေကာ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခ၏ သက်ရောက်မှုများကို ရေရှည်ဖြစ်စေနိုင်ပါသည်။ အလားတူပင် ILO (၂၀၂၂) ၏ အစီရင်ခံစာ၌ အထူးသဖြင့် အမျိုးသမီးများတွင် အလုပ်ချိန်နှင့် အလုပ်အကိုင် နှစ်ခုစလုံး သိသိသာသာ လျော့ကျသွားကြောင်း ဖော်ပြထားသည်။ အထူးသဖြင့် ILO က ၂၀၂၀ ခုနှစ်မှ စတင်၍ အလုပ်အကိုင်ရရှိသည့် အမျိုးသမီးနှင့် အမျိုးသားဦးရေသည် (၁.၁) သန်း ပိုမိုလျော့နည်းလာကြောင်း ခန့်မှန်းထားသည်။ ပြန်လည်မွမ်းမံထားသည့် ခန့်မှန်းတွက်ချက်မှုတွင် အလုပ်အကိုင်များ အနည်းငယ်ပြန်လည်ကောင်းမွန်လာကြောင်း ညွှန်ပြထားသော်လည်း ၂၀၂၀ ပြည့်နှစ်မတိုင်မီ အခြေအနေထက် များစွာလျော့ကျနေဆဲဖြစ်သည်။ ပိတ်ဆို့အရေးယူမှုများနှင့် ပြည်တွင်းမူဝါဒဖရိုဖရဲဖြစ်မှုများ၏ ခြိမ်းခြောက်မှုနှင့်အတူ ဘဏ်လုပ်ငန်းနှင့် ထောက်ပံ့ရေးကွင်းဆက်ပြတ်တောက်မှုများကြောင့် အထည်ချုပ်ကဏ္ဍတွင် လုပ်သားများ၏ ဝင်ငွေများ သိသာထင်ရှားစွာ လျော့ကျသွားသည်ကို မြင်တွေ့နိုင်ပြီး ဆင်းရဲနွမ်းပါးမှုနှုန်းနှင့် ထိခိုက်လွယ်မှုများကို တိုးမြင့်လာစေပါသည်။

လက်ရှိအထောက်အထားများပေါ်တွင် အခြေခံ၍ (ဥပမာ။ ILO ၂၀၂၂ အစီရင်ခံစာ) ဤသုတေသနအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ အထည်ချုပ်စက်ရုံ အလုပ်သမားများနှင့် ပိုင်ရှင်များ နှစ်ဘက်စလုံးအပေါ် စစ်အာဏာသိမ်းယူမှု၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ရန်ဖြစ်သည်။ လက်ရှိနှင့် ယခင်အထည်ချုပ်ကဏ္ဍ အလုပ်သမား (၁၆၀၀) ကို စစ်တမ်းကောက်ယူပြီး အထည်ချုပ်ကဏ္ဍလုပ်သားများနှင့် ၎င်းတို့အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းများအပေါ် စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုကို မှတ်တမ်းတင်လေ့လာခဲ့ပါသည်။ စစ်တမ်းပါမေးခွန်းများသည် စစ်အာဏာသိမ်းချိန်မှစ၍ ဝင်ငွေအပြောင်းအလဲများအပြင် အလုံးစုံသုခချမ်းသာအပေါ် ပြောင်းလဲမှုစသည့် ခေါင်းစဉ်

၂ Eurocham Myanmar, "Myanmar Garment sector factsheet" (မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍအချက်အလက်စာစောင်)၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ
၃ https://www.worldbank.org/en/news/press-release/2022/07/21/myanmar-economy-remains-fragile-with-reform-reversals-further-weakening-the-outlook



၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ကတည်းက ၂၆.၃ ရာခိုင်နှုန်းသော ကလေးရှိသည့် အိမ်ထောင်စုများ (နမူနာအုပ်စု၏ ထက်ဝက်ခန့်) သည် ၎င်းတို့ကလေး၏ အစားအစာစားသုံးမှုကို လျှော့ချခဲ့သည်။ ဤဖြေရှင်းရေး ယန္တရားသည် ကလေးနှစ်ဦးနှင့် အထက်ရှိသော အိမ်ထောင်စုများ အကြား ပို၍ပျံ့နှံ့သည်။

များပါဝင်သည်။ စီးပွားရေးလုပ်ငန်းများအပေါ် စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုများကို လေ့လာရန် လုပ်ငန်း (၅၅) ခု (အထည်ချုပ်လုပ်ငန်းများနှင့် အထည်ချုပ်ကဏ္ဍနှင့်ဆက်စပ်နေသည့် အခြားလုပ်ငန်းများဖြစ်သည့် လက်လီအရောင်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ဧည့်ဝန်ဆောင်မှုနှင့် အခြားဝန်ဆောင်မှုများ) အား နမူနာယူ၍ အရည်အသွေးဆိုင်ရာ စစ်တမ်းတစ်ခုနှင့် ထပ်မံချိတ်ဆက်ထားသည်။ အဆိုပါမေးခွန်းများတွင် ထုတ်လုပ်မှုအပြောင်းအလဲများ၊ ထုတ်လုပ်မှုအပြောင်းအလဲများအား ရင်ဆိုင်ဖြေရှင်းခြင်း၊ အနီးကပ်နှင့် ကာလလတ်အနာဂတ် အလားအလာများစသည့် အကြောင်းအရာများ ကျယ်ပြန့်စွာပါဝင်သည်။

ကျွန်ုပ်တို့သည် အလုပ်သမားအုပ်စု သုံးစုကို နှိုင်းယှဉ်မှုပြုထားသည် – (၁) လက်ရှိအထည်ချုပ်ကဏ္ဍလုပ်သားများ (၂) ယခုအခြားကဏ္ဍများတွင် လုပ်ငန်းလုပ်ကိုင်နေသော ယခင်အထည်ချုပ်ကဏ္ဍလုပ်သားများ နှင့် (၃) အလုပ်လက်မဲ့ဖြစ်နေသော ယခင်အထည်ချုပ်လုပ်သားများ။ ထို့အပြင် ကျား/မ ကွဲပြားမှုများကိုပါ စစ်ဆေးပြီး စိစစ်ပိုင်းခြားမှုပြုထားသည်။

စစ်တမ်းမှ အဓိကတွေ့ရှိချက်များ၏ အကျဉ်းချုပ်ကို အောက်တွင်ဖော်ပြထားသည် –

**လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း မြန်မာ့အထည်ချုပ်ကဏ္ဍသည် လျင်မြန်စွာ တိုးတက်လာခဲ့ပြီး ကျွမ်းကျင်မှုနည်းပါးသော အလုပ်သမားများအတွက် အလုပ်အကိုင်ရရှိစေခဲ့သည်။** အထည်ချုပ်ကဏ္ဍတွင် လုပ်သား (၁.၁) သန်းကျော်ကို အလုပ်ခန့်ထားပြီး အထည်ချုပ်ထုတ်ကုန်များသည် မြန်မာ့ကုန်သွယ်တင်ပို့မှု၏ သုံးပုံတစ်ပုံနီးပါးရှိသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဤကဏ္ဍသည် ကြီးမားသော ဒုက္ခကို ကြုံတွေ့နေရသည်။

**ပျမ်းမျှအားဖြင့် လက်ရှိနှင့်ယခင် အထည်ချုပ်လုပ်သားများ၏ ဝင်ငွေမှာ သိသိသာသာ ကျဆင်းသွားပါသည်။ အမျိုးသားနှင့် အမျိုးသမီးများအကြား သိသာသော လုပ်အားခကွာခြားချက်များရှိသည် (၁၀ ရာခိုင်နှုန်းခန့်)။ ၎င်းသည် စစ်အာဏာမသိမ်းမီကပင် သိသာထင်ရှားခဲ့ပြီး အထည်ချုပ်ကဏ္ဍနှင့် ယခင်အထည်ချုပ်လုပ်သားများအား လက်ခံထားသော ကဏ္ဍများအကြားလည်း လုပ်အားခကွာခြားချက်ရှိသည်။** အမျိုးသမီးအလုပ်သမားများ၏ ဝင်ငွေများ (အထည်ချုပ်ကဏ္ဍရော အခြားကဏ္ဍများပါ) ကျဆင်းသွားသော်လည်း စစ်တမ်းနမူနာပါ အမျိုးသားအချို့သည် ၎င်းတို့၏လုပ်အားအတွက် အကျိုးအမြတ်ပိုမိုမြင့်မားသော ကဏ္ဍများသို့ ပြောင်းရွှေ့သွားကြသည်။

**အလုပ်လက်မဲ့ဖြစ်သူ ယခင်အထည်ချုပ်လုပ်သားအချို့ (အထူးသဖြင့် အမျိုးသားများ) သည် အလုပ်အကိုင်များကို တက်ကြွစွာ ရှာဖွေနေကြသော်လည်း အမျိုးသမီးများသည် အိမ်တွင်းရှိ ဓလေ့ထုံးစံ ကျားမရေးရာ အခန်းကဏ္ဍသို့ ပြန်ပြောင်းလာကြသည်။** အလုပ်လက်မဲ့များ ထက်ဝက်ခန့်က အလုပ်အသစ်ရှာဖွေရန် တစ်လမှ ခြောက်လကြား အချိန်ယူရမည်ဟု ယုံကြည်သဖြင့် အလုပ်ရှာတွေ့မည့် အလားအလာမှာ နည်းပါးသည်။ အလုပ်လက်မဲ့ဖြစ်ခဲ့သည့် ယခင်အထည်ချုပ်လုပ်သား ဆယ်ဦးတွင် တစ်ဦးခန့်မှာ စိတ်ဓာတ်ကျနေပြီး အလုပ်အကိုင်လည်းမရှိသလို အလုပ်ရှာဖွေနေခြင်းလည်း မရှိပါ။

**ဖြေဆိုသူ ၇၆ ရာခိုင်နှုန်းခန့်က ၎င်းတို့၏ အိမ်ထောင်စုဝင်ငွေ ကျဆင်းသွားကြောင်း ဖြေဆိုခဲ့ကြပြီး ထိုသို့ ကျဆင်းသွားသည်မှာ အလုပ်လက်မဲ့ အထည်ချုပ်လုပ်သားဟောင်းများတွင် ၈၅ ရာခိုင်နှုန်းအထိ တိုးလာသည်ဟု ဆိုသည်။ အထည်ချုပ်လုပ်သားများရှိသည့် အိမ်ထောင်စုများတွင် အိမ်ထောင်စုဝင်ငွေလျော့နည်းခြင်းသည် လုပ်ခလစာ ကျဆင်းခြင်းကြောင့် (ငွေကြေးဖောင်းပွမှု မြင့်မားခြင်းကြောင့်ပါ) ဖြစ်သည်။** အလုပ်လက်မဲ့ အထည်ချုပ်လုပ်သားဟောင်းများသည် အခြားမိသားစုဝင်များ၏ ဝင်ငွေအပေါ်တွင် အများစုမှီခိုနေရပြီး ဤအိမ်ထောင်စုအမျိုးအစားများ၏ သုံးပုံနှစ်ပုံသည် ဆင့်ပွားဝင်ငွေအရင်းအမြစ်မရှိသည့်အတွက် ၎င်းတို့၏ဘဏ္ဍာရေးထိခိုက်လွယ်မှုကို တိုးမြင့်စေသည်။

**အထည်ချုပ်လုပ်သားများပါရှိသည့် အိမ်ထောင်စုများသည် စီးပွားရေးလှုပ်ခတ်မှု၏ သက်ရောက်မှုများကို ရင်ဆိုင်ရန်အတွက် အစားအစာမဟုတ်သော ထုတ်ကုန်များ ဝယ်ယူမှုကို လျှော့ချခြင်း၊ ပိုင်ဆိုင်မှုများကို ရောင်းချခြင်း သို့မဟုတ် ၎င်းတို့၏ စုဆောင်းငွေများအား အသုံးပြုခြင်းတို့ကို ပြုလုပ်ခဲ့ရသည်။** အစားအစာ မဟုတ်သော စားသုံးမှုကို လျှော့ချခြင်းသည် အဓိက ရင်ဆိုင်ဖြေရှင်းရေးယန္တရားတစ်ခုဖြစ်သည်။ အထည်ချုပ်လုပ်သားစစ်တမ်းတွင် အိမ်ထောင်စု ဆယ်စု၌ ကိုးစုက ဤဖြေရှင်းရေးနည်းဗျူဟာကို အသုံးပြုခဲ့သည်။ ယခင်သမိုင်း အချက်အလက်များအား စိစစ်ပိုင်းခြားမှုမှ ဖော်ပြထားသည့်အတိုင်း အစားအစာမဟုတ်သောသုံးစွဲမှုလျှော့ချသည့် အိမ်ထောင်စုအရေအတွက်သည် ပြီးခဲ့သောနှစ်နှစ်အတွင်း မြင့်တက်လာခဲ့သည်။ စားနပ်ရိက္ခာကဲ့သို့ မရှိမဖြစ် မလိုအပ်သော်လည်း ဤအိမ်အသုံးစရိတ်အပိုင်းတွင် ပုံမှန်လူနေမှုဘဝအတွက် လိုအပ်သောပစ္စည်းများ (ဥပမာ။ ။ကျန်းမာရေးစောင့်ရှောက်မှုအသုံးစရိတ်၊ လောင်စာဆီ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ) ပါဝင်သည်။ ထို့အပြင် အိမ်ထောင်စုများသည် အပိုဝင်ငွေရရှိရန် ပိုင်ဆိုင်မှု (ဥပမာ။ ရွှေနှင့် လက်ဝတ်ရတနာများ) ကို ရောင်းချကြသည်။ အချို့သောလူများသည် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ခြံမွေးတိရစ္ဆာန်များကို မဖြစ်မနေရောင်းချခဲ့ရသောကြောင့် ၎င်းတို့၏ ဝင်ငွေရှာဖွေနိုင်မှုအလားအလာကို လျော့ကျစေပြီး ပြန်လည်ထူထောင်ရေးအတွက် အလွန်စိန်ခေါ်မှုရှိလာကြသည်။ ကလေးသူငယ်များလည်း ဒုက္ခရောက်နိုင်ခြေရှိကြသည်။ ကလေးရှိသော အိမ်ထောင်စုများ၏ လေးပုံတစ်ပုံခန့် (စုစုပေါင်းနမူနာဦးရေ၏ ထက်ဝက်) သည် အစားအစာစားသုံးမှု လျော့နည်းသွားကြောင်း တင်ပြထားသည်။ ဤဖြေရှင်းရေးယန္တရားသည် အထူးသဖြင့် ကလေးနှစ်ယောက် သို့မဟုတ် နှစ်ယောက်ထက်ပိုသော အိမ်ထောင်စုများအကြားတွင် ပို၍အတွေ့များသည်။

**အလုပ်လက်မဲ့အထည်ချုပ်လုပ်သားဟောင်းများရှိသည့် အိမ်ထောင်စုများသည် အစားအစာ လျှော့စားခြင်းကဲ့သို့သော ရေရှည်မတည်တံ့နိုင်သည့် ဖြေရှင်းရေးယန္တရားများကို အသုံးပြုရန် အလားအလာ အများဆုံးဖြစ်သည်။** ဤတွေ့ရှိချက်သည် ၎င်းတို့၏ ဆိုးရွားသော စီးပွားရေးအခြေအနေများကို အလေးပေးဖော်ပြနေသည်။ အမှန်တကယ်အားဖြင့် အလုပ်လက်မဲ့လုပ်သားများရှိသော အိမ်ထောင်စုများ၏ သုံးပုံနှစ်ပုံခန့်သည် ဤဖြေရှင်းရေးယန္တရားကို အသုံးပြုကြသည်။ ထို့အပြင် ဤအိမ်ထောင်စုများသည် ထုတ်လုပ်စွမ်းအားရှိပိုင်ဆိုင်မှုများ (ဥပမာ။ မော်တော်ဆိုင်ကယ်များ) ကို ပို၍ ရောင်းချလာကြသောကြောင့် ထာဝရဆင်းရဲမွဲတေမှု ထောင်ချောက်ထဲတွင် ကျရောက်နိုင်သည့် အလားအလာရှိသည်။

**ဤဆိုးရွားသောအခြေအနေများ (ဥပမာ၊ ဝင်ငွေဆုံးရှုံးမှု၊ အပျက်သဘောဆောင်သည့် ဖြေရှင်းရေးနည်းဗျူဟာများ) သည် အထည်ချုပ်လုပ်သားများ၏ ဘဝအလားအလာ တစ်ခုလုံးအပေါ် သက်ရောက်မှုရှိနေသည်။** ဖြေဆိုသူအားလုံးနီးပါးသည် ၎င်းတို့သားသမီးများ၏ အနာဂတ်အတွက် စိုးရိမ်နေကြသည်။ ဖြေဆိုသူ ထက်ဝက်ခန့်သာ ၎င်းတို့၏ ရပ်ကွက်/ကျေးရွာများတွင် လုံခြုံသည်ဟု ခံစားရကြောင်း တင်ပြခဲ့သည်။ နောက်ဆုံးတွင် မိမိတို့၏ဘဝအား ကျေနပ်မှုရှိသူသည် ဖြေဆိုသူ သုံးဦးလျှင် တစ်ဦးထက် နည်းပါးသည် (အလုပ်လက်မဲ့ဖြစ်နေသော ဖြေဆိုသူများက ဘဝအပေါ် ကျေနပ်မှု သိသိသာသာပို၍ နည်းပါးသည်)။ ကိုဗစ်(၁၉) ကပ်ရောဂါမဖြစ်မီက ပြုလုပ်ခဲ့သော တစ်နိုင်ငံလုံးဆိုင်ရာ ကိုယ်စားပြုနိုင်သည့် စစ်တမ်း၏ တွေ့ရှိချက်များနှင့် နှိုင်းယှဉ်ပါက ဤအထည်ချုပ်ကဏ္ဍလုပ်သားများအား စိစစ်ပိုင်းခြားမှုတွင် ဘဝအလားအလာအားလုံး၌ ပိုမိုဆိုးရွားကြောင်း ဖော်ပြနေသည်။

**စီးပွားရေးနှင့် တစ်ကိုယ်ရေ မလုံခြုံမှုကြောင့် စစ်တမ်းဖြေဆိုသူအချို့သည် နေရပ်ရွှေ့ပြောင်းရန် ဦးတည်နိုင်သည်။** နမူနာအုပ်စုတွင် ဖြေဆိုသူ၏ ၅ ရာခိုင်နှုန်းခန့်သည် ပြန်လည်ရွှေ့ပြောင်းနေထိုင်သူများအဖြစ် သတ်မှတ်နိုင်သည်၊ ဆိုလိုသည်မှာ ၎င်းတို့သည် ကျေးလက်ဒေသများသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ကျေးလက်ဒေသများတွင် နေထိုင်ခြင်းက ပိုမိုလုံခြုံသည်ဟု အချို့က ခံစားရသော်လည်း ထိုသူများသည် အထည်ချုပ်စက်ရုံများအနီးတွင် ကျန်ရှိနေသူများထက် ဝင်ငွေနည်းပါးသည်။ အထူးသဖြင့် အထည်ချုပ်ကဏ္ဍသည် လက်ရှိအလုပ်သမားများ၏


အလုပ်အကိုင်ကိုအကာအကွယ်ပေးရန်ပျက်ကွက်ပါကငင်းသည်နောက်ထပ်ငွေလွှဲမှုများကိုလျော့ကျစေမည်ဖြစ်သည် (ကျွန်ုပ်တို့၏ ခန့်မှန်းချက်များအရ အမေရိကန်ဒေါ်လာ သန်း ၁၁၀ ကျဆင်းနိုင်သည်)။

**ဖြေဆိုသူအားလုံးနီးပါးသည် အလုပ်မှရပ်စဲခံရသောနှင့် အလုပ်ထုတ်ခံရသော အထည်ချုပ်လုပ်သားများအား ငွေသားတိုက်ရိုက်လွှဲပြောင်းပေးသည့် မြန်ကူအထောက်အပံ့ (ကိုဗစ်-၁၉ အလွန် အကောင်အထည်ဖော်ခဲ့သည့် အထည်ချုပ်လုပ်သားများအတွက် EU ၏ အထင်ကရ လူမှုရေးထောက်ပံ့မှုအစီအစဉ်) ကို ကြိုဆိုခဲ့ကြသည်။** ဖြေဆိုသူများ၏ ငါးပုံလေးပုံနီးပါးသည် မြန်ကူငွေကို အစားအသောက် ထုတ်ကုန်များဝယ်ယူရန် အသုံးပြုကြပြီး ကျန်တစ်ဆယ်ရာခိုင်နှုန်းသည် အိမ်ငှားခပေးဆောင်ခြင်းကဲ့သို့သော အခြားအိမ်သုံးစရိတ်များအတွက် အသုံးပြုကြသည်။ သို့သော် ဖြေဆိုသူအများစုက မြန်ကူသည် အိမ်တွင်းဘတ်ဂျက်အပေါ် တန်ဖိုးရှိသောအပိုဖြည့်စွက်မှုဖြစ်ကြောင်း ဖော်ပြသော်လည်း ငင်းသည် လူနေမှုအဆင့်အတန်း ကျဆင်းသွားခြင်းအား ခုနှိမ်ခြင်းမပြုပေ။

**အထည်ချုပ်ကုမ္ပဏီများအားပေးအပ်ထားသည့် အထူးအခွင့်အရေးများအား ဆက်လက်ပေးဆောင်သင့်သည်ဟု ဖြေဆိုသူ ကိုးဆယ့်ကိုးရာခိုင်နှုန်းက ဖော်ပြသည်။** ဤတွေ့ရှိချက်သည် ငင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ အလုပ်သမားများ၏ သဘောထားကို အကဲဖြတ်ထားသည့် စစ်တမ်းငယ်များနှင့် ကိုက်ညီပါသည်။

**မျှော်မှန်းထားသည့်အတိုင်းပင် ဝင်ငွေဆုံးရှုံးမှုကြောင့် အလုပ်ပြုတ်သွားသော အထည်ချုပ်လုပ်သားများသည် စစ်တမ်းပါ ညွှန်းကိန်းအားလုံးနီးပါးတွင် ပိုမိုဆိုးရွားသောကြောင့် (ပုံ-၁.၁) ငင်းတို့၏ အလုပ်အကိုင်များအား ထိန်းသိမ်းပေးနိုင်ခြင်း၏ အရေးပါမှုကို အလေးပေးဖော်ပြနေသည်။** တစ်နည်းဆိုရသော် သက်ဆိုင်ရာ အစိုးရများနှင့် ကုမ္ပဏီများသည် လက်ရှိ အထည်ချုပ်လုပ်သားများ၏ အလုပ်အကိုင်များကို အတတ်နိုင်ဆုံး အကာအကွယ်ပေးနိုင်ရန် အစွမ်းကုန် ကြိုးပမ်းသင့်သည်။ အခြားရွေးချယ်စရာနည်းလမ်းသည် ဝမ်းနည်းဖွယ်ကောင်းနိုင်သည်။ ယင်းမှာ အလုပ်သမားများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနေရာများသို့ ရောက်ရှိသွားကြပြီး ငင်းတို့၏ စားဝတ်နေရေးနှင့် ငင်းတို့မိသားစုများ၏ ကောင်းကျိုးချမ်းသာများအပေါ် ကြီးမားသော ဆိုးကျိုးသက်ရောက်မှုများ ရှိနိုင်သည်။

ပုံ (၁.၁)။ ယခင်နှင့်လက်ရှိ အထည်ချုပ်လုပ်သားများ၏ အမှန်တကယ်နှင့် ကိုယ်တိုင်ခံစားရသော ချမ်းသာသုခအတိုင်းအတာများ (ရာခိုင်နှုန်း)





**စစ်အာဏာသိမ်းပြီးကတည်းက မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းများ ရင်ဆိုင်နေရသော ယခင်ရှိပြီးသား အတားအဆီးများသည် ပိုမိုဆိုးရွားခဲ့ပါသည်။** အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဆိုင်ရာ စစ်တမ်းသည် လျှပ်စစ်ဓာတ်အားရရှိမှုက သိသာထင်ရှားစွာ ဆုတ်ယုတ်လာကြောင်း ဖော်ပြပေးသည်။ လုပ်ငန်းများစွာသည် မီးစက်များကို ဝယ်ယူခဲ့ရပြီး လောင်စာဆီဈေးနှုန်း မြင့်တက်သည်နှင့်အမျှ အမြတ်အစွန်းများ လျော့နည်းလာသည်။ အခြားသွင်းအားစုများ၏ ဈေးနှုန်းများ (ဥပမာ။ ကုန်ကြမ်းများ) နှင့် ၎င်းတို့ကို ရယူရာတွင် ရှည်လျားသော လုပ်ထုံးလုပ်နည်းများက ယခင်ကတည်းက ဆိုးရွားလှသော အခြေအနေကို ပိုမိုဆိုးရွားစေရန် ပေါင်းစပ်ပေးသည်။ ဘဏ်လုပ်ငန်းပြဿနာများနှင့် ငွေကြေးလက်လှမ်းမီမှု နည်းပါးခြင်းတို့သည် အထည်ချုပ်လုပ်ငန်းများ လက်ရှိကြုံတွေ့နေရသည့် နောက်ထပ်အတားအဆီးများဖြစ်သည်။

**လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပဋိပက္ခသည် စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်အပေါ် သက်ရောက်မှုရှိပြီး အထူးသဖြင့် အထည်ထုတ်လုပ်မှုကို ထိခိုက်စေပါသည်။** လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခကြောင့် ထိခိုက်မှုအရှိဆုံး စီးပွားရေးကဏ္ဍများကို အဆင့်သတ်မှတ်ရန် တောင်းဆိုသောအခါ စီးပွားရေးလုပ်ငန်းများက ထုတ်လုပ်မှုကဏ္ဍကို ထောက်ပြကြပြီး အထည်ဝယ်လိုအားက ၎င်း၏နောက်တွင်ရှိနေသည်။ ကိုရီးယားနှင့် ဂျပန်မှ အမှာစာများအပေါ် ထိခိုက်မှုနည်းသော်လည်း အမေရိကန်နှင့် ဥရောပမှ အမှာစာများမှာမူ လျော့နည်းလာကြောင်း သိရှိရသည်။ အထည်ဝယ်လိုအားနှင့် အထည်ထုတ်လုပ်မှု လျော့ကျခြင်း၏ တိုက်ရိုက်သက်ရောက်မှုအဖြစ် အလုပ်အကိုင်များလည်း ထိခိုက်မှုရှိကြောင်း အထည်လုပ်ငန်းများက ဆိုသည်။ အထည်ချုပ်လုပ်သားများအား စစ်တမ်းကောက်ယူမှုမှ တွေ့ရှိချက်များနှင့်အညီ အလုပ်ထုတ်ခံရသော အလုပ်သမားအချို့မှာ ဆောက်လုပ်ရေးလုပ်ငန်း (အမျိုးသားများ) နှင့် စိုက်ပျိုးရေး (အမျိုးသား၊ အမျိုးသမီး) ကဲ့သို့သော ကဏ္ဍများသို့ ရောက်ရှိသွားကြောင်း လုပ်ငန်းပိုင်ရှင်များက အတည်ပြုခဲ့သည်။

**လက်ရှိဖြစ်ပေါ်နေသောအခြေအနေကြောင့် လုပ်ငန်းများစွာသည် ၎င်းတို့လုပ်ငန်းဆောင်ရွက်သည့် ပုံစံကို မဖြစ်မနေ ပြင်ဆင်ခဲ့ရသည်။ ပြင်ဆင်မှုအချို့တွင် အလုပ်ချိန်အပြောင်းအလဲများ ပါဝင်သည်။** လျှပ်စစ်ဓာတ်အားရရှိမှု မတည်ငြိမ်ခြင်းသည် အချို့အလုပ်သမားများအား ပုံမှန်မဟုတ်သော အချိန်များ (လျှပ်စစ်မီးရရှိသည့်အချိန်တိုင်း) တွင် မဖြစ်မနေ လုပ်ငန်းဆောင်ရွက်ရသောကြောင့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် ကောင်းကျိုးချမ်းသာအပေါ် ထိခိုက်နိုင်ခြေ ရှိနေသည်။ ထို့အပြင် အလုပ်ရှင်အချို့သည် အမှာစာမပြီးမြောက်ခင် မိမိတို့၏ ကိုယ်ပိုင်စုဆောင်းငွေကို အသုံးပြု၍ အလုပ်သမားများအား ကြိုတင်ပေးချေကြသည်။ အထည်ချုပ်လုပ်သားများလည်း ရင်ဆိုင်ဖြေရှင်းနေရသကဲ့သို့ အထည်ချုပ်စက်ရုံ ပိုင်ရှင်အချို့သည် မိမိတို့၏ စီးပွားရေးလုပ်ငန်း ဆက်လက်လည်ပတ်နိုင်ရန်အတွက် ပိုင်ဆိုင်မှုများ (မြေ၊ ရွှေ၊ လက်ဝတ်ရတနာ နှင့် ခြံမွေးတိရစ္ဆာန်များ) အား မဖြစ်မနေ ရောင်းချခဲ့ရသည်။

**ပျမ်းမျှအားဖြင့် ဝန်ထမ်းများ၏ လေ့ကျင့်သင်ကြားမှုကို အချို့သော လုပ်ငန်းပိုင်ရှင်များက ကြိုဆိုကြသည်။** စီးပွားရေးလုပ်ငန်းစစ်တမ်းမှ တွေ့ရှိချက်များအရ စီးပွားရေးလုပ်ငန်းပိုင်ရှင်များသည် ဝန်ထမ်းများအား သင်တန်းပေးခြင်းအပေါ် သဘောထားနှင့် ပတ်သက်၍ အမျိုးအစားသုံးမျိုးရှိကြောင်း တွေ့ရှိရသည်။ ပထမအမျိုးအစားမှာ ထိုစိတ်ကူးအား အသေအချာကြိုဆိုခြင်းဖြစ်ပြီး ဒုတိယမှာ စိတ်ကူးအား ကြိုဆိုသော်လည်း ဝန်ထမ်းများအား အခြေခံသင်တန်းအဆင့်တစ်ခုကို ပေးအပ်ထားပြီးကြောင်း အသိပေးခြင်းဖြစ်သည်။ နောက်ဆုံးအမျိုးအစားမှာ သင်တန်းပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ယုံကြည်မှုကင်းမဲ့သူများဖြစ်ပြီး အချို့သောကျွမ်းကျင်မှုများ (ဥပမာ။ ရက်ကန်းရက်ခြင်း) သည် လုပ်ငန်းခွင်ပြင်ပတွင် သင်ယူရကြောင်း ဖော်ပြခဲ့သည်။

**လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများနှင့်အတူ အထည်ချုပ်ကဏ္ဍအတွက် ကာလတိုနှင့် ကာလလတ် အလားအလာမှာ စိတ်ပျက်ဖွယ်ဖြစ်သည်။** ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းစစ်တမ်းမှမေးမြန်းခဲ့သော အလုပ်ရှင်အများစုသည် အလုံးစုံ အခြေအနေအား မကြာမီကောင်းမွန်လာမည်ဟု မထင်ကြပေ။ အချို့သော စီးပွားရေးလုပ်ငန်းများသည် နိုင်ငံရေး အခြေအနေတိုးတက်မှုက စီးပွားရေးအတွက် မရှိမဖြစ် အရေးပါသည်ဟု ထင်မြင်ကြသည်။ ထိုအချက်ကြောင့် စီးပွားရေးလုပ်ငန်းအများစုသည် ရှင်သန်ကျော်လွှားနိုင်ရန်သာ ရိုးရိုးရှင်းရှင်း ရည်ရွယ်ကြသည်။ ဤအခြေအနေသည် ဘဏ်လုပ်ငန်းကဏ္ဍ ဖရိုဖရဲဖြစ်မှု (ဘဏ္ဍာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးကို သိသာထင်ရှားစွာ ပေါင်းထည့်ပေးခြင်း) နှင့် သွင်းကုန်ကန့်သတ်ချက်များကြောင့် ပိုမိုဆိုးရွားခဲ့ပြီး အမှာစာများပေးပို့ရန် လိုအပ်သည့်ရက်အရေအတွက်ကို တိုးမြင့်စေခြင်းဖြင့် လုပ်ငန်း၏ စုစုပေါင်းကုန်ကျစရိတ်ကို တိုးမြင့်လာစေပါသည်။ ထို့ကြောင့် အထည်ချုပ်လုပ်ငန်းများသည် မလုပ်နိုင်မကိုင်နိုင်ဖြစ်စေသည့် နိုင်ငံတွင်းမူဝါဒနှင့် အထည်ချုပ်ကဏ္ဍရှိ ဝယ်လိုအားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျော့ကျခြင်းနှင့် ယူကရိန်းပဋိပက္ခစသည့် ပြင်ပအချက်များအကြားတွင် အကျပ်ရိုက်နေသည်။

# ၁။ နိဒါန်း

ပြီးခဲ့သောဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်သို့ အသွင်ကူးပြောင်းမှုကို စတင်ခဲ့သည်။ ကုန်သွယ်ရေးပွင့်လင်းမြင်သာမှုနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ကျယ်ပြန့်သော အာရှနှင့် ပစိဖိတ်ဒေသတွင် မြန်မာနိုင်ငံကို အလျင်မြန်ဆုံး ကြီးထွားလာသော စီးပွားရေးတစ်ခုအဖြစ်သို့ ပြောင်းလဲခဲ့သည်။[၄] အထည်ချုပ်ကဏ္ဍသည် နိုင်ငံ၏စီးပွားရေး အသွင်ကူးပြောင်းမှုတွင် အခြေခံကျခဲ့သည်။ UN Comtrade မှ တရားဝင် စာရင်းအင်းများအရ အထည်အလိပ်နှင့် အဝတ်အထည်များသည် ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စုစုပေါင်းကုန်ပစ္စည်းတင်ပို့မှု၏ ၃၀ ရာခိုင်နှုန်းနီးပါး ရှိခဲ့သည်။[၅] ထို့အပြင် စက်မှုလုပ်ငန်းဆိုင်ရာ အချက်အလက်များအရ အထည်အလိပ်၊ အဝတ်အထည်နှင့် ဖိနပ်လုပ်ငန်းသည် မြန်မာနိုင်ငံ၌ ၂၀၁၆ ခုနှစ်တွင် အလုပ်သမား (၀.၃) သန်းသာရှိရာမှ ၂၀၁၈ ခုနှစ်တွင် အလုပ်သမား (၁.၁) သန်းကျော်ကို အလုပ်ခန့်ခဲ့သည်။[၆] ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ကမ္ဘာသို့ မြန်မာ့အဝတ်အထည် တင်ပို့မှုမှာ ၅၇ ရာခိုင်နှုန်းအထိ အထင်ကြီးလောက်ဖွယ် တိုးတက်လာခဲ့ကြောင်း သိရသည်။ EU သို့ မြန်မာ့အဝတ်အထည် တင်ပို့မှုသည် အထူးလျင်မြန်စွာ တိုးမြင့်လာသည် (နှစ်စဉ် ၉၇ ရာခိုင်နှုန်း)။[၇] ကိုဗစ်(၁၉) ကပ်ရောဂါ ပထမနှစ်တွင် နိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော အစီအမံများကြောင့် ပို့ကုန် တိုးတက်မှု အနည်းငယ်ကျဆင်းသွားသည်။[၈] ထို့အပြင် အာဏာသိမ်းပြီးနောက်ပိုင်း၊ အထူးသဖြင့် ပို့ကုန်တိုးတက်မှုနှင့် အထည်ချုပ်ကဏ္ဍ၏ ဘဏ္ဍာရေးဝင်ငွေဆိုင်ရာ အချက်အလက်များသည် ပြန့်ကျဲနေပြီး ရှာဖွေရခက်ခဲသည်။ မည်သို့ပင်ဆိုစေကာမူ အချို့သော လက်ရှိအထောက်အထားများအရ မြန်မာနိုင်ငံမှ အထည်တင်ပို့မှုသည် အထူးသဖြင့် ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံသို့ တင်ပို့မှုသည် လျော့ကျသွားကြောင်း ညွှန်ပြနေသည်။[၉] ထုတ်လုပ်မှုစရိတ် နည်းပါးခြင်း၊ EU (ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံအပါအဝင်)တွင် ဈေးကွက်ဝင်ရောက်မှုအတွက် အခွန်ကင်းလွတ်ခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည် ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း မြန်မာ့အထည်ချုပ်လုပ်ငန်း၏ အထင်ကြီးလောက်စရာတိုးတက်မှုအတွက် အဓိကအဆုံးအဖြတ်ပေးသော အချက်များဖြစ်ကြောင်းကို ကိုးကားဖော်ပြခဲ့ကြသည်။


အထည်ချုပ်စက်ရုံအများစုသည် ရန်ကုန်မြို့တွင် ရှိသောကြောင့် ဤလျင်မြန်စွာတိုးတက်မှုသည် ၂၀၁၇ ခုနှစ်တွင် နိုင်ငံတွင်း ဆင်းရဲမွဲတေမှုလူဦးရေ အနည်းဆုံးမြို့တွင် ပါဝင်စေခဲ့သည် (ပုံ – ၁.၂)။ ထို့အပြင် ကျွန်ုပ်တို့၏ MLCS (၂၀၁၇) ၏ ကိန်းဂဏန်းအချက်အလက်များအား စိစစ်ပိုင်းခြားမှုအရ ရန်ကုန်မြို့ရှိ အထည်ချုပ်လုပ်သားရှိသော အိမ်ထောင်စုများ၏ ဆင်းရဲမွဲတေမှုနှုန်းသည် ၂၀.၁ ရာခိုင်နှုန်းရှိကြောင်း (တစ်နိုင်ငံလုံးပျမ်းမျှထက် ငါးရာခိုင်နှုန်း နိမ့်ကျနေကြောင်း) ဖော်ပြနေပြီး မြန်မာနိုင်ငံအတွင်း လူနေမှုဘဝ တိုးတက်စေရာတွင် အထည်ချုပ်လုပ်ငန်း၏ အခန်းကဏ္ဍကို ထပ်မံ ထောက်ခံပေးနေသည်။

အထည်ချုပ်ကဏ္ဍ၏ အရွယ်အစားသည် (အလုပ်အကိုင်ပေးနိုင်မှုအရ) ကမ္ဘောဒီးယားနိုင်ငံနှင့် နှိုင်းယှဉ်နိုင်သော်လည်း အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့၏ အစိတ်အပိုင်းတစ်ခုသာဖြစ်သည်။ ပထဝီဝင်အနေအထားအရ အထည်ချုပ်ကဏ္ဍ၏ လေးပုံသုံးပုံသည် ရန်ကုန် (၃၀၂,၁၀၀)၊ မန္တလေး (၁၅၂,၅၀၀) နှင့် စစ်ကိုင်းတိုင်းဒေသကြီး (၈၇,၁၀၀) ဟူသော တိုင်းဒေသကြီး (၃) ခုတွင်သာ အလွန်အမင်း စုစည်းနေသည်။ ဖွံ့ဖြိုးဆဲအာရှနိုင်ငံအများစုတွင်ကဲ့သို့ပင် မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းတွင် လုပ်သားအင်အား ငါးဦးတွင် လေးဦးခန့် ရှိသော အမျိုးသမီးအများစုဖြင့် ဖွဲ့စည်းထားသည်။[၁၀] လက်ရှိအထောက်အထားများအရ အထည်ချုပ်လုပ်သားများသည် အဓိကအားဖြင့် ပညာအရည်ချင်းအကန့်အသတ်ရှိသော ငယ်ရွယ်သူများဖြစ်ကြောင်း ထောက်ပြနေသည်။

အလုပ်သမားများ၏ ပျမ်းမျှအသက်မှာ ၂၇ နှစ်သာ (ပျမ်းမျှအားဖြင့် အမျိုးသားအတွက် ၃၁ နှစ်နှင့် အမျိုးသမီးများအတွက် ၂၆ နှစ်) ဖြစ်သည်။ ငါးဦးလျှင် လေးဦးသည် မူလတန်းပညာရေးအောက်သို့မဟုတ် အများဆုံးအနေဖြင့် မူလတန်းအောင်အထိသာ ရှိကြောင်း သတိပြုဖွယ် တွေ့ရှိရသည်။[၁၁] မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံများ၏ ထက်ဝက်သည် နိုင်ငံခြားမှ ပိုင်ဆိုင်ကြသည်။ ထို့အပြင် မြန်မာနိုင်ငံသည် အရည်အသွေးမြင့်မားသော လုပ်ငန်းဆောင်တာနည်းပညာဆိုင်ရာအဝတ်အထည်များ (ဆိုလိုသည်မှာ ဂျာကင်နှင့် ကုတ်အင်္ကျီကဲ့သို့ အပြင်ဝတ်များ) ကို အထူးပြု ထုတ်လုပ်ပါသည်။ ၎င်းသည် ဈေးသက်သာသော ကိုယ်အပေါ်ပိုင်းဝတ်နှင့် ကိုယ်အောက်ပိုင်းဝတ်များကို တင်ပို့သည့် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားကဲ့သို့သော အခြားအထည်တင်ပို့သည့်နိုင်ငံများနှင့် ကွာခြားသည်။[၁၂] မကြာသေးမီအထိ အထည်ချုပ်ကဏ္ဍသည် EU နှင့် အမေရိကန် အပါအဝင် အကြီးမားဆုံးဈေးကွက်အချို့သို့ အခွန်လျှော့ချကာ ဝင်ရောက်ခွင့်ပြုခြင်းမှ အကျိုးအမြတ်ရရှိခဲ့သည် (ဇယား – ၁ ကိုကြည့်ရန်)။

၄ https://databank.worldbank.org/source/world-development-indicators [retrieved on the 20th of April 2022].
၅ https://shenglufashion.com/2021/02/03/a-snapshot-of-myanmars-apparel-industry-and-export.
၆ https://shenglufashion.com/2021/02/03/a-snapshot-of-myanmars-apparel-industry-and-export.
၇ https://shenglufashion.com/2021/02/03/a-snapshot-of-myanmars-apparel-industry-and-export.
၈ https://www.gnlm.com.mm/manufacturing-exports-shrink-to-3-13-bln-as-of-12-march.
၉ မြန်မာနိုင်ငံ EuroCham ရုံးနှင့် ဆက်သွယ်ပေးပို့မှု
၁၀ အာရှ-ပစိဖိတ် အထည်ချုပ်နှင့်ဖိနပ်ကဏ္ဍသုတေသနစာစောင်၊ အမှတ်(၆)၊ ၂၀၁၆ခုနှစ် နိုဝင်ဘာလ၊ ILO
၁၁ အာရှ-ပစိဖိတ် အထည်ချုပ်နှင့်ဖိနပ်ကဏ္ဍသုတေသနစာစောင်၊ အမှတ်(၆)၊ ၂၀၁၆ခုနှစ် နိုဝင်ဘာလ၊ ILO
၁၂ https://edepot.wur.nl/524911

ပုံ (၁.၂)။ ၂၀၁၇ ခုနှစ်ရှိ ဆင်းရဲနွမ်းပါးမှုနှုန်း




ရင်းမြစ်။ ။မြန်မာ့နေထိုင်မှုအခြေအနေစစ်တမ်း ၂၀၁၇ ခုနှစ်၊ ဆင်းရဲနွမ်းပါးမှုအစီရင်ခံစာ၊ UNDP မြန်မာ



ဇယား(၁)။ မြန်မာနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဖက်များနှင့် ကုန်သွယ်မှု ဆက်ဆံရေး

| နိုင်ငံ/ဒေသ | ကုန်သွယ်မှုဆက်ဆံရေး |
| --- | --- |
| ဥရောပသမဂ္ဂ (EU) | ၂၀၁၃ ခုနှစ်တွင် EU သည် မြန်မာနိုင်ငံအား လက်နက်မှလွဲ၍အရာအားလုံးထောက်ပံ့သည့်အစီအစဉ် (Everything But Arms – EBA) ၏ ကုန်သွယ်မှု ဦးစားပေးအမျိုးအစားအောက်တွင် ၎င်း၏အကောက်ခွန်သက်သာခွင့်အစီအစဉ် (Generalized System of Preferences – GSP) သို့ ပြန်လည်ထည့်သွင်းခဲ့သည်။ EBA ကုန်သွယ်မှုအထူးအခွင့်အရေးသည် ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အား လက်နက်နှင့် ခဲယမ်းမီးကျောက်မှလွဲ၍ ၎င်းတို့၏ ပို့ကုန်များအတွက် အရေးပါသော EU ဈေးကွက်များသို့ ဝင်ရောက်ရာတွင် အခွန်ကင်းလွတ်ခွင့်ကို ပေးဆောင်ထားသည်။ သို့ရာတွင် ကုလသမဂ္ဂ နှင့် ILO သဘောတူညီချက်တို့ကို လေးစားလိုက်နာခြင်းမရှိသောနိုင်ငံများတွင် အဆိုပါကင်းလွတ်ခွင့်များကို ဖယ်ရှားနိုင်သည်။ သဘောတူညီချက်များ။ လက်ရှိအချိန်တွင် EU သည် မြန်မာနိုင်ငံအတွက် ကုန်သွယ်မှု အခွန်ကင်းလွတ်ခွင့်ကို ပြောင်းလဲမှုမပြုသေးပါ။ |
| အမေရိကန် | အလုပ်သမားအခွင့်အရေးများကို အကာအကွယ်ပေးရာတွင် အစိုးရက လုပ်ဆောင်ခဲ့သည့် တိုးတက်မှုကို အသိအမှတ်ပြုရန်အတွက် မြန်မာနိုင်ငံ၏ GSP ကုန်သွယ်မှုအကျိုးကျေးဇူးကို အမေရိကန်အစိုးရက ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ပြန်လည်ပေးအပ်ခဲ့သည်။ GSP သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ပို့ကုန်လုပ်ငန်းရှင်များအား ၎င်းတို့၏ ပို့ကုန်များအပေါ် အခွန်အခများ လျှော့ကျစေခြင်း သို့မဟုတ် ကင်းလွတ်စေခြင်းဖြင့် ဈေးကွက်များသို့ ဝင်ရောက်ခွင့်ပြုပြီး ၎င်းတို့၏ စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးသည်။ သို့သော်လည်း မြန်မာနိုင်ငံတွင်း အကြမ်းဖက်မှုများ ပြင်းထန်လာခြင်းကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံသည် နှစ်နိုင်ငံကြား ချုပ်ဆိုထားသော ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်အရ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှုအားလုံးကို ၂၀၂၁ ခုနှစ် မတ်လတွင် ရပ်ဆိုင်းခဲ့သည်။ အမေရိကန်နိုင်ငံ၏ GSP သည် လက်ကိုင်အိတ်/ ကျောပိုးအိတ်/ ခရီးဆောင်အိတ် လုပ်ငန်းအတွက် အထူးအသုံးဝင်သည်။ ၎င်းသည် ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ အိတ်ထုတ်လုပ်မှုကို လျင်မြန်စွာ ကြီးထွားစေခဲ့ပြီး (စက်ရုံအသစ် ၅၀ ကျော်အား အတော်လျင်မြန်စွာဖြင့် တည်ထောင်ခဲ့သည်) ၂၀၂၀ ခုနှစ် ကပ်ရောဂါ၏ ဆိုးရွားသောထိခိုက်မှုနှင့် ၂၀၂၁ ခုနှစ် မတ်လ မူဝါဒအပြောင်းအလဲ၏ ပိုမိုဆိုးရွားသောထိခိုက်မှုကို ခံစားခဲ့ရသည်။ အိတ်လုပ်ငန်းသည် မြန်မာနိုင်ငံတွင် ဈေးကွက်ထဲသို့ မကြာသေးမီက ဝင်ရောက်လာရာ ထိုစက်ရုံများသည် ကပ်ရောဂါကြောင့် အထူးထိခိုက်ခဲ့ပြီး ထုတ်လုပ်မှုကို ရပ်တန့်ကာ လုပ်သားများအား ရပ်စဲခဲ့ရသည်။ |
| ဂျပန် | မြန်မာနိုင်ငံကို ဂျပန်နိုင်ငံက LDC အဆင့်သတ်မှတ်ထားပြီး အခွန် တစ်ဆယ်ရာခိုင်နှုန်းအထိ ကင်းလွတ်ခွင့်ပေးထားသည်။ |

သို့သော် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်အာဏာသိမ်းမှုဖြစ်ပွားခဲ့သောအခါ အထက်ပါအရာအားလုံး ရပ်တန့်သွားခဲ့သည်။ ယင်းအခြေအနေ၏ သက်ရောက်မှုများကို အထည်ချုပ်လုပ်သားများရောအထည်ချုပ်လုပ်ငန်းပိုင်ရှင်များပါ ဆက်လက်ခံစားနေကြရသည်။ စီးပွားရေးဘက်တွင်မူ UNDP မှ ဆောင်ရွက်ထားသော မြန်မာ့စီးပွားရေးဆိုင်ရာ လျင်မြန်သောအကဲဖြတ်မှုတစ်ခုတွင် အထည်ထုတ်လုပ်ရေးအတွက် ထုတ်လုပ်မှုနှင့် ဝယ်လိုအားနှစ်ခုစလုံးတွင် သိသာထင်ရှားစွာကျဆင်းသွားသည်ကို ညွှန်ပြနေသည်။[၁၃] (နိုင်ငံတကာ အဖွဲ့အစည်းများမှ ပြုလုပ်သော) အထည်ချုပ်ကဏ္ဍ၏ လျင်မြန်သော အကဲဖြတ်မှုများသည် ကနဦးလှုပ်ခတ်မှုများမှ တိုးတက်ဖြစ်ထွန်းရန် အစချီနေသည့် အစလက္ခဏာများကို တွေ့မြင်နေရသော်လည်း အထည်ချုပ်ကဏ္ဍသည် အပြည့်အဝ ပြန်လည် ဦးမော့လာရန် အလှမ်းဝေးနေသေးသည်။[၁၄] အဆိုပါ လှုပ်ခတ်မှုကြောင့် အလုပ်အကိုင်များ သိသိသာသာကျဆင်းခဲ့ပြီး ကနဦးခန့်မှန်းချက်များအရ စစ်အာဏာသိမ်းမှုကြောင့် အထည်ချုပ်ကဏ္ဍတွင် အလုပ်အကိုင် ၂၀၀,၀၀၀ ကျော် ဆုံးရှုံးခဲ့ပြီး ၎င်းသည် ဤလုပ်ငန်းကဏ္ဍရှိ စုစုပေါင်း အလုပ်အကိုင်၏ ၂၀ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။[၁၅]

ဆင်းရဲနွမ်းပါးမှုသည် နှစ်ဆမြင့်တက်လာဖွယ်ရှိပြီး[၁၆] (ယခင်ဆယ်စုနှစ်တွင် မှတ်တမ်းတင်ထားသည့် စီးပွားရေးတိုးတက်မှု၏ အကျိုးကျေးဇူးအားလုံးကို ဖယ်ရှားပစ်ကာ) အထည်ချုပ်ကဏ္ဍ လုပ်သားများနှင့် ၎င်းတို့မိသားစုများအပေါ် ထိခိုက်မှုများ ဖြစ်ပေါ်စေသည်။[၁၇] ဆင်းရဲနွမ်းပါးမှုအတွင်းနေထိုင်နေကြသော အိမ်ထောင်စုများသည် အသင့်မြတ်ဆုံးမဟုတ်သည့် ဖြေရှင်းရေးနည်းဗျူဟာများကို မဖြစ်မနေ အားထားလာကြပြီး (ဥပမာ။ ကလေးသူငယ်များ အစားအစာလျှော့စားခြင်း၊ ကလေးများအား ကျောင်းထုတ်ပစ်ခြင်း) နောက်မျိုးဆက်အပေါ် ထိခိုက်မှု ဖြစ်ပေါ်ကာ မြန်မာ့အိမ်ထောင်စုများစွာကို ထာဝရဆင်းရဲနွမ်းပါးမှု ထောင်ချောက်ထဲသို့ ဝင်ရောက်စေသည်။ စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုသည် အထည်ချုပ်ကဏ္ဍရှိ လစာ၊ အလုပ်ချိန်နှင့် လုပ်ငန်းခွင်အခြေအနေ တစ်ခုလုံးအပေါ် ကိုဗစ်(၁၉) ကပ်ရောဂါ၏ ရှိနေပြီးသော သက်ရောက်မှုများထက် ပို၍ ဆိုးရွားသည်။[၁၈]

၁၃ UNDP (၂၀၂၁), မြန်မာနိုင်ငံ ကြိမ်နှုန်းမြင့် ညွှန်းကိန်းများ၊ ပထမအကြိမ်အစီရင်ခံစာ၊ mimeo
၁၄ UND UNDP (၂၀၂၁), မြန်မာနိုင်ငံ ကြိမ်နှုန်းမြင့် ညွှန်းကိန်းများ၊ ဒုတိယအကြိမ်အစီရင်ခံစာ၊ mimeo
၁၅ https://www.myanmar-now.org/en/news/nearly-a-third-of-garment-industry-jobs-wiped-out-by-coup
၁၆ UNDP ၏ နောက်ဆုံးခန့်မှန်းချက်များအရ၊ ရန်ကုန်ကဲ့သို့သော မြို့ပြနယ်မြေများတွင် ဆင်းရဲမွဲတေမှုသည် သုံးဆထိမြင့်တက်လာနိုင်သည်။
၁၇ https://www.undp.org/press-releases/myanmar-urban-poverty-rates-set-triple-new-united-nations-survey-finds
၁၈ မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍအပေါ် ကိုဗစ်၁၉နှင့် ရှုပ်ထွေးသောအရေးပေါ်အခြေအနေများ၏ သက်ရောက်မှုများ" ၊ Centre for Economic and Social Development ၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလ၊ PPT ရှင်းလင်းတင်ပြမှု

# ၂။ ရည်မှန်းချက်များ

ဤနောက်ခံအကြောင်းများအရ ဤသုတေသနပြုလုပ်ချက်၏ ရည်မှန်းချက်နှစ်ခုရှိသည် –

(၁) အထည်ချုပ်လုပ်သားများ၏ ဘဝများ၊ ၎င်းတို့၏ ဝင်ငွေများ၊ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခအား ရင်ဆိုင်ဖြေရှင်းပုံနှင့် ၎င်းတို့ဘဝတစ်ခုလုံးအပေါ် အမြင်သဘောထားများအား အခြေအနေဆိုင်ရာ စိစစ်ပိုင်းခြားမှုတစ်ခုပြုလုပ်ရန်

(၂) လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပဋိပက္ခကြောင့် အထည်ချုပ်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများ (အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများ) ရင်ဆိုင်နေရသည့် အဓိကစိန်ခေါ်မှုများအား မှတ်တမ်းပြုစုရန်[၁၉]



[၁၉] ကိုဗစ်၁၉၏ သက်ရောက်မှုကိုခံစားနေရဆဲဖြစ်သော်လည်း စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုသည် ကပ်ရောဂါ၏သက်ရောက်မှုထက် ပို၍ဆိုးရွားသည်။ ကာကွယ်ဆေးတိုးတက်လာသည်နှင့်အမျှ ကိုဗစ်၁၉ ကို တဖြည်းဖြည်း ထိန်းချုပ်လာနိုင်သော်လည်း ဤလုပ်ငန်းကဏ္ဍအပေါ် စစ်အာဏာသိမ်းမှု၏ ဖိအားများ (ဥပမာအားဖြင့် အရေးယူပိတ်ဆို့မှု ပိုမိုကျယ်ပြန့်နက်ရှိုင်းလာခြင်း) သည် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

# ၃။ နည်းပညာများ

## ၃.၁။ ။အထည်ချုပ်လုပ်သားများနှင့် ယခင်လုပ်သားဟောင်းများ

အထည်ချုပ်လုပ်သားများအပေါ် စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုကို လက်ရှိနှင့် ယခင် အထည်ချုပ်လုပ်သား ၁၆၀၀ (အမျိုးသမီး ၁၂၀၀ နှင့် အမျိုးသား ၄၀၀) တို့အား တယ်လီဖုန်းဖြင့် စစ်တမ်းကောက်ယူကာ အကဲဖြတ်ခဲ့သည်။ မြန်မာနိုင်ငံရှိ EU ကိုယ်စားလှယ်ရုံးမှ ပေးအပ်သော မြန်ကူ လူမှုရေးအထောက်အပံ့ရရှိထားသည့် အထည်ချုပ်လုပ်သားများဖြင့် နမူနာအုပ်စုကို ဘောင်ခတ်ထားသည်။ မြန်ကူသည် မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်သားများအတွက် EU မှ စီမံခန့်ခွဲသည့် အထင်ကရ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်တစ်ရပ်ဖြစ်သည်။

နမူနာဘောင်တွင် မြန်ကူထံမှ ငွေလက်ခံရရှိသူ ၃၇၀၀၀ ခန့် ပါဝင်သည်။ ၎င်းတို့အနက် ၁၅၀၁၄ ဦးမှာ ရန်ကုန်မြို့ လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များရှိ အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်ကိုင်သော သို့မဟုတ် လုပ်ကိုင်ခဲ့ဖူးသော လုပ်သားများဖြစ်သည်။ နောက်ဆုံးနမူနာဘောင်တွင် အထောက်အပံ့ လက်ခံထားသူ ၂၃၉ ဦး သို့မဟုတ် ၎င်း၏အထက်ပါဝင်သည့် အထည်ချုပ်စက်ရုံများကိုသာ ထည့်သွင်းခဲ့သည်။ Myanmar Survey Research (MSR) သည် စနစ်ကျသည့် ကျပန်းရွေးချယ်မှုနည်းလမ်း (Systematic Random Selection Approach) ကို အသုံးပြု၍ ဖြေဆိုသူများအား ရွေးချယ်ခဲ့သည်။ အလုပ်သမားစာရင်းကို ကျား၊မ၊ စက်ရုံ၊ နာမည်တို့ဖြင့် ခွဲခြားထားသည်။

ကျား/မ တစ်အုပ်စုစီအတွက် စုစုပေါင်းနမူနာဘောင်ကို လိုအပ်သော နမူနာအရွယ်အစားဖြင့် ပိုင်းခြားထားပြီး N ကြိမ်မြောက်နံပါတ်တိုင်းကို အင်တာဗျူးဖြေဆိုရန် ရွေးချယ်ထားသည်။ ကျား/မကို မူရင်းနမူနာဘောင်တွင် ကုဒ် မထည့်ထားသောကြောင့် MSR သည် ဖိုင်တွဲရှိ အမည်ပေါ်အခြေခံ၍ ကျားမကို ကုဒ် လုပ်ထားသည်။

အချက်အလက်စုဆောင်းခြင်းကို ၂၀၂၂ ခုနှစ် မတ်လ ၁၁ ရက်မှ ၂၇ ရက်နေ့အတွင်း ပြုလုပ်ခဲ့သည်။ အင်တာဗျူး၏ပျမ်းမျှကြာချိန်သည် ၂၄ မိနစ်ဖြစ်ပြီး တုံ့ပြန်မှုနှုန်းမှာ ၇၅ ရာခိုင်နှုန်းဖြစ်သည်။ စိစစ်ပိုင်းခြားမှုတွင် ပုံစံနှစ်မျိုးဖြင့် ခွဲခြမ်းထားသည့် သရုပ်ဖော်ကိန်းဂဏန်း (descriptive statistics) ဖြင့် စုစည်းထားသည်။ ပထမဦးစွာ ဖြေဆိုသူများကို အမျိုးအစားသုံးမျိုးဖြင့် အုပ်စုဖွဲ့ခဲ့သည်-

(၁) လက်ရှိအထည်ချုပ်လုပ်သားများ

(၂) အခြားကဏ္ဍများတွင် အလုပ်ပြောင်းရွှေ့လုပ်ကိုင်ခဲ့သော အထည်ချုပ်လုပ်သားဟောင်းများ (ဥပမာ။ ။ မိမိကိုယ်တိုင် စီးပွားရေးအား စတင်ဆောင်ရွက်ခဲ့ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်ကိုင်နေခြင်း စသည်)

(၃) လက်ရှိအလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများ။



Project Fact Sheet

NEXUS RESPONSE MECHANISM | Funded by the European Union | Managed by UNOPS

**EU Myan Ku Fund**

**Quick facts**

| | |
|---|---|
| **Project name** | **EU Myan Ku Fund** |
| **Funded by** | European Union under Nexus Response Mechanism |
| **Budget** | 10 million EUR |
| **Duration** | April, 2020 – February, 2022 |
| **Lead agencies** | United Nations Office of Project Services (UNOPS)<br>sequa gGmbH<br>Wave Money |
| **Local partners** | MGMA - Myanmar Garment Manufacturers Association<br>CTUM - Confederation of Trade Unions Myanmar<br>CESD - Centre for Economic and Social Development<br>Pyi Gyi Khin<br>Opportunities NOW<br>Thone Pan Hla |
| **Unique cash disbursements in 2020** | 108,320 payments issued of which 99.9% distributed using mobile money |
| **Volume of cash disbursed in 2020** | 8.1 billion MMK / approx. 5 million EUR<br>*Wave Money provided services with no transfer fees and no service fees.* |
| **Estimated number of beneficiaries in 2020** | 60,000 factory workers, majority of which women migrant workers |
| **Support payment range** | 25,000 MMK minimum/month<br>125,000 MMK maximum/month |

**Major objectives**

Vulnerable factory workers, such as pregnant workers, internal migrants, and other workers with acute needs based on eligibility criteria, are supported with cash assistance during periods of unemployment and under-employment.

Migrant workers and pregnant workers receive counseling on nutritional behavior, as well as hygiene and financial literacy.

**Key activities**

- A call centre is established to process enrollment of approximately 70,000 beneficiaries for mobile money assistance.
- Project coordinates with employer organizations, civil society and trade unions to enroll unemployed workers for support.
- Project cooperates with the Social Security Board to explore joint actions to reduce economic hardship for unemployed factory workers during the CoVID-19 pandemic.
- Nutritional counseling is conducted with at least 2,000 pregnant workers, workers with young children and internal migrants.
- Project facilitates job matchmaking for unemployed workers and deployment of vocational training stipends.
- Research is conducted on the economic and social impact of CoVID-19 within the Myanmar garment sector and on Myan Ku's impact. Nutritional research is conducted with selected beneficiaries.

**Project implementation by...**

sequa gGmbH Partner of German Business | wave money

ဒုတိယအနေဖြင့် ခွဲခြမ်းစိတ်ဖြာမှုကို ကျား၊မ ဖြင့် စစ်ဆေးခဲ့သည်။

အချက်အလက်စုဆောင်းမှုအသေးစိတ်များကို နောက်ဆက်တွဲ (၂) တွင် အစီရင်ခံတင်ပြထားပါသည်။ မြန်ကူအစီအစဉ်တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်အချို့သည် ရန်ပုံငွေများ သိသိသာသာ ပိုမိုရရှိခဲ့ပါသည်။ ဤအုပ်စုခွဲအတွက် ဘဝကျေနပ်မှု၊ ဝင်ငွေအဆင့်၊ ရင်ဆိုင်ဖြေရှင်းရေးဗျူဟာများ စသည်တို့အပေါ် ၎င်းတို့၏ တုံ့ပြန်မှုများသည် သာမာန်လူထု၏ တွေ့ရှိချက်များနှင့် တိမ်းစောင်းနေပြီး စစ်တမ်းမေးခွန်းများအား ချိန်ညှိရန် အကြောင်းခိုင်လုံစေသည်။ မည်သို့ပင်ဆိုစေကာမူ ရရှိနိုင်သော ဆင့်ပွားအချက်အလက်များအပေါ် အခြေခံ၍ ကိုယ်ဝန်ဆောင် မိခင်များနှင့် နို့တိုက်မိခင်များအတွက် သီးသန့်အပိုင်းတစ်ခု ထည့်သွင်းထားပါသည်။

## ၃.၂။ အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ

အထည်ချုပ်လုပ်ငန်းများအပေါ် စစ်အာဏာသိမ်းယူမှု၏ အကျိုးသက်ရောက်မှုကို အရည်အသွေးဆိုင်ရာ အချက်အလက်များ စုဆောင်းမှုဖြင့် အကဲဖြတ်ခဲ့သည်။ အဖွင့်မေးခွန်းများပါဝင်သည့် စစ်တမ်းလွှာကို ကုမ္ပဏီ ၅၅ ခုသို့ ပေးဝေခဲ့ပြီး ၎င်းတို့အနက် ၄၅ ခုမှာ အထည်ချုပ်လုပ်ငန်းများဖြစ်သည်။ အထည်ချုပ်လုပ်ငန်းများနှင့် ဆက်စပ်နေသော ကဏ္ဍများအပေါ် စစ်အာဏာသိမ်းမှု၏ အကျိုးသက်ရောက်မှုကို အကဲဖြတ်ရန် ကျန်ကုမ္ပဏီများအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ လုပ်ငန်းကဏ္ဍသုံးရပ်အပေါ် အထူးအာရုံစိုက်၍ လေ့လာမှုပြုခဲ့သည် –

- လက်လီလုပ်ငန်း
- သယ်ယူပို့ဆောင်ရေး
- အထည်ချုပ်လုပ်ငန်းများမှ အလုပ်သမားများအား ဝန်ဆောင်မှုပေးခြင်း/ ဧည့်ဝတ်ကျေပွန်ခြင်း။

အထက်ဖော်ပြပါ အထည်ချုပ်လုပ်သားများ၏ စစ်တမ်းတွင် တွေ့ဆုံမေးမြန်းထားသည့် ကုမ္ပဏီအများစုသည် ရန်ကုန်မြို့နှင့် အနီးနားပတ်ဝန်းကျင်များတွင် အခြေစိုက်ကြသည်။ ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခ၏ အခြားတိုင်းဒေသကြီးများအပေါ် ကူးစက်သက်ရောက်မှုများကို တွက်ချက်ရန်အတွက် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကုမ္ပဏီများကိုလည်း နမူနာတွင် ထည့်သွင်းထားပါသည်။

အချက်အလက်ကောက်ယူခြင်းကို ၂၀၂၂ ခုနှစ် ဧပြီလနှင့် မေလအတွင်း အဖွင့်စစ်တမ်းမေးခွန်းလွှာကို အသုံးပြု၍ ဆောင်ရွက်ခဲ့သည်။ စစ်တမ်းမေးခွန်းလွှာကို ကုမ္ပဏီနှင့်စက်ရုံများအပေါ် စီးပွားရေးအကျပ်အတည်း၏ သက်ရောက်မှုဆိုင်ရာစာတမ်းတစ်ခုအပေါ် အခြေခံ၍ ပြုစုထားသည် (အသေးစိတ်ကို နောက်ဆက်တွဲ – ၁ တွင် ကြည့်ရှုရန်)။ ခြုံငုံကြည့်လျှင် အထည်ချုပ်လုပ်ငန်းအပေါ် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးမတည်ငြိမ်မှုများ၏ သက်ရောက်မှုများကို တိုင်းတာရန် ရည်ရွယ်၍ မေးခွန်းများကို မေးမြန်းထားသည်။ စစ်တမ်းတွင် ပါဝင်သည့်ခေါင်းစဉ်များမှာ – စီးပွားရေးလုပ်ကိုင်ရန် အတားအဆီးများ (ငွေကြေးလက်လှမ်းမီရရှိမှု အပါအဝင်)၊ အထည်ချုပ် လုပ်ငန်းများ၏ လုပ်ငန်းလည်ပတ်မှုအပေါ် စီးပွားရေးဆိုင်ရာ အတားအဆီးများ၏ သက်ရောက်မှု (ဥပမာ။ ။ ထုတ်လုပ်မှု၊ ဝယ်လိုအား၊ အလုပ်အကိုင်)၊ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပဋိပက္ခကြောင့် ထုတ်လုပ်မှု လုပ်ငန်းစဉ်များအပေါ် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများ၊ (အထည်ချုပ်လုပ်ငန်းများက ကျင့်သုံးခဲ့သည့် ဖြေရှင်းရေးယန္တရားများအပါအဝင်) ရေတိုနှင့် ကာလလတ်မှ ကာလရှည်တွင် အနာဂတ်အတွက် အလားအလာများ တို့ဖြစ်သည်။ စစ်တမ်းတွင် ပါဝင်သော မေးခွန်းအချို့သည် (အထက်ဖော်ပြပါ အထည်ချုပ်လုပ်သားများထံမှ အစပြုသည့် တွေ့ရှိချက်များနှင့် နှိုင်းယှဉ်ရန်အတွက်) လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခကြောင့် အလုပ်သမားများအပေါ် မည်သို့သက်ရောက်မှုရှိပုံကို အချက်အလက်များ ထုတ်ယူရန် ရည်ရွယ်ပါသည်။

လုပ်ငန်းအဆင့်အချက်အလက်များကို စိစစ်ပိုင်းခြားပြီး အဓိက အကြောင်းအရာများနှင့် အများစုတင်ပြလာသော ကိစ္စရပ်များအား အဓိကအုပ်စုများအဖြစ် အကျဉ်းချုပ်ဖော်ပြထားသည် –

(က) အထည်ချုပ်လုပ်ငန်းများ
(ခ) ဆက်စပ်လုပ်ငန်းများ

# ၄။ အထည်ချုပ်လုပ်သား စစ်တမ်း၏ ရလဒ်များ

## ၄.၁။ နမူနာပုံစံဖော်ပြချက်

နမူနာပုံစံ၏ ဖော်ပြချက်အား ဇယား (၄.၁) တွင် ဖော်ပြထားသည်။[၂၀] နမူနာပုံစံဒီဇိုင်းသည် အမျိုးသမီးနှင့် အမျိုးသားအချိုး စုစုပေါင်း ၇၅ ရာခိုင်နှုန်း/ ၂၅ ရာခိုင်နှုန်းကို ဖော်ပြပေးရန်ဖြစ်သည်။ အခြား ဖွံ့ဖြိုးဆဲနိုင်ငံများမှ ယခင်သုတေသနပြုချက်များ[၂၁]အပြင် အထက်ပါ နိဒါန်းကဏ္ဍတွင် ဖော်ပြထားသည့် အချက်အလက်များနှင့် ကိုက်ညီသည်မှာ အထည်ချုပ်လုပ်သားများ၏ ပျမ်းမျှအသက်သည် ၂၇ နှစ်ဖြစ်ပြီး အသက် ၃၀ အောက် လုပ်သားများသည် ၈၀ ရာခိုင်နှုန်း နီးပါးရှိသည်။

ဇယား (၄.၁)။ အလုပ်အကိုင်အခြေအနေအရ ခွဲခြားထားသော အထည်ချုပ်လုပ်သား စစ်တမ်းနမူနာပုံစံ (ရာခိုင်နှုန်း)

| | အထည်ချုပ်လုပ်သားများ | အခြားကဏ္ဍ လုပ်သားများ | လက်ရှိ အလုပ်လက်မဲ့ ဖြစ်နေသော ယခင်အထည်ချုပ် လုပ်သားဟောင်းများ |
|---|---|---|---|
| အမျိုးသမီး | ၇၇.၁ | ၅၀.၃ | ၈၀.၅ |
| အမျိုးသား | ၂၂.၉ | ၄၉.၇ | ၁၉.၅ |
| ပျမ်းမျှအသက် (နှစ်) | ၂၇ | ၂၈ | ၂၉ |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ | ၂၂.၂ | ၁၇.၇ | ၁၄.၄ |
| ပညာအရည်အချင်း | | | |
| မရှိ | ၀.၂ | ၀.၀ | ၀.၅ |
| မူလတန်းအောက် | ၅.၈ | ၂.၀ | ၇.၀ |
| မူလတန်း | ၃၈.၆ | ၂၆.၈ | ၃၇.၂ |
| အလယ်တန်း | ၄၁.၄ | ၅၀.၃ | ၃၈.၁ |
| အထက်တန်း | ၁၀.၂ | ၁၅.၀ | ၁၂.၆ |
| အထက်တန်းလွန် | ၃.၇ | ၅.၉ | ၄.၇ |
| အိမ်ထောင် ရှိ/မရှိ | | | |
| အိမ်ထောင်မရှိ | ၅၁.၁ | ၃၁.၄ | ၃၃.၀ |
| အိမ်ထောင်ရှိ | ၄၅.၁ | ၆၃.၄ | ၆၃.၇ |
| လင်မယားခွဲနေသော/ အိမ်ထောင်ဖက်သေဆုံးထားသော/ အိမ်ထောင်ကွဲနေသော | ၃.၈ | ၅.၂ | ၃.၃ |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၄.၄ | ၄.၀ | ၄.၅ |
| အိမ်ထောင်စုတစ်စုရှိ ပျမ်းမျှကလေးဦးရေ | ၀.၉ | ၀.၇ | ၁.၀ |

[၂၀] နမူနာပုံစံတစ်ခုလုံး၏ အမျိုးအစားသုံးခုခွဲခြမ်းမှု – (က) အထည်ချုပ်လုပ်သားများ (၇၇ ရာခိုင်နှုန်း)၊ (ခ) အခြားကဏ္ဍတွင်လုပ်ကိုင်နေသည့် ယခင်အထည်ချုပ်လုပ်သားဟောင်းများ (၉.၆ ရာခိုင်နှုန်း)၊ (ဂ) အလုပ်လက်မဲ့ဖြစ်နေသော ယခင်အထည်ချုပ်လုပ်သားဟောင်းများ (၁၃.၄ ရာခိုင်နှုန်း)

[၂၁] https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/---ilo-dhaka/documents/publication/wcms_754669.pdf

အထည်ချုပ်ကဏ္ဍတွင် မြင့်မားသော အထူးကျွမ်းကျင်မှုများ မလိုအပ်သောကြောင့် ဖြေဆိုသူအများစုသည် မူလတန်း သို့မဟုတ် အလယ်တန်းကျောင်းပြီးများဖြစ်ကြောင်း တွေ့ရှိရသည် (အထည်ချုပ်ကဏ္ဍတွင် လုပ်ကိုင်နေသူများ၏ ၈၀ ရာခိုင်နှုန်းခန့်)။[၂၂ ၂၃] ဖြေဆိုသူအများစုမှာ ငယ်ရွယ်သူများဖြစ်သောကြောင့် ၎င်းတို့ ထက်ဝက်ခန့်က အိမ်ထောင်မရှိသူများဖြစ်ကြသည်မှာ အံ့အားသင့်ဖွယ် မဟုတ်ပေ။ ထို့အပြင် အိမ်ထောင်စုတစ်စုရှိ ပျမ်းမျှကလေးဦးရေသည် (၁) အောက် လျော့နည်းသည်။ အမျိုးသမီးများနှင့် အမျိုးသား နမူနာပုံစံခွဲများအပေါ် ထပ်တလဲလဲ ခွဲခြမ်းလိုက်သောအခါတွင်လည်း အလားတူရလဒ်များပင် ရရှိသည် (နောက်ဆက်တွဲ ၂ - ဇယား က-၁)။ ယေဘုယျအားဖြင့် နမူနာပုံစံတွင် သမဂ္ဂအဖွဲ့ဝင်ဖြစ်သူနည်းပါးပြီး အလုပ်သမား အမျိုးအစား သုံးမျိုးအနက် အနည်းငယ် ကွဲပြားမှုသာရှိသည် (သမဂ္ဂအဖွဲ့ဝင် ဖြစ်သူသည် အလုပ်သမား ဆယ်ဦးလျှင် တစ်ဦးထက် လျော့နည်းသည်)။[၂၄]

## ၄.၂။ အထည်ချုပ်ကဏ္ဍအတွက် အထူးကုန်သွယ်မှုအခွင့်အရေးများအပေါ် သဘောထားအမြင်

နိဒါန်းတွင်ဖော်ပြထားသည့်အတိုင်း ပြီးခဲ့သောဆယ်စုနှစ်အတွင်း အထည်ချုပ်ကဏ္ဍ တိုးတက်လာမှု၏သော့ချက်မှာ စီးပွားရေးပိတ်ဆို့မှုများ ရုတ်သိမ်းခြင်းနှင့် EU ၏ အကောက်ခွန်သက်သာခွင့်အစီအစဉ် (GSP) အား ပြန်လည်ထိန်းသိမ်းခြင်းတို့ဖြင့် မြန်မာနိုင်ငံအား EU ဈေးကွက်များသို့ ပိုမိုကောင်းမွန်စွာဝင်ရောက်ခွင့်ပေးခဲ့ခြင်းပင်ဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ၌ စစ်အာဏာသိမ်းပြီးကတည်းက အထည်ချုပ်ကဏ္ဍအပေါ် အရေးယူပိတ်ဆို့မှုများအား နက်ရှိုင်းကျယ်ပြန့်စွာ ပြုလုပ်ရန် တောင်းဆိုမှုများ ရှိလာခဲ့သည်။ ၎င်းနှင့်အတူ ဦးစားပေး ဝင်ရောက်ခွင့်အား ဖယ်ရှားရန်တောင်းဆိုမှုများလည်း ရှိလာခဲ့သည် (အကျိုးခံစားခွင့်အား ဖယ်ရှားပြီး အရေးယူပိတ်ဆို့မှုအား ပြဋ္ဌာန်းခြင်းကို ဆိုလိုသည်)။

မြန်မာနိုင်ငံတွင် ထူးခြားသော တုံ့ပြန်မှုနှစ်ခု ထွက်ပေါ်လာသည်။ တစ်ဖက်တွင် အလုပ်သမားသမဂ္ဂအချို့သည် နိုင်ငံခြားဖက်ရှင်ကုမ္ပဏီများနှင့် အစိုးရများအား စစ်တပ်ကို ဖိအားပေးရန်အတွက် ဤကဏ္ဍနှင့် ကုန်သွယ်ရေးဆက်ဆံမှုကို ဖြတ်တောက်ရန် တိုက်တွန်းထားသည်။[၂၅] တစ်ဖက်တွင်မူ ပြင်းထန်သော ပိတ်ဆို့မှုများ ချမှတ်ရေးနှင့် အထူးအခွင့်အရေးများ ဖယ်ရှားရေးတို့အပေါ် ဝေဖန်သူများက ပိုမိုနက်ရှိုင်းသော စီးပွားရေး အရေးယူပိတ်ဆို့မှုများသည် အထည်ချုပ်ကဏ္ဍအား နောက်ပြန်လှည့်၍မရသော ပျက်စီးမှုများကို ဖြစ်ပေါ်စေနိုင်ပြီး အလုပ်သမားများကို နောက်ထပ် အန္တရာယ်များဖြစ်စေနိုင်သည်ဟု အကြံပြုထားသည်။[၂၆]

အလုပ်လက်မဲ့ဖြစ်မည်ကို စိုးရိမ်သောကြောင့် ဖြေဆိုသူ ၉၉ ရာခိုင်နှုန်းက အထည်ချုပ်ကုမ္ပဏီများအား ပေးအပ်သည့် အထူးအခွင့်အရေးများကို ဆက်လက်ပေးအပ်သင့်ကြောင်းဖော်ပြထားသည်။ ထိုသို့ဖော်ပြထားသည်မှာ အလုပ်သမားအမျိုးအစားသုံးမျိုးနှင့် ကျား/မ အကြား ကွဲပြားမှုမရှိကြောင်း တွေ့ရှိသည်။ ယခင်က အလုပ်သမား ၄၀၀ (အထည်ချုပ်နှင့် ဖိနပ်စက်ရုံများမှ ၂၉၀ ဦး၊ အချို့မှာ အလုပ်လက်မဲ့ဖြစ်နေ) ကို စစ်တမ်းကောက်ယူခဲ့ရာ ၉၇ ရာခိုင်နှုန်း သည် ပိုမိုကျယ်ပြန့်သော ပိတ်ဆို့မှုများအတွက် သမဂ္ဂများ၏ လှုပ်ရှားမှုကို မထောက်ခံခဲ့ကြောင်း တွေ့ရှိခဲ့သည်။[၂၇]

## ၄.၃။ အထည်ချုပ်လုပ်သားများ၏ ဝင်ငွေအပေါ် စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုများ

စစ်အာဏာသိမ်းပြီးကတည်းကပေါ်ပေါက်လာသောအထောက်အထားများအရ အထည်ချုပ်လုပ်သားများအပါအဝင် ကဏ္ဍအားလုံးရှိ မြန်မာနိုင်ငံ အလုပ်သမားများ၏ ဝင်ငွေကျဆင်းသွားကြောင်း တွေ့ရှိရသည်။[၂၈] ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကတည်းက အထည်ချုပ်ကဏ္ဍရှိ ဝင်ငွေပြောင်းလဲမှုများကို မေးခွန်းနှစ်စုံဖြင့် အကဲဖြတ်ထားသည် - (၁) အလုပ်သမားနှစ်မျိုး (အထည်ချုပ်လုပ်သားများနှင့် လက်ရှိအခြားကဏ္ဍများတွင် လုပ်ကိုင်နေသော ယခင်အထည်ချုပ်လုပ်သားများ) ၏ တစ်ဦးချင်းဝင်ငွေဆိုင်ရာ မေးခွန်းများနှင့် (၂) အိမ်ထောင်စုအဆင့်ဝင်ငွေဆိုင်ရာ မေးခွန်းများ။ (လက်ရှိ) အထည်ချုပ် လုပ်သားများနှင့် ယခင်အထည်ချုပ်လုပ်သားများ၏ ဝင်ငွေများအား လက်ရှိတန်ဖိုး (nominal terms) များဖြင့် မေးမြန်းထားသောကြောင့် ငွေကြေးဖောင်းပွမှုနှုန်းကို ထည့်သွင်းတွက်ချက်ရန် ထပ်လောင်း ချိန်ညှိမှုများ ပြုလုပ်ခဲ့သည်။[၂၉]

ပုံ (၄.၁) တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ အထည်ချုပ်ကဏ္ဍနှင့် အခြားကဏ္ဍလုပ်သားများ၏ ဝင်ငွေကျဆင်းမှုအား ပုံမှန်တန်ဖိုး (real terms) ဖြင့် ဖော်ပြထားသည်။ ပျမ်းမျှအားဖြင့် ကျွန်ုပ်တို့၏ စစ်တမ်းတွင် အထည်ချုပ်လုပ်သားများ၏ နေ့စဉ်ဝင်ငွေသည် ကျပ်ငွေ ၃၀၀ ခန့် (၆ ရာခိုင်နှုန်းခန့်) ကျဆင်းသွားပြီး အခြားကဏ္ဍမှ လုပ်သားများမှာမူ ၃၄ ကျပ် (၁ ရာခိုင်နှုန်းအောက်) သာ ကျဆင်းသွားသည်။

---

၂၂ ဤအချက်အချို့သည် မြန်မာနိုင်ငံမှ လက်ရှိအထောက်အထားများနှင့် ကွဲပြားနေသည်။ Centre for Economic and Social Development မှ ပြုစုထားသည့် လတ်တလော အစီရင်ခံစာအရ အထည်ချုပ်လုပ်သားအများစုသည် အလယ်တန်း သို့မဟုတ် အထက်တန်းကို ပြီးစီးခဲ့ပြီးဖြစ်သည်။ ဤကွာခြားမှုအချို့သည် လုပ်ဆောင်ချက်၌ အသုံးပြုသည့် နမူနာပြုခြင်းနည်းလမ်းများ ကွာခြားမှုကြောင့်ဖြစ်နိုင်သည်။

၂၃ ဤရလဒ်များသည် ၈၄ရာခိုင်နှုန်းသော အထည်ချုပ်လုပ်သားများက အလယ်တန်း သို့မဟုတ် အလယ်တန်းအောက်ကို ပြီးစီးခဲ့ပြီးဖြစ်ကြောင်း ဖော်ပြထားသော MLCS ၂၀၁၇ ခုနှစ်၊ အထည်ချုပ်လုပ်သားပေါင်း ၅၈၉ ဦး၏ ယေဘုယျ ပညာရေးအဆင့်နှင့် နှိုင်းယှဉ်နိုင်သည်။

၂၄ လတ်တလော CESD သုတေသန၏ တွေ့ရှိချက်၊ သမဂ္ဂအဖွဲ့ဝင် ၆ ရာခိုင်နှုန်းနှင့် ဆင်တူသည်။

၂၅ https://www.reuters.com/article/us-myanmar-crisis-workers-idUSKBN2IS012


၂၆ https://www.openlynews.com/i/?id=885e5aed-c12d-4bac-9417-fb89eb043d31

၂၇ https://www.reuters.com/article/us-myanmar-crisis-workers-idUSKBN2IS012

၂၈ https://www.asia-pacific.undp.org/content/rbap/en/home/library/sustainable-development/myanmar-people-pulse-survey- report-2021.html

၂၉ ၂၀၂၂ လုပ်အားခများကို ငွေကြေးဖောင်းပွမှုကြောင့် ၂၀၂၁ အခြေအနေအရ ဖော်ပြရန်အတွက် ပြန်လည်ပြင်ဆင်ထားသည်။ ဤနည်းဖြင့် ငွေကြေးဖောင်းပွမှုခန့်မှန်းချက် (IMF) ၆.၅ ရာခိုင်နှုန်းကို ၂၀၂၂ ဧပြီလ ၁၄ ရက်နေ့အရ အသုံးပြုထားသည်။

ပုံ (၄.၁)။ **အထည်ချုပ်ကဏ္ဍနှင့် အခြားကဏ္ဍလုပ်သားများ၏ ပုံမှန်တန်ဖိုးအရ နေ့စဉ် ပျမ်းမျှလုပ်အားခ (ကျပ်)**





လက်ရှိပျမ်းမျှလုပ်အားခ ၄၈၀၀ ကျပ်သည် ဤလေ့လာမှုကာလတွင် မပြောင်းလဲဘဲ ရှိနေသော်လည်း ငွေကြေးဖောင်းပွမှု ဖိအားများ မြင့်တက်လာခြင်းသည် အနိမ့်ဆုံးလုပ်အားခ၏ ပျမ်းမျှဝယ်ယူနိုင်စွမ်းကို ထိခိုက်နေပါသည်။

အထည်ချုပ်လုပ်သားများကို အာရုံစိုက်သောအခါ (ပုံ-၄.၂) အမျိုးသမီးများနှင့် အမျိုးသား နှစ်ဦးစလုံး၏ လုပ်ခလစာများ အမှန်တကယ် ကျဆင်းသွားကြောင်း ပေါ်လွင်နေသည်။ ပုံ (၄.၂) သည် နိုင်ငံရေး ပဋိပက္ခအတွင်း ကျား/မ လစာကွာဟမှု ဆက်လက်ရှိနေကြောင်း ဖော်ပြထားသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ဖြစ်ရပ်များ မတိုင်မီကပင် အထည်ချုပ်ကဏ္ဍတွင် ကျား/မ လစာကွာဟမှု (၉) ရာခိုင်နှုန်းရှိကြောင်း အထောက်အထားများက ညွှန်ပြထားသည်။[20] လက်ရှိစာတမ်းများတွင် မှတ်တမ်းတင်ထားသည့်အတိုင်း ဤ ကျား/မ လစာကွာဟမှုသည် အလုပ်အကိုင်ကဏ္ဍကြောင့် ဖြစ်ပြီး အမျိုးသမီးများသည် လစာနည်းပါးသော ကဏ္ဍများတွင် လုပ်ငန်းလုပ်ကိုင်ကာ အနည်းဆုံး အခကြေးငွေခန့်သာ ရရှိကြသည်။[21]

ပုံ (၄.၂) တွင်ပြထားသည့် ကျား/မ လစာကွာဟချက်သည် တူညီသော နယ်ပယ်တွင် ဆက်လက်တည်ရှိနေသည်။


ပုံ (၄.၂)။ **ကျား/မ အလိုက် အထည်ချုပ်လုပ်သားများအတွက် ပုံမှန်တန်ဖိုးအရ ပျမ်းမျှနေ့စဉ်လုပ်အားခ (ကျပ်)**




[20] https://www.ilo.org/wcmsp5/groups/public/---ed_protect/---protrav/---travail/documents/publication/wcms_535188.pdf

[21] ၂၀၁၇ ခုနှစ် မြန်မာ့နေထိုင်မှုအခြေအနေစစ်တမ်းမှ တွေ့ရှိချက်များအရ အမျိုးသမီးများက စိုက်ပျိုးရေးနှင့် လစာနိမ့်ကျသော ကဏ္ဍများတွင် စုစည်းနေသောကြောင့် ၄၄ ရာခိုင်နှုန်းသော အမျိုးသမီးများသည် အနိမ့်ဆုံးလစာကို သို့မဟုတ် ၎င်းထက်ပို၍နည်းပါးစွာ ရရှိကြသည်။


ပုံ(၄.၃)။ ကျား/မ အလိုက် အခြားကဏ္ဍများတွင် လုပ်ကိုင်နေသော အလုပ်သမားများအတွက် ပုံမှန်တန်ဖိုးအရ နေ့စဉ်ပျမ်းမျှလုပ်အားခ (ကျပ်)




အခြားကဏ္ဍများတွင် လုပ်ကိုင်နေသည့် အထည်ချုပ်လုပ်သားဟောင်းများအတွက်လည်း ကျား/မ လစာ ကွာဟချက်မှာ ဆက်လက်ရှိနေသည် (ပုံ-၄.၃)။ ပုံ (၄.၃) တွင် အမျိုးသမီးများအတွက် ပျမ်းမျှလုပ်ခလစာသည် ပုံမှန်တန်ဖိုးအရ လျော့ကျသွားသော်လည်း စစ်တမ်းပါ အမျိုးသားအချို့သည် ပိုမိုအကျိုးအမြတ်ရှိသော ကဏ္ဍများသို့ ပြောင်းရွှေ့သွားကြောင်း ဖော်ပြပေးသည်။


ပုံ (၄.၄) သည် စစ်တမ်းပါ အထည်ချုပ်လုပ်သားဟောင်းများအား အလုပ်အကိုင်ရရှိစေသည့် ကဏ္ဍများကို စုစည်းထားသည်။ အထည်ချုပ်လုပ်သားဟောင်းများ ငါးပုံတစ်ပုံခန့်သည် ကျပန်းအလုပ် (တောက်တိုမည်ရ အလုပ်များ) ကို လုပ်ကိုင်ရန် ဦးတည်ခဲ့သည်။ အခြားငါးပုံတစ်ပုံသည် စွန့်ဦးတီထွင်လုပ်ငန်းကို စတင်လုပ်ကိုင်ကြပြီး ဆယ်ဦးတွင် တစ်ဦးခန့်သည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။[၂၇] အထည်ချုပ်လုပ်သားဟောင်းအချို့ (အများစုမှာ အမျိုးသားများ) သည် ဆောက်လုပ်ရေးကဏ္ဍသို့ ပြောင်းရွှေ့သွားကြသည်။

ပုံ (၄.၄)။ ယခင်အထည်ချုပ်လုပ်သားဟောင်းများ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းကဏ္ဍများ (ရာခိုင်နှုန်း)




၂၇ Gustavo Nicolas Paez ၊ မြတ်စုသင်း (၂၀၂၁)၊ "မြန်မာနိုင်ငံလုပ်သားအင်အားရှိ ကျား၊မ အခြေပြု ကွာခြားချက်များ" ၊ World Development Perspectives အပိုင်း(၂၁)၊ ၂၀၂၁။

ပုံ (၄.၅)။ ယခင်အထည်ချုပ်လုပ်သားဟောင်းများ လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းကဏ္ဍများ၊ ကျား/မ အလိုက် (ရာခိုင်နှုန်း)




ပုံ (၄.၅) သည် လုပ်ငန်းကဏ္ဍပါဝင်မှုတွင် ကျား/မ အလိုက် သိသာထင်ရှားသော ခြားနားချက်ရှိကြောင်း ပြသနေသည်။ ဥပမာအားဖြင့် အမျိုးသားများ(၂၉.၉ရာခိုင်နှုန်း)ထက်ပိုမိုများပြားသောအမျိုးသမီးများ (၂.၆ ရာခိုင်နှုန်း) သည် လုပ်ငန်းရှင်များဖြစ်လာသော်လည်း ပိုမိုများပြားသော အမျိုးသားများသည် ကျပန်းလုပ်သားအဖြစ်သို့ ရွှေ့ပြောင်းလာကြသည် (အမျိုးသား ၃၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၄ ရာခိုင်နှုန်း)။

ဤလုပ်ငန်းကဏ္ဍများတွင် အလုပ်သမားများ၏ လုပ်အားခများသည် ကျား/မ အလိုက် ကွဲပြားမှုရှိသည်။ ဤအချက်သည် ပုံ(၄.၃)တွင် ဖော်ပြထားသည့်အတိုင်း ကျား/မ အလိုက် ပျမ်းမျှဝင်ငွေကွာခြားချက်များကို ရှင်းပြပေးသည်။ ဥပမာအားဖြင့် ဆောက်လုပ်ရေးကဏ္ဍတွင် ပျမ်းမျှလစဉ်လုပ်အားခမှာ အကြမ်းဖျင်းအားဖြင့် မြန်မာငွေ ၃၀၀,၀၀၀ ကျပ် ရှိသည် (အထည်ချုပ်ကဏ္ဍ၏ ပျမ်းမျှလုပ်ခထက် သုံးဆခန့် မြင့်မားသည်)။[၃၃ ၃၄] အခြားကဏ္ဍများကဲ့သို့ ထိခိုက်မှုရှိသော်လည်း ဆောက်လုပ်ရေးကဏ္ဍတွင် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများရှိပြီး အများစုမှာ အသေးစားစီမံကိန်းများဖြစ်သည်။[၃၅]

## ၄.၄။ လက်ရှိအလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများ – လှုပ်ရှားမှုများနှင့် အလုပ်ရှာဖွေမှု

လက်ရှိအလုပ်လက်မဲ့ဖြစ်နေသောဖြေဆိုသူများသည်ဝင်ငွေမရရှိသဖြင့် ၎င်းတို့၏ လက်ရှိလှုပ်ရှားမှုများ (ဥပမာ။ အလုပ်ရှာခြင်း၊ အိမ်တွင်းအလုပ်တွင် ပါဝင်ဆောင်ရွက်ခြင်း) နှင့် ၎င်းတို့၏ အလုပ်ရှာဖွေရေးအလားအလာများ အကြောင်းကို မေးမြန်းခဲ့ပါသည်။ စစ်အာဏာသိမ်းပြီးနောက် ပထမခြောက်လအတွင်း အလုပ်အကိုင် ၂၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့ပြီး ယင်းအလုပ်များအနက် ၈၆ ရာခိုင်နှုန်းမှာ အမျိုးသမီးများ၏ အလုပ်များဖြစ်ကြောင်း ILO က ယခင်က ခန့်မှန်းခဲ့သည်။

ပုံ(၄.၆)သည် လက်ရှိအလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများ၏ လက်ရှိလုပ်ဆောင်မှုတွင် ကျားမကွဲပြားမှုများကို မှတ်တမ်းတင်ထားသည်။ အမျိုးသားများ၏ လေးပုံသုံးပုံ (၇၆.၂ ရာခိုင်နှုန်း) သည် အလုပ်တစ်ခုကို တက်တက်ကြွကြွ ရှာဖွေနေကြပြီး အမျိုးသမီး သုံးပုံတစ်ပုံ (၃၅.၃ ရာခိုင်နှုန်း) ကသာ အလုပ်ရှာနေကြသည်။

[၃၃] အထည်ချုပ်ကဏ္ဍ၏ ပျမ်းမျှလုပ်အားခကို အနိမ့်ဆုံး တစ်နေ့လုပ်အားခ (၄၈၀၀ ကျပ်၊ တစ်လလျှင် အလုပ်ရက်ပေါင်း ၂၂ ရက်) ကို အသုံးပြု၍ တွက်ချက်ထားသည်။

[၃၄] http://www.salaryexplorer.com/salary-survey.php?loc=148&loctype=1&job=17&jobtype=1


[၃၅] ဆောက်လုပ်ရေးကဏ္ဍအပေါ် စစ်အာဏာသိမ်းမှု၏ သက်ရောက်မှုအတွက် နောက်ထပ်အသေးစိတ်များကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်၊ ကြိမ်နှုန်းမြင့်ညွှန်းကိန်းအစီရင်ခံစာများတွင် ဖော်ပြထားသည်။

[၃၆] https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/---ilo-yangon/documents/publication/wcms_814681.pdf

[၃၇] https://www.hiringlab.org/2022/03/08/job-search-gender-survey-childcare/

[၃၈] ထို့အပြင် လက်ရှိအထောက်အထားများအရ အမျိုးသမီးများအကြား အရေးတကြီး အလုပ်ရှာမနေခြင်းအတွက် အခြားအကြောင်းရင်းတစ်ခုမှာ ကလေးစောင့်ရှောက်နေရသောကြောင့် ဖြစ်သည်။ (https:// www.hiringlab. org/2022/03/08/job-search-gender-survey-childcare/)

ပုံ(၄.၆)။ အလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများ၏ ကျား/မ အလိုက် လက်ရှိလှုပ်ရှားမှုများ (ရာခိုင်နှုန်း)




အလုပ်လက်မဲ့အမျိုးသားများသည် ဘဏ္ဍာရေးမတည်ငြိမ်မှုများကြောင့်ရော ယေဘုယျအားဖြင့် အိမ်ထောင်စုတစ်ခုတွင် အဓိကဝင်ငွေရှာသူဖြစ်နေခြင်းကြောင့်ပါ အလုပ်ကို ပိုမိုတက်ကြွစွာ ရှာဖွေကြသည်။ ဆန့်ကျင်ဘက်အားဖြင့် အလုပ်လက်မဲ့အမျိုးသမီးများသည် သမားရိုးကျ ကျား/မ ရေးရာ အခန်းကဏ္ဍများသို့ ပြန်လည်ရောက်ရှိပြီး အိမ်အလုပ်များကို ဆောင်ရွက်ကြရသည်။

စီးပွားရေးအကျပ်အတည်းဒဏ်ကိုခံရသော အမျိုးသမီးများသည် အိမ်မှုကိစ္စများဆောင်ရွက်ခြင်းကိုသာ ပြုလုပ်ရသည်ဟူသော အယူအဆကို ပြန်လည်ထင်ဟပ်ပေးသည့် ဤတွေ့ရှိချက်တွင် အကျိုးသက်ရောက်မှု နှစ်ခုရှိသည်။ ပထမအချက်မှာ မျှော်လင့်ချက်ဆုံးရှုံးပြီး အခကြေးငွေမရသော အိမ်တွင်းမှုလုပ်ငန်းကို လုပ်ကိုင်ခြင်းဖြင့် အမျိုးသမီးများသည် အခကြေးငွေရသည့်အလုပ် လုပ်ကိုင်ခြင်း၏ လွတ်လပ်သော အသွင်အပြင်ကို လွဲချော်သွားနိုင်သည်။ သမိုင်းကြောင်းအရ၊ အခကြေးငွေ ပေးဆောင်သည့်အလုပ်တွင် အမျိုးသမီးများ၏ ပါဝင်ခြင်းသည် ငွေကြေးဆိုင်ရာ လွတ်လပ်မှုနှင့် ကျားမတန်းတူညီမျှမှု ကြီးထွားလာစေရန် အရေးကြီးသော တွန်းအားများထဲမှ တစ်ခုဖြစ်သည်။ ဒုတိယအနေဖြင့် ဤအချက်သည် လူနေမှုဘဝအပေါ် ထိခိုက်မှုရှိစေခြင်းဖြင့် (ဤအစီရင်ခံစာ၏နောက်ပိုင်းတွင်ဆွေးနွေးထားသည်)[၃၉] ကျယ်ပြန့်သော လူမှုရေးရာ သက်ရောက်မှုများ ရှိသည်။


ထို့အပြင် အလုပ်လက်မဲ့ဖြစ်နေသော အမျိုးသမီး ဖြေဆိုသူ သုံးရာခိုင်နှုန်းခန့်သည် သင်တန်းများတက်နေသော်လည်း (ထို့ကြောင့် အရည်အချင်း သို့မဟုတ် အရည်အချင်းပြည့်မီမှုကို ရှာဖွေနေကြသည်) အလုပ်လက်မဲ့ဖြစ်နေသော နမူနာအုပ်စုပါ ဖြေဆိုသူ အမျိုးသမီးဆယ်ဦးတွင် တစ်ဦးခန့်က အလုပ်လက်မဲ့ ဖြစ်နေပြီး အလုပ်မရှာဘဲနေနေသည် (ဆိုလိုသည်မှာ စိတ်ဓာတ်ကျနေသော အလုပ်သမားများဖြစ်နေကြသည်)။[၄၀]

အလုပ်လက်မဲ့ ဖြေဆိုသူများအား အလုပ်တစ်ခုရှာတွေ့ရန်အချိန်ကို ခန့်မှန်းရန် တောင်းဆိုချိန်၌လည်း ဤမျှော်လင့်ချက် ကင်းမဲ့နေမှုသည် သိသာထင်ရှားသည် (ပုံ-၄.၇)။ ပုံ(၄.၇) တွင် ဖော်ပြထားသည့်အတိုင်း နမူနာအုပ်စုတွင် အလုပ်လက်မဲ့ အမျိုးသားနှင့် အမျိုးသမီး ထက်ဝက်ခန့်သည် အလုပ်သစ်ရှာဖွေရန် အချိန်အနည်းငယ် (တစ်လမှ ခြောက်လကြား) အချိန်ယူရမည်ဟု ယူဆပါသည်။

၃၉ https://www.bmj.com/content/374/bmj.n1972

၄၀ ဤအလုပ်သမားများကို လုပ်သားအင်အားတွင် ပါဝင်သည်ဟု ထည့်သွင်းတွက်ချက်ထားခြင်းမရှိသောကြောင့် တရားဝင်စာရင်းအင်းတွင် သက်ရောက်မှုရှိနိုင်ပြန်သည်။

ပုံ (၄.၇)။ ကျား/မ အလိုက် လက်ရှိအလုပ်လုပ်မနေသော အထည်ချုပ်လုပ်သားဟောင်းများအတွက် အလုပ်သစ်တစ်ခုတွေ့ရှိရန် မျှော်မှန်းသောအချိန် (ရာခိုင်နှုန်း)





## ၄.၅။ အိမ်ထောင်စုဝင်ငွေများကျဆင်းလာခြင်း

အလုပ်သမားတစ်ဦးချင်းအပေါ် သက်ရောက်မှုအပြင် ဆိုးရွားသော စီးပွားရေးအခြေအနေသည် အိမ်ထောင်စုတစ်ခုလုံး၏ ဝင်ငွေကိုလည်း ထိခိုက်စေသည် (ပုံ-၄.၈)။ နမူနာအုပ်စုတစ်ခုလုံးကို ထည့်သွင်းစဉ်းစားသောအခါ ဖြေဆိုသူ လေးပုံသုံးပုံကျော် (၇၆.၈ ရာခိုင်နှုန်း) သည် ၎င်းတို့၏ အိမ်ထောင်စုဝင်ငွေများ လျော့ကျသွားကြောင်း ဖော်ပြထားပြီး အလုပ်လက်မဲ့ ဖြေဆိုသူများတွင် ၈၅.၁ ရာခိုင်နှုန်းအထိ အထူးမြင့်မားပါသည်။


ဤဘဏ္ဍာရေးဆိုင်ရာ ထိခိုက်လွယ်မှုများကို ပုံ(၄.၉) တွင် ထပ်လောင်းဖော်ပြထားပြီး[၄၁] ထိုပုံတွင် အိမ်ထောင်စုသုံးမျိုး၏ ဝင်ငွေရင်းမြစ်များကို မှတ်တမ်းတင်ထားသည်။ ပုံတွင်ပြထားသည့်အတိုင်း (ပုံမှန်တန်ဖိုးအရ တစ်ပြေးညီ ကျဆင်းနေသော) လုပ်ခနှင့် လစာများသည် အထူးသဖြင့် အထည်ချုပ်လုပ်ငန်းများမှ အလုပ်သမားများအတွက် အဓိက ဝင်ငွေအရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် အထည်ချုပ်လုပ်သားရှိသော အိမ်ထောင်စု လေးပုံသုံးပုံကျော်က အိမ်ထောင်စု ဝင်ငွေလျော့ကျသွားသည်မှာ အံ့အားသင့်ဖွယ်ပင်မဟုတ်ပေ။

ပုံ(၄.၈)။ အာဏာသိမ်းမှုကတည်းက အိမ်ထောင်စုဝင်ငွေလျော့ကျသွားကြောင်း ဖော်ပြထားသည့် အလုပ်အကိုင်အခြေအနေအလိုက် ဖြေဆိုသူပမာဏ (ရာခိုင်နှုန်း)




[၄၁] ဤတွေ့ရှိချက်များကို FAO မှ ဆောင်ရွက်သည့် တစ်နိုင်ငံလုံးစစ်တမ်းနှင့် နှိုင်းယှဉ်နိုင်သည်။ ထိုစစ်တမ်းအရ ယေဘုယျအားဖြင့် အိမ်ထောင်စုများ၏ သုံးပုံနှစ်ပုံခန့်သည် ဝင်ငွေလျော့နည်းကြောင်း တင်ပြခဲ့ကြသည်။ ကျွန်ုပ်တို့၏ တွေ့ရှိချက်များသည် တစ်နိုင်ငံလုံးလွှမ်းခြုံမှုထက် အနည်းငယ် မြင့်မားသောကြောင့် အထည်ချုပ်လုပ်သားရှိသော အိမ်ထောင်စုများသည် ဘဏ္ဍာရေးအရ ပို၍ထိခိုက်နိုင်ခြေမြင့်မားကြောင်း တွေ့ရှိရသည်။ https://data-in-emergencies.fao.org/pages/monitoring

## ပုံ(၄.၉)။ အလုပ်အကိုင်အခြေအနေအလိုက် အိမ်ထောင်စုဝင်ငွေအဓိကရင်းမြစ် (ရာခိုင်နှုန်း)




အခြားကဏ္ဍများတွင်အလုပ်လုပ်ကိုင်နေသူရှိသည့်အိမ်ထောင်စုများတွင် မိသားစုစီးပွားရေးမှ ဝင်ငွေနှင့် အခြားမိသားစုဝင်များမှ ဝင်ငွေများသည် ၎င်းတို့၏ဝင်ငွေကို ဖြည့်စွက်ပေးသော်လည်း လုပ်အားခလျော့နည်းမှုကို ခုနှိမ်ပေးနိုင်စွမ်းမရှိပေ။ ထို့ကြောင့် အဆိုပါ အိမ်ထောင်စုများ၏ ၈၃ ရာခိုင်နှုန်းသည် ဝင်ငွေလျော့ကျသွားကြောင်း တင်ပြထားကြသည်။

ထို့အပြင် လက်ရှိအလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများ၏ အိမ်ထောင်စုများသည် အခြားအိမ်ထောင်စုဝင်များ၏ ဝင်ငွေ (လုပ်ခ၊ လစာနှင့် အခြားအိမ်ထောင်စုဝင်များ၏ ဝင်ငွေအရင်းအမြစ်များ) ပေါ်တွင် အထူး မှီခိုနေရပါသည်။

တစ်ရာခိုင်နှုန်းထက် နည်းပါးသော အိမ်ထောင်စုများက မြန်ကူနှင့် အခြားလူမှုကာကွယ်ရေးအစီအစဉ်များမှ ငွေကြေးများအား ၎င်းတို့၏ အဓိကဝင်ငွေရင်းမြစ်အဖြစ် ဖော်ပြခဲ့သည် (ပုံ-၄.၉ တွင် ဖော်ပြထားခြင်းမရှိပါ)။

ပျမ်းမျှအားဖြင့် မြန်ကူမှရရှိသော ရန်ပုံငွေမှာ ကျပ်ငွေ ၇၉,၀၀၀ ခန့်ရှိပြီး လစဉ်အိမ်သုံးစရိတ်၏ ငါးပုံတစ်ပုံခန့်ဖြစ်သည်။[၆၂ ၆၃] လက်ရှိနိုင်ငံရေးပဋိပက္ခမဖြစ်မီကပင် လူမှုကာကွယ်ရေးစနစ်သည် ဖွံ့ဖြိုးမှုနောက်ကျနေခဲ့ပြီး မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် လူမှုကာကွယ်ရေးအတွက် အသုံးစရိတ်အနည်းဆုံးနိုင်ငံဖြစ်ခဲ့သည်။[၆၄]

ပုံ (၄.၁၀) တွင် မီးမောင်းထိုးပြထားသည့် ဤမရေရာသော အခြေအနေသည် အလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ် လုပ်သားဟောင်းများ၏ သုံးပုံနှစ်ပုံခန့်က ငွေကြေးအရန်မရှိသော အိမ်ထောင်စုများတွင် နေထိုင်ကြသည်ကို ဖော်ပြနေသည် (ဆိုလိုသည်မှာ ဝင်ငွေဆင့်ပွားရင်းမြစ်မရှိဖြစ်နေကြသည်)။ ယင်းသည် ဤအိမ်ထောင်စုများ၏ လက်ရှိအသက်မွေးဝမ်းကြောင်းအပေါ် သိသာသော သက်ရောက်မှုရှိသည်။ ၎င်းတို့၏ တစ်ခုတည်းသော ဝင်ငွေရင်းမြစ်အား ဆုံးရှုံးပါက ဤအိမ်ထောင်စုများ၏ စီးပွားရေးအခြေအနေသည် သိသိသာသာ ဆိုးရွားလာနိုင်သည်။[၆၅]


၆၂ ဤပမာဏကို တွက်ချက်ရန်အတွက် ကျွန်ုပ်တို့သည် အထည်ချုပ်လုပ်သားများရှိသော အိမ်ထောင်စုများ၏ ပျမ်းမျှအိမ်ထောင်စုကုန်ကျစရိတ် (MLCS မှ) ဖြစ်သော လစဉ် ၃၆၀,၀၀၀ ကျပ်ကို ရယူထားသည်။ ၇၉,၀၀၀ ကိုမူ ဤယေဘုယျ ဘတ်ဂျက်၏ ဝေစုအဖြစ် တွက်ချက်ထားသည်။ ၎င်းသည် အကြမ်းဖျင်း ခန့်မှန်းချက်ဖြစ်သောကြောင့် ပမာဏနှစ်ခုလုံးကို လက်ရှိတန်ဖိုးများအရ မှတ်ယူထားသည်။ ၂၀၁၇ ခုနှစ်ကတည်းက ငွေကြေးဖောင်းပွမှု၏ ဆိုးကျိုးကို ထည့်တွက်ပါက ပမာဏသည် ပို၍ နည်းပါးသွားမည်ဖြစ်သည်။

၆၃ ဤအချက်သည် ၂၀၂၁ ခုနှစ် ပထမနှစ်ဝက်ရှိ ပျမ်းမျှငွေလွှဲမှုနှင့် ဆက်စပ်နေသည်။၂၀၂၀ တွင် ပျမ်းမျှ ငွေလွှဲမှု (၂.၂) ကို လက်ခံရရှိခဲ့ကြသည် (ထိုအချိန်အရ ၁၇၅,၀၀၀ ခန့်ရှိမည်)။ ငွေလွှဲမှုပမာဏသည် ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ၉၀,၀၀၀ အထိ တိုးမြင့်ခဲ့သော်လည်း ငွေဘောက်ချာကို ရရှိရန်အတွက် သွားလာရေးစရိတ်မှာ ပုံမှန်အားဖြင့် ၇,၀၀၀ ကျပ်ရှိသည်။ ယေဘုယျအားဖြင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည် ငွေလွှဲမှု ၁၅၀,၀၀၀ ကျပ်ပေါင်း ၅ ကြိမ်ကို ရရှိခဲ့သောကြောင့် စုစုပေါင်း ၇၅၀,၀၀၀ ကျပ်ဖြစ်မည် (အမြင့်ဆုံးရရှိမှုမှာ စုစုပေါင်း ၉၀၀,၀၀၀ ကျပ်ဖြစ်သည်)။

၆၄ https://databank.worldbank.org/source/world-development-indicators

၆၅ ဤတွေ့ရှိချက်များသည် အိမ်ထောင်စုများ၏ လေးပုံသုံးပုံနီးပါးက ဆင့်ပွားဝင်ငွေရင်းမြစ်မရှိကြောင်း ဖော်ပြထားသော FAO စစ်တမ်းနှင့် ကိုက်ညီသည်။ https://data-in-emergencies.fao.org/pages/monitoring

အလုပ်အကိုင်ခြေအနေအလိုက် ဝင်ငွေဆင့်ပွားရင်းမြစ်မရှိသော အိမ်ထောင်စုရာခိုင်နှုန်း




## ၄.၆။ ရင်ဆိုင်ဖြေရှင်းရေးယန္တရားများ

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဝင်ငွေသိသိသာသာ ကျဆင်းခြင်းသည် အစားအစာလျှော့စားခြင်းကဲ့သို့သော လွန်ကဲသောရင်ဆိုင်ဖြေရှင်းရေးနည်းဗျူဟာများကို ဖြစ်ပေါ်စေသည် (ပုံ-၄.၁.၁)။ လက်ရှိတွင် အလုပ်လက်မဲ့ဖြစ်နေကြသော အထည်ချုပ်လုပ်သားဟောင်းများရှိသော အိမ်ထောင်စု သုံးပုံနှစ်ပုံသည် ထို့သို့လုပ်ဆောင်ခဲ့ကြပြီး ကျန်ရှိသောအိမ်ထောင်စုများ၏ ထက်ဝက်ခန့်က အစားအစာစားသုံးမှုကို လျှော့ချခဲ့သည်။ အစားအစာလျှော့စားသော ကလေးသူငယ်ရှိသည့် အိမ်ထောင်စုပမာဏမှာ မမြင့်မားသော်လည်း (ကလေးရှိသော အိမ်ထောင်စု ၂၆.၂ ရာခိုင်နှုန်းက ဤဖြေရှင်းရေးယန္တရားကို အသုံးပြုကြောင်း တင်ပြထားသည်) အချို့သော အိမ်ထောင်စုများတွင် ကလေးသူငယ်များ၏ အစားအစာ စားသောက်မှုကို လျှော့ချရသောကြောင့် ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် အသိအမြင် ဖွံ့ဖြိုးတိုးတက်မှုအား ထိခိုက်စေနိုင်ကြောင်း စိုးရိမ်နေကြရသည်။[၄၆]

အိမ်ထောင်စုများမှ အသုံးပြုခဲ့သော ကျန်ရှိသည့် ရင်ဆိုင်ဖြေရှင်းရေးယန္တရားများကို ပုံ (၄.၁၂) တွင် တင်ပြထားပါသည်။ ထိုပုံမှ ထွက်ပေါ်လာသော တွေ့ရှိချက်အချို့ရှိပါသည်။ ပထမဦးစွာ အစားအစာမဟုတ်သော စားသုံးမှုအား လျှော့ချခြင်းသည် အသုံးအများဆုံးသော ဖြေရှင်းရေးယန္တရားဖြစ်ပြီး အလုပ်သမား အုပ်စုသုံးစုအကြား ကွာခြားမှုအနည်းငယ်သာရှိသည်။ ၎င်းသည် ကပ်ရောဂါနှင့် အာဏာသိမ်းမှုတို့၏ ရောယှက်နေသော ဒဏ်နှစ်ခု၏ သဘောသဘာဝကြောင့် ဖြစ်နိုင်သည်။[၄၇] အစားအစာမဟုတ်သော အသုံးစရိတ် လျှော့ချမှုတွင် ဆေးဝါး၊ လောင်စာ စသည့် နေ့စဉ်ရပ်တည်မှုအတွက် အရေးကြီးသောအရာများပါဝင်သည်။

ဒုတိယအချက်အနေဖြင့် များစွာသောအိမ်ထောင်စုတို့သည် ပိုင်ဆိုင်မှုများကို ရောင်းချခဲ့ရသည်။ အထည်ချုပ်လုပ်သားများ၏ အိမ်ထောင်စုသုံးပုံနှစ်ပုံနီးပါးနှင့် ကျန်အိမ်ထောင်စုသုံးပုံနှစ်ပုံကျော်သည် ဤဒဏ်များကို ရင်ဆိုင်ဖြေရှင်းသည့်အနေဖြင့် ပိုင်ဆိုင်မှုများကို ရောင်းချခဲ့ကြသည်။ စုဆောင်းငွေကိုအားကိုးခြင်းသည် တတိယမြောက် အတွေ့အများဆုံး ရင်ဆိုင်ဖြေရှင်းရေး ယန္တရားဖြစ်သည်။ (မိသားစုနှင့် သူငယ်ချင်းများထံမှ) အလွတ်သဘော ငွေချေးယူခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိရပြီး[၄၈] တရားဝင်အဖွဲ့အစည်းများမှ ချေးငွေရယူခြင်းသည်လည်း အလားတူပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ နမူနာအုပ်စုရှိ အိမ်ထောင်စုအများစုသည် ဘဏ်လုပ်ငန်း ပိုမိုဖွံ့ဖြိုးသော မြို့ပြသို့မဟုတ် မြို့ပြအနီးတစ်ဝိုက်တွင် နေထိုင်သူများဖြစ်သောကြောင့် ဤအချက်သည် နားလည်ပေးနိုင်ဖွယ် ရှိသည်။

နိုင်ငံရေးပဋိပက္ခ တစ်နှစ်ကျော်ကြာလာသည်နှင့် စုငွေများအား ထိရောက်သော ဖြေရှင်းရေးယန္တရားအဖြစ် အသုံးပြုခြင်းသည် လျော့နည်းလာပြီး အထည်ချုပ်လုပ်သား သုံးမျိုးစလုံးမှ အိမ်ထောင်စုအများစုသည် စုငွေများ မကျန်ရှိတော့ပေ။ အလုပ်လက်မဲ့ ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများ အိမ်ထောင်စု လေးပုံသုံးပုံ၌ စုဆောင်းငွေ မကျန်ရှိတော့ပေ (ပုံ-၄.၁၃)။ စုငွေများအပေါ် အားကိုးရာ၌ လက်ရှိအထည်ချုပ်လုပ်သားများအများစု (သုံးပုံတစ်ပုံခန့်)သည် မိမိတို့၏ ကိုယ်ပိုင်စုငွေများကို အားကိုးကြပြီး လက်ရှိအခြားကဏ္ဍများတွင် လုပ်ကိုင်နေသည့် အထည်ချုပ်လုပ်သားဟောင်းများ (၁၉.၆ ရာခိုင်နှုန်း) နှင့် လက်ရှိအလုပ်လက်မဲ့ ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများ (၂၁.၇ ရာခိုင်နှုန်း) တို့နှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားသည်။


---

[၄၆] https://pubmed.ncbi.nlm.nih.gov/21676102/


[၄၇] ရပ်ရွာလူထုအဆင့် ထိခိုက်မှုများသည် အိမ်ထောင်စုများစွာအပေါ် သက်ရောက်မှုရှိသည်။ မိသားစုအတွင်း ဖျားနာမှု သို့မဟုတ် သေဆုံးမှု ကဲ့သို့သော တစ်ဦးချင်းထိခိုက်မှုများမှာမူ အိမ်ထောင်စုအမျိုးအစားအချို့ကိုသာ သက်ရောက်မှုရှိသည်။

[၄၈] https://core.ac.uk/download/pdf/132202311.pdf


ပုံ(၄.၁၁)။ ငွေကြေး သို့မဟုတ် အခြားရင်းမြစ်များ မရှိသောကြောင့် အစားအစာ စားသောက်မှုကို လျှော့ချခြင်း (ရာခိုင်နှုန်း)




ပုံ (၄.၁၂)။ အလုပ်အကိုင်အခြေအနေအလိုက် ရင်ဆိုင်ဖြေရှင်းရေးနည်းဗျူဟာများ (ရာခိုင်နှုန်း)



ပုံ (၄.၁၃)။ အလုပ်အကိုင်အခြေအနေလိုက် ကျန်ရှိသော စုငွေ၏ လပေါင်းအရေအတွက် (ရာခိုင်နှုန်း)




ကိုဗစ်(၁၉)ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှုသည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အိမ်ထောင်စုများအပေါ် ဤပဋိပက္ခနှစ်ခု၏ အကျိုးသက်ရောက်မှုနှင့် အိမ်ထောင်စုများမှ ကိုင်တွယ်ဖြေရှင်းပုံတို့အားနားလည်သိရှိလိုသည့် စိတ်ဝင်စားမှုကို စေ့ဆော်ပေးသည်။ သို့ရာတွင်လည်း အထက်ဖော်ပြပါ ရင်ဆိုင်ဖြေရှင်းရေးယန္တရားအချို့ ကျင့်သုံးမှုကိုယခင်နှစ်နှစ်အတွင်း ကောက်ယူထားသော နိုင်ငံတော်အဆင့်ကိန်းဂဏန်းအချက်အလက်များဖြင့် သတိထား၍ လေ့လာစောင့်ကြည့်ရန်လုံလောက်သော အချက်အလက်များ ရှိပါသည်။


အမျိုးမျိုးသော ရင်ဆိုင်ဖြေရှင်းရေး ယန္တရားများကို ကျင့်သုံးသောအိမ်ထောင်စုများ၏ ဆင့်ကဲဖြစ်စဉ်ကို ပုံ (၄.၁၄) တွင် တင်ပြထားသည်။ နှိုင်းယှဉ်ဖော်ပြထားသော ဤပုံမှ တွေ့ရှိချက်အနည်းငယ်ထွက်ပေါ်လာသည်။[၄၉] ဦးစွာ အစားအစာမဟုတ်သော စားသုံးမှုလျှော့ချခြင်းကိုတင်ပြသည့် အိမ်ထောင်စုပမာဏသည် အချိန်နှင့်အမျှ တိုးမြင့်လာသည်။ အထည်ချုပ်ကဏ္ဍစစ်တမ်းတွင် အစားအစာ မဟုတ်သောအသုံးစရိတ်လျှော့ချမှုကို တင်ပြသည့် အိမ်ထောင်စုပမာဏ (၈၇.၉ ရာခိုင်နှုန်း) သည် ပုံ (၄.၁၄) တွင် တင်ပြထားသည့် တစ်နိုင်ငံလုံးပျမ်းမျှပမာဏထက် အနည်းငယ် ပိုမိုမြင့်မားသည်။ ထို့အပြင်ဝင်ငွေများ ကျဆင်းလာသည်နှင့်အမျှ အိမ်ထောင်စုများသည် ဟန်ချက်အသစ်တစ်ခုသို့ရောက်ရှိသည်အထိ စားသုံးမှုတဖြည်းဖြည်းလျော့နည်းလာသည်ဟု အကြံပြုထားသော အမြဲတမ်း ဝင်ငွေဆိုင်ရာအယူအဆ (permanent income hypothesis) ဟုခေါ်ဆိုသည့် အယူအဆနှင့်လည်း ကိုက်ညီသည်။[၅၀] ကျွန်ုပ်တို့၏ နမူနာအုပ်စုပါ အိမ်ထောင်စုအများစုသည် အနည်းဆုံး လုပ်အားခအတွက် အလုပ်လုပ်နေရသောအလုပ်သမားများ၏ ဝင်ငွေကို မှီခိုနေရသည့်အတွက် ၎င်းတို့သည်နိုင်ငံအတွင်းရှိ ပျမ်းမျှ အိမ်ထောင်စုများထက် များစွာ ထိခိုက်မှုရှိသည်။ တစ်နည်းဆိုရသော် ကျွန်ုပ်တို့၏နမူနာအုပ်စုရှိ ဖြေဆိုသူများ၏အမှန်တကယ် စီးပွားရေးအခြေအနေများအရ ၎င်းတို့သည် ယေဘူယျလူဦးရေထက် အန္တရာယ်ပိုများပါသည်။ ဒုတိယအနေဖြင့် ပိုင်ဆိုင်မှုများအားရောင်းချခြင်းကို ရင်ဆိုင်ဖြေရှင်းရေးနည်းဗျူဟာအဖြစ်ဆောင်ရွက်သည့် အိမ်ထောင်စုများစွာ (၆၆.၇ ရာခိုင်နှုန်း) ကိုလည်းကျွန်ုပ်တို့၏ နမူနာအုပ်စုတွင် လေ့လာတွေ့ရှိရသည်။ နမူနာ အုပ်စုပါအိမ်ထောင်စုများသည် (ငွေကြေးအဖွဲ့အစည်းများစွာတည် ရှိရာ) ရန်ကုန်မြို့ တစ်ဝိုက်တွင် ရှိနေသည်သောကြောင့် ဤစစ်တမ်းပါအိမ်ထောင်စုများစွာသည် တရားဝင်ငွေချေးယူခြင်းကို မှီခိုအားထားကြသည် (၄၃.၄ ရာခိုင်နှုန်း)။[၅၁]

[၄၉] ဤစစ်တမ်းများတွင် မတူညီသော နမူနာပြုခြင်းဗျူဟာများနှင့် ကိုယ်စားပြုမှုအဆင့်များရှိသောကြောင့် ဤတွေ့ရှိချက်များ၌ စဉ်းစားရမည့် သတိပေးချက်များလည်းရှိနေသည်။ ထို့ကြောင့် တစ်ခုနှင့်တစ်ခု တိုက်ရိုက်နှိုင်းယှဉ်မှုပြုခြင်းကို သတိပြုရသည်။ ဒုတိယအချက်အနေနှင့် ပို၍အရေးကြီးသည်မှာ ဤစာတမ်းတွင် အသုံးပြုထားသော စစ်တမ်းသည် ရွေးချယ်ထားသော (လက်ရှိနှင့် ယခင်) နမူနာ အထည်ချုပ်လုပ်သားများကိုသာ အာရုံစိုက်ထားသောကြောင့် နယ်ပယ်အတိုင်းအတာအရ ပို၍ကန့်သတ်မှုရှိသည်။

[၅၀] https://www.asia-pacific.undp.org/content/rbap/en/home/library/democratic_governance/covid-19-coup-d-etat-and-poverty-impact-on-myanmar.html

[၅၁] https://documents.worldbank.org/en/publication/documents-reports/documentdetail/151001580754918086/myanmar-living-conditions-survey-2017-socio-economic-report

ပုံ(၄.၁၄)။ **အချိန်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းရေးယန္တရားများ၊ အိမ်ထောင်စုရာခိုင်နှုန်း**




အိမ်ထောင်စုများစွာသည် ၎င်းတို့၏ စုဆောင်းငွေများ ကုန်ခမ်းသွားကာ အစားအစာမဟုတ်သော အသုံးစရိတ်အများစုကို လျှော့ချခဲ့သောကြောင့် ရေရှည်တည်တံ့သော ရင်ဆိုင်ဖြေရှင်းရေးနည်းလမ်းများ မကျန်ရှိတော့ပေ။ စားသောက်ကုန်ဈေးနှုန်းများ အမြဲတစေတိုးလာခြင်းနှင့် ရင်ဆိုင်နေရသောကြောင့်[52] အစားအသောက် အသုံးစရိတ်လျှော့ချခြင်းကဲ့သို့သော ပြင်းထန်သည့် ရင်ဆိုင်ဖြေရှင်းရေးယန္တရားများကို မဖြစ်မနေ မှီခိုအားထားနေရပါသည်။[53] ကျွန်ုပ်တို့၏ နမူနာအုပ်စုတွင် ဖြေဆိုသူ ၅၄.၇ ရာခိုင်နှုန်းသည် ဤဖြေရှင်းရေး ယန္တရားကို အသုံးပြုခဲ့ကြသည်။ နမူနာပါ အိမ်ထောင်စုအများစုသည် ဝင်ငွေရပ်ဝန်း၏ အောက်ခြေတွင် ရှိနေသောကြောင့် မြန်မာနိုင်ငံရှိ ပျမ်းမျှအိမ်ထောင်စုနှင့် နှိုင်းယှဉ်ပါက ၎င်းတို့အများစုသည် အစားအသောက်စားသုံးမှုကို ပို၍ မဖြစ်မနေ ဆောင်ရွက်ရကြောင်း ပြောဆိုနိုင်သည် (ပုံ-၄.၁၅)။[54]

အစားအစာလျှော့စားခြင်း၏ အဆိုးဆုံးထိရောက်မှုသည် အများစုတွင် အမျိုးသားနှင့် အမျိုးသမီးများအကြား တန်းတူဖြစ်ပေါ်သော်လည်း (ပုံ-၄.၁၆) အိမ်ထောင်စုသုံးစုတွင် တစ်စုနီးပါး၌ အမျိုးသမီးများသည် အမျိုးသားများထက် ပို၍ လျှော့စားကြောင်း တင်ပြကြသည်။ ဤအမျိုးသမီးအများစုသည် ငယ်ရွယ်ပြီး ကလေးမွေးဖွားနိုင်သည့် အရွယ် ဖြစ်သောကြောင့် စိုးရိမ်စရာ ဖြစ်သည်။ ထို့ကြောင့် အစားအစာချို့တဲ့ခြင်းသည် ၎င်းတို့၏ ယေဘုယျ ကျန်းမာရေးအပေါ် ထိခိုက်နိုင်ပြီး (ဥပမာအားဖြင့် သွေးအားနည်းခြင်းကို ဖြစ်ပေါ်စေနိုင်ပြီး) ၎င်းတို့၏ အနာဂတ်သန္ဓေသားအပေါ် ထပ်မံထိခိုက်နိုင်သည်။ လက်ရှိ သုတေသနပြုလုပ်ချက်များအရ သန္ဓေသားရှိချိန်၌ အာဟာရချို့တဲ့သော အမျိုးသမီးများသည် ကိုယ်ဝန်ဆောင်ချိန်အတွင်း သန္ဓေသားကြီးထွားလာသည်နှင့်အမျှ လိုအပ်မှုပိုမို များပြားလာသောအခါ ၎င်းတို့၏ အာဟာရအခြေအနေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခြေမရှိကြောင်း တွေ့ရှိရသည်။[55]


၅၂ https://tradingeconomics.com/myanmar/food-inflation#:~:text=Food percent20Inflation percent20in percent20Myanmar percent20averaged,percent percent20in percent20April percent20of percent202012.

၅၃ https://reliefweb.int/sites/reliefweb.int/files/resources/IFPRI_Myanmar-SSP_RN70.pdf


၅၄ ဤတွေ့ရှိချက်များတွင် စဉ်းစားရမည့် သတိပေးချက်များလည်း ရှိနေသည်။ မတူညီသော စစ်တမ်းအမျိုးမျိုးတွင် မတူညီသော နမူနာပြုခြင်းဗျူဟာများနှင့် ကိုယ်စားပြုမှုအဆင့်များရှိသောကြောင့် တစ်ခုနှင့်တစ်ခု တိုက်ရိုက်နှိုင်းယှဉ်မှုပြုခြင်းကို သတိပြုရသည်။ အရေးကြီးသည်မှာ ဤစစ်တမ်းတွင် ရန်ကုန်မြို့မှ (လက်ရှိနှင့် ယခင်) နမူနာ အထည်ချုပ်လုပ်သားများကိုသာ အာရုံစိုက်ထားသောကြောင့် နယ်ပယ်အတိုင်းအတာအရ ကန့်သတ်မှုရှိသည်။ နောက်ဆက်တွဲဇယား (က-၂) တွင် ဤစစ်တမ်း၌ အသုံးပြုထားသော အချက်အလက်များ၏ နှိုင်းယှဉ်မှုကိစ္စရပ်များကို ဖော်ပြထားသည်။

၅၅ https://www.karger.com/article/fulltext/345165#:~:text=Maternal%20undernutrition%20or%20chronic%20energy,due%20to%20the%20growing%20fetus.

ပုံ (၄.၁၅)။ အစားအသောက်အသုံးစရိတ်လျှော့ချခြင်းအား အချိန်နှင့်အမျှ ရင်ဆိုင်ဖြေရှင်းရေးယန္တရားအဖြစ် အသုံးပြုခြင်း (အိမ်ထောင်စုရာခိုင်နှုန်း)




ပုံ (၄.၁၆)။ အစားအသောက် သို့မဟုတ် အခြားရင်းမြစ် မရှိသောကြောင့် အစားအစာလျှော့စားရသော လူများ (ရာခိုင်နှုန်း)




ရှိပြီးသား သုတေသနပြုချက်များနှင့်အညီ[၅၆] ပိုင်ဆိုင်မှုများရောင်းချခြင်းသည် ဤစစ်တမ်းရှိ ဖြေဆိုသူများအကြားတွင် အတွေ့အများဆုံးသော ဖြေရှင်းရေးယန္တရားများထဲမှတစ်ခုဖြစ်သည်။ ပုံ (၄.၁၇) တွင်အများဆုံး ရောင်းချသော ပိုင်ဆိုင်မှုအမျိုးအစားများကို မှတ်တမ်းတင်ပေးသည်။ ရွှေနှင့် လက်ဝတ်ရတနာများသည် (အထူးသဖြင့် နိုင်ငံ့ငွေကြေး လျင်မြန်စွာကျဆင်းနေချိန်တွင် တန်ဖိုးထိန်းသိမ်းနိုင်စွမ်းရှိသောကြောင့်)[၅၇] အများဆုံးရောင်းချသည့် ပိုင်ဆိုင်မှု အမျိုးအစားဖြစ်သည်။ ပိုင်ဆိုင်မှု ရောင်းချခဲ့သည့် ဖြေဆိုသူ သုံးပုံနှစ်ပုံကျော်သည် စစ်အာဏာသိမ်းမှု၏ စီးပွားရေး အကျိုးဆက်များကို ရင်ဆိုင်ဖြေရှင်းသည့် နည်းလမ်းအဖြစ် ရွှေကို ရောင်းချခဲ့ရပါသည်။ လက်ဝတ်ရတနာများကို အထည်ချုပ်လုပ်ငန်းမှ အလုပ်လက်မဲ့ အလုပ်သမားများ ရှိသော အိမ်ထောင်စုများမှ (၂၉.၆ ရာခိုင်နှုန်း) ရောင်းချကြသည်။ ထို့အပြင် အိမ်ထောင်စုများသည် တစ်ကိုယ်ရေ သယ်ယူပို့ဆောင်ရေးယာဉ်များ (ဥပမာ။ ။ ဆိုင်ကယ်များ)နှင့် ခြံမွေးတိရစ္ဆာန်များကိုလည်း ရောင်းချခဲ့ရသည်။သုတေသနစာတမ်းများတွင် မှတ်တမ်းတင်ထားသည့်အတိုင်းပင် ဤပိုင်ဆိုင်မှု အမျိုးအစားများအား ရောင်းချခြင်းသည် အိမ်ထောင်စုများ၏ ဝင်ငွေဖန်တီးနိုင်ခြေကို ကန့်သတ်နိုင်ပြီး ၎င်းတို့ကို ထာဝရဆင်းရဲမွဲတေမှု ထောင်ချောက်ထဲတွင်ပိတ်လှောင်ထားနိုင်သည်။[၅၈]မော်တော်ဆိုင်ကယ် ရောင်းချကြောင်းတင်ပြသည့် အိမ်ထောင်စုပမာဏသည် အလုပ်လက်မဲ့ အထည်ချုပ်လုပ်သားများကြား အနည်းငယ်ပိုများပြီး ၎င်းတို့၏ ဆိုးရွားနေပြီးဖြစ်သော အခြေအနေကို ပိုမိုဆိုးရွားစေသည်။ ရောင်းချသောပိုင်ဆိုင်မှုများတွင် အမျိုးသမီးပိုင်ဆိုင်သောပမာဏ (၃၈ ရာခိုင်နှုန်း) သည် အမျိုးသားပိုင်ဆိုင်သောပမာဏ (၁၂ ရာခိုင်နှုန်း) ထက် ပို၍များပြားကြောင်းကိုလည်း သတိပြုရန် အရေးကြီးသည်။ ဤအချက်သည် အမျိုးသမီး အထည်ချုပ်လုပ်သားများ၏ စီးပွားရေးရပ်တည်မှုကို ထိခိုက်စေရုံသာမက အိမ်ထောင်စုတွင်း ဆုံးဖြတ်ချက်ချရာတွင် ၎င်းတို့၏လွှမ်းမိုးနိုင်မှုကိုပါ ထိခိုက်နိုင်ခြေရှိသည်။


၅၆ https://www.asia-pacific.undp.org/content/rbap/en/home/library/sustainable-development/myanmar-people-pulse-survey-report-2021.html

၅၇ https://elevenmyanmar.com/news/rapid-depreciation-of-the-kyat-devastating-myanmar-consumers-and-businesses#:~:text=In percent202021 percent2C percent20the percent20Myanmar percent20kyat,Ks2 percent2C430 percent20on percent20October percent201st.


၅၈ https://www.economist.com/leaders/2020/09/26/covid-19-has-reversed-years-of-gains-in-the-war-on-poverty

ယခင် ရင်ဆိုင်ဖြေရှင်းရေးနည်းဗျူဟာများဆိုင်ရာ တစ်နိုင်ငံလုံးအကဲဖြတ်မှုများနှင့် နှိုင်းယှဉ်ပါက ပိုင်ဆိုင်မှုရောင်းချခြင်းကို တင်ပြသည့် အိမ်ထောင်စုပမာဏသည် အထည်ချုပ်လုပ်ငန်းတွင် ပိုမိုမြင့်မားသည် (ပုံ-၄.၁၈)။[၁၉] အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၎င်းသည် နိုင်ငံတွင်း အိမ်ထောင်စုအားလုံးအတွက် စီးပွားရေးအခြေအနေ တစ်ခုလုံး ဆိုးရွားလာခြင်းအပါအဝင် အကြောင်းရင်းအချို့ အပြန်အလှန်ဆက်စပ်မှု၏ ရလဒ်ဖြစ်သည်။ ထို့အပြင် ပုံ(၄.၁၈) တွင်လည်း ဤစစ်တမ်းပါ လက်ရှိ/ယခင် အလုပ်သမား အများစုသည် မြို့ပြနှင့် မြို့ပြနယ်မြေတစ်ဝိုက် နေထိုင်ကြသောကြောင့် မော်တော်ဆိုင်ကယ် ရောင်းချခဲ့သည့် အိမ်ထောင်စု အနည်းငယ်ပို၍များပြားပြီး ခြံမြေ့တိရစ္ဆာန်ရောင်းချခဲ့ကြောင်း တင်ပြခဲ့သည့် အိမ်ထောင်စုများမှာ ၁၀ ရာခိုင်နှုန်းထက် နည်းပါးသည်။

## ပုံ (၄.၁၇)။ အလုပ်အကိုင်အခြေအနေအလိုက် ရောင်းချခဲ့သည့် ပိုင်ဆိုင်မှုအမျိုးအစားများ (ရာခိုင်နှုန်း)




## ပုံ (၄.၁၈)။ အချိန်နှင့်အမျှ ရောင်းချခဲ့သည့် ပိုင်ဆိုင်မှုအမျိုးအစားများ




၁၉ ဤစစ်တမ်းများတွင် မတူညီသော နမူနာပြုခြင်းဗျူဟာများနှင့် ကိုယ်စားပြုမှုအဆင့်များရှိသောကြောင့် ဤတွေ့ရှိချက်များ၌ စဉ်းစားရမည့် သတိပေးချက်များလည်းရှိနေသည်။ ထို့ကြောင့် တစ်ခုနှင့်တစ်ခု တိုက်ရိုက်နှိုင်းယှဉ်မှုပြုခြင်းကို သတိပြုရသည်။ ဒုတိယအချက်အနေနှင့် ပို၍အရေးကြီးသည်မှာ ဤစာတမ်းတွင် အသုံးပြုထားသော စစ်တမ်းသည် ရွေးချယ်ထားသော (လက်ရှိနှင့် ယခင်) နမူနာ အထည်ချုပ်လုပ်သားများကိုသာ အာရုံစိုက်ထားသောကြောင့် နယ်ပယ်အတိုင်းအတာအရ ပို၍ကန့်သတ်မှုရှိသည်။ နောက်ဆက်တွဲဇယား (က-၂) တွင် ဤစစ်တမ်း၌ အသုံးပြုထားသော အချက်အလက်များ၏ နှိုင်းယှဉ်မှုကိစ္စရပ်များကို ဖော်ပြထားသည်။

ကျွန်ုပ်တို့၏ စစ်တမ်းတွင် မှတ်တမ်းတင်မထားသော်လည်း ထိခိုက်ခံရသည့် အထည်ချုပ်လုပ်သား အနည်းငယ်သည် အသက်ရှင်သန်ရန် လိုင်ကုန်သွယ်မှုကို အသုံးချခဲ့ရသည်။ ထိုသို့ပြုလုပ်သည့် အတိုင်းအတာကို ဆုံးဖြတ်ရန် ခက်ခဲသော်လည်း မြန်ကူ လက်ခံသူ (၅၆) ဦးခန့်သည် လိုင်ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်။ အဆိုပါ (၅၆) ဦးအနက် (၈၂) ရာခိုင်နှုန်းသည် ငယ်ရွယ်သော မိခင်များဖြစ်သည်။ ဤအမျိုးသမီးအချို့ထံမှ နောက်ထပ်အထောက်အထားများအရ စိတ်ပျက်အားငယ်မှုကို သိသာစွာ ကြုံတွေ့နေရကြောင်း သိရှိရသည်။ ၎င်းတို့ထဲမှ အချို့သည် အဖမ်းမခံရရန်အတွက် ရဲတပ်ဖွဲ့၏ မုဒိမ်းကျင့်မှုကို ခံရခြင်း (သို့မဟုတ် ၎င်းတို့အဆိုအရ "အခမဲ့ လိင်ဆက်ဆံရန် ဖိအားပေးခံရခြင်း") ကိုလည်း ကြုံတွေ့ရသည်။


## ၄.၇။ ဘဝအလားအလာ

ဖြေဆိုသူအားလုံးနီးပါးသည် ကလေးများ၏ အနာဂတ်အတွက် စိုးရိမ်နေကြသည်။ အလုပ်ပြုတ်ခြင်း သို့မဟုတ် အလုပ်သစ်ရှာရခြင်းအတွက် စိုးရိမ်နေရသော ဖြေဆိုသူပမာဏသည်လည်း ထပ်တူမြင့်မားပါသည်။ တွေ့ဆုံမေးမြန်းထားသော အထည်ချုပ် လုပ်သားအားလုံးနီးပါး (၉၆ ရာခိုင်နှုန်း) သည် အလုပ်ဆုံးရှုံးနိုင်ခြေကို စိုးရိမ်နေကြသည်။ ဤအချက်သည် ၎င်းတို့၏ ယေဘုယျကျန်းမာရေးကို ထိခိုက်နိုင်ခြေရှိသည်ဟု စောဒကတက်နိုင်သည်။ ကျန်းမာရေး ကောင်းမွန်ကြောင်း တင်ပြသူသည် ထက်ဝက်ထက် လျော့နည်းသည် (၄၈.၅ ရာခိုင်နှုန်း) (ပုံ-၄.၁၉)။

စီးပွားရေးအခြေအနေသည် ဘဝ၏ ယေဘုယျကျေနပ်မှုအပေါ်တွင်လည်း သက်ရောက်မှုရှိသည် (ပုံ-၄.၂၀)။ အလုပ်အကိုင် အမျိုးအစားသုံးခုစလုံးတွင် ဖြေဆိုသူ သုံးပုံနှစ်ပုံကျော်သည် ဘဝတွင် အလွန်ပျော်ရွှင်နေခြင်းမရှိ သို့မဟုတ် လုံးဝပျော်ရွှင်ခြင်းမရှိကြပေ။ ဤအချက်သည် စီးပွားရေးအကျပ်အတည်းများက ယေဘုယျပျော်ရွှင်မှုနှင့် ဘဝကျေနပ်မှုကို လျော့နည်းစေသည်ဟူသော ယခင်ချမှတ်ထားသည့် အယူအဆကို အတည်ပြုပေးသည်။[၆၀]

အလုပ်လက်မဲ့ဖြစ်နေသော ဖြေဆိုသူများတွင် ဘဝအပေါ် ကျေနပ်မှုမရှိခြင်းသည် အထူးမြင့်မားသည်။ ထိုသူများ၏ ၃၂.၆ ရာခိုင်နှုန်းသည် ဘဝတွင် လုံးဝပျော်ရွှင်မှုမရှိဖြစ်နေကြပြီး[၆၁] အလုပ်လက်မဲ့ အမျိုးသားများအကြား ပို၍သိသာသည် (ပုံ-၄.၂၁)။ အခြားကဏ္ဍ လုပ်သားများထက် အထည်ချုပ်လုပ်သားများတွင် ဘဝကျေနပ်မှုပိုမိုမြင့်မားပြီး ကျား/မ ကွာခြားချက် အနည်းငယ်သာရှိသည်။


ပုံ (၄.၁၉)။ အလုပ်အကိုင်အခြေအနေအလိုက် ချမ်းသာသုခခံစားရခြင်း (ရာခိုင်နှုန်း)





[၆၀] https://www.jstor.org/stable/48615587

[၆၁] လက်ရှိသုတေသနပြုလုပ်ချက်များအရ ကြီးမားသော စီးပွားရေးကျဆင်းမှု (၂၀၀၇ – ၂၀၀၉) သည် အလုပ်လက်မဲ့ပုဂ္ဂိုလ်များ၏ ယေဘုယျဘဝကျေနပ်မှုအပေါ် များစွာ ထိခိုက်နေသည်။ ဤထိခိုက်မှုသည် ပို၍ ကြာရှည်စွာဖြစ်နေလိမ့်မည်ဟု မှန်းဆနိုင်သည်။ (https://www.ncbi.nlm.nih.gov/pmc/articles/ PMC6114278/)

ပုံ (၄.၂၀)။ **အလုပ်အကိုင်အခြေအနေအလိုက် ဘဝအပေါ် ယေဘုယျစိတ်ကျေနပ်မှု (ရာခိုင်နှုန်း)**




ပုံ( ၄.၂၁)။ **ကျား/မအလိုက် ဘဝအပေါ် အတော်ပျော်ရွှင်ခြင်း သို့မဟုတ် အလွန်ပျော်ရွှင်ခြင်း (ရာခိုင်နှုန်း)**





ပုံ (၄.၂၂) သည် အထက်ဖော်ပြပါ ဘဝရှုထောင့်အား သမိုင်းကြောင်းအရ ထောက်ပံ့ပေးသည်။ ၎င်းသည် အထည်ချုပ်ကဏ္ဍစစ်တမ်းမှ ရလဒ်များကို ၂၀၂ ခုနှစ်မတ်လတွင် ဖြေဆိုသူ ၁၂၀၀ ပါဝင်သော နမူနာအုပ်စုအပေါ် ဆောင်ရွက်ခဲ့သည့် ကမ္ဘာ့တန်ဖိုးစစ်တမ်း[၆၂] မှရလဒ်များနှင့် နှိုင်းယှဉ်ပေးသည်။ စစ်တမ်းနှစ်ခုမှ ဘဝကျေနပ်မှုဆိုင်ရာ မေးခွန်းများသည် တူညီသောအသုံးအနှုန်းဖြင့် ရေးသားထားပြီး ကောင်းမွန်စွာ နှိုင်းယှဉ်နိုင်စေသည်။[၆၃]

ပုံ (၄.၂၂) တွင်ပြသထားသည့်အတိုင်း ဘဝ၏ ယေဘုယျအလားအလာသည် အချိန်နဲ့အမျှ ပိုမိုဆိုးရွားလာသည်။ ပထမဦးစွာ လုံးဝမပျော်ရွှင်ပါ နှင့် မပျော်ရွှင်ပါ ဟုဖြေဆိုသူပမာဏသည် ၂၀၂၀ ခုနှစ်တွင် ၃.၅ နှင့် ၂၃.၆ ရာခိုင်နှုန်းရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၉.၀ နှင့် ၄၇.၆ ရာခိုင်နှုန်းအထိ ခုန်တက်ခဲ့သည်။[၆၄] ဒုတိယအနေဖြင့် ကျန်းမာရေးကောင်းကြောင်း ပြောဆိုထားသည့် ဖြေဆိုသူပမာဏမှာ စစ်တမ်းနှစ်ခုအကြား နှစ်နှစ်အတွင်း ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ တတိယအနေဖြင့် အလုပ်ဆုံးရှုံးမည်ကို စိတ်ပူသော ဖြေဆိုသူပမာဏမှာ ၂၀၂၀ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အကြား ၁.၅ ဆ မြင့်တက်လာခဲ့သည်။ နောက်ဆုံးအနေဖြင့် မြန်မာနိုင်ငံတွင် မိမိတို့၏ကလေးများအတွက် လုံခြုံသော အနာဂတ်ပေးဆောင်ရန် စသည့် စိတ်ပူပန်မှုအချို့သည် အချိန်ကြာလာသည်နှင့်အမျှ တည်ရှိနေဆဲဖြစ်သည်။

---

၆၂ ဤအချိန်သည် ကိုဗစ် ၁၉ ပထမလှိုင်း၏ အဆုံးမှတ်ဖြစ်ပြီး မြင့်တက်ရန် အလားအလာရှိသည့် အချိန်ဖြစ်ကာ ရလဒ်များကို နှိုင်းယှဉ်ရန်အတွက် စံအမှတ်ကို ထောက်ပံ့ပေးသည်။
၆၃ လွှမ်းခြုံမှုနှင့် ကိုယ်စားပြုမှုအဆင့်အရ နိုင်ငံအဆင့်ကိန်းဂဏန်းများနှင့် အထည်ချုပ်ကဏ္ဍစစ်တမ်းမှ ကိန်းဂဏန်းများကို နှိုင်းယှဉ်ရာတွင် သတိဖြင့် ဆောင်ရွက်သင့်သည်။
၆၄ ယခင်စာပိုဒ်များရှိ အသေးစိတ်ရှင်းလင်းချက်အချို့နှင့် ကိုက်ညီသည်။

ပုံ (၄.၂၂)။ ၂၀၂၀ နှင့် ၂၀၂၂ အကြား ချမ်းသာသုခကို ကိုယ်တိုင်ခံစားရခြင်း (ရခိုင်နှုန်း)





## ၄.၈။ မိမိတို့၏ ရပ်ကွက်/ကျေးရွာတွင် လုံခြုံမှုခံစားရခြင်း

အမျိုးသမီး ထက်ဝက်နီးပါး (၄၄.၀ ရာခိုင်နှုန်း) သည် နေ့ဘက်တွင် ၎င်းတို့၏ ကိုယ်ပိုင်ရပ်ကွက် သို့မဟုတ် ကျေးရွာတွင် လုံခြုံမှုမရှိဟု ခံစားရသည်။ ဤအစီရင်ခံစာတွင်ဖော်ပြထားသော မြို့နယ်နှစ်ခုရှိ လုံခြုံရေးအခြေအနေ ယိုယွင်းလာမှုကို ထင်ဟပ်သည့်အနေဖြင့် လုံခြုံမှုမရှိဟု ခံစားရသောအမျိုးသားပမာဏမှာ အနည်းငယ်ပိုများသည် (၄၇.၀ ရာခိုင်နှုန်း) (အောက်စာပိုဒ်တွင် ဆက်လက် ကြည့်ရှုရန်)။[65]

ပုံ(၄.၂၃)တွင်ဖော်ပြထားသည့်အတိုင်းရွေးချယ်ထားသောမြို့နယ်များရှိ အထည်ချုပ်လုပ်သားများသည် မလုံခြုံမှုကို ပို၍ခံစားရသည်။ မြန်မာနိုင်ငံရှိ လုံခြုံရေးအခြေအနေကို တိုင်းတာရန် (အရပ်သားများအပေါ် အကြမ်းဖက်မှုများ တိုးမြင့်လာမှုရှိလာသည်နှင့်အမျှ)[66] UNDP သည် ပဋိပက္ခအပေါ်ထိခိုက်လွယ်မှုညွှန်းကိန်း (Vulnerability to Conflict Index – VCI) ကို ဖန်တီး၍ ညွှန်းကိန်း၏ ပြင်းထန်မှုအရ မြို့နယ် ၃၃၀ ကို အဆင့်သတ်မှတ်ပေးခဲ့သည်။ ညွှန်းကိန်းအဆင့်မြင့်သည့် မြို့နယ်များသည် ပဋိပက္ခကြောင့် ထိခိုက်မှု ပိုမိုမြင့်မားသည်။ ဤစစ်တမ်းတွင် အသုံးပြုသည့် မြို့နယ်နှစ်ခုသည် ညွှန်းကိန်းအရ ထိပ်ပိုင်းတွင်ရှိသော လှိုင်သာယာ – အဆင့်(၃၉) နှင့် ရွှေပြည်သာ – အဆင့်(၈၇) တို့ဖြစ်ကာ လုံခြုံမှုမရှိဟု ခံစားရသူပမာဏမြင့်မားသည်။ ဤအချက်သည် လုံခြုံမှုမရှိဟု ခံစားရသည့် အမျိုးသမီးပမာဏက ယခင်နှစ်အကုန်တွင် တင်ပြထားသော တစ်နိုင်ငံလုံးပျမ်းမျှထက် ၁၄ ရာခိုင်နှုန်းပိုမိုမြင့်မားနေသည့် အကြောင်းရင်းကို ရှင်းပြပေးသည်။

[65] https://www.frontiermyanmar.net/en/a-day-of-tragedy-and-terror-in-hlaing-tharyar/
[66] https://www.nytimes.com/article/myanmar-news-protests-coup.html

ပုံ (၄.၂၃)။ နှစ်အလိုက် မိမိတို့၏ ရပ်ကွက်/ကျေးရွာအတွင်း နေ့အချိန်၌ လုံခြုံမှုမရှိဟု ခံစားရသည့် အမျိုးသမီးရာခိုင်နှုန်း




UNDP ၏ **ပဋိပက္ခအပေါ်ထိခိုက်လွယ်မှုညွှန်းကိန်းသည် မြန်မာနိုင်ငံရှိ မြို့နယ်အဆင့်တွင် အရပ်သားများအပေါ် အကြမ်းဖက်မှုကို မှတ်တမ်းတင်ပေးသည်။** အကြမ်းဖက်မှု၏ ထိခိုက်မှုကို အရပ်သားများက အဓိကခံစားရသည့် ဖြစ်ရပ်များအတွက် **ACLED** ကိန်းဂဏန်း (လက်နက်ကိုင်ပဋိပက္ခတည်နေရာနှင့် ဖြစ်ရပ်အချက်အလက်စီမံကိန်း) ကို စိစစ်ပိုင်းခြားခြင်းဖြင့် ညွှန်းကိန်းကို တည်ဆောက်ထားသည်။ နောက်ထပ်ညွှန်းကိန်းနှစ်ခုကို UNDP မှ ဖန်တီးထားပြီး – (၁) အရပ်သားသေဆုံးမှုများနှင့် (၂) နေရပ်စွန့်ခွာစေသည့် ဖြစ်ရပ်အရေအတွက် တို့ကို ထင်ဟပ်ပေးသည်။ **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ** ဖြစ်ရပ်များ သို့မဟုတ် သေဆုံးမှုများ၏ စုစုပေါင်းအရေအတွက်အဖြစ် ညွှန်းကိန်းများကို တိုင်းတာခဲ့သည်။ မြို့နယ်များတစ်လျှောက် ညွှန်းကိန်းများရှိ အပြောင်းအလဲအပေါ် မူတည်၍ **ညွှန်းကိန်းခုနစ်ခုကို ထည့်သွင်းထားသည်** –

- ကျည်/အမြောက်/ဒုံးကျည် ပစ်ခတ်မှု
- ဖမ်းဆီးမှု
- လုယက်ခြင်း/ပစ္စည်းဖျက်ဆီးမှု
- နေရပ်စွန့်ခွာမှု
- အရပ်သားသေဆုံးမှု
- တိုက်ခိုက်မှု
- အဝေးထိန်းဖောက်ခွဲမှုများ

တူညီသောသက်ရောက်မှုအလေးချိန်ကို အသုံးပြု၍ ညွှန်းကိန်းများအား ပေါင်းစည်းခြင်းမပြုမီ အမြင့်ဆုံး–အနိမ့်ဆုံး စံချခြင်းအား အသုံးပြုထားသည်။

## ၄.၉။ မြန်မာနိုင်ငံအထည်ချုပ်လုပ်သားများ။ နေရပ်ရွှေ့ပြောင်းသူများ၏ ရှုထောင့်

ပိုမိုဆိုးရွားလာသော စီးပွားရေးအခြေအနေနှင့်တွဲဖက်၍ မလုံခြုံသော ခံစားချက်များသည် ထောင်ပေါင်းများစွာသော ကုန်ထုတ်လုပ်ရေးနှင့် အထည်ချုပ်လုပ်သားများအား ၎င်းတို့၏ ဇာတိရွာသို့ ပြန်လည်ရွှေ့ပြောင်းနေထိုင်ရန် ဖိအားပေးခဲ့သည်။ တစ်ခါတစ်ရံ၌ ဤ 'ပြန်လည်ရွှေ့ပြောင်းနေထိုင်ခြင်း' သည် မြန်မာနိုင်ငံ၏ မြို့ကြီးများရှိ တိုးတက်သော ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေသော လုပ်သားများက စိုက်ပျိုးရေးတွင် လုပ်ကိုင်ခြင်းဖြင့် (ပိုမကောင်းလျှင်တောင်) တန်းတူဖြစ်နိုင်မည်ဟူသော မျှော်လင့်ချက်များကြောင့် လှုံ့ဆော်ခံရခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း အထည်ချုပ်လုပ်သား တစ်သိန်းကျော်သည် လှိုင်သာယာမှ ထွက်ခွာခဲ့သည်ဟု ခန့်မှန်းရသည်။

မီးရှို့ဖျက်ဆီးမှုများကြောင့် အလုပ်အကိုင်အချို့ ချက်ခြင်းပျောက်ကွယ်သွားခဲ့သည်။ ထိုအလုပ်အကိုင်များသည် အကြမ်းဖျင်းအားဖြင့် ၁၈၀၀၀ သို့မဟုတ် ၎င်းထက်ပိုရှိမည်ဟု မြန်ကူအစီအစဉ်က ခန့်မှန်းထားသည်။ စက်ရုံ ၃၆ ရုံကျော် သိသိသာသာ ပျက်စီးခဲ့သည်။ မြန်ကူနှင့်ချိတ်ဆက်ခဲ့သော စက်ရုံ ၁၂ ရုံသည် ဆိုးရွားစွာ ပျက်စီးခဲ့ပြီး အပြီးတိုင် သို့မဟုတ် ယာယီပိတ်ပစ်ခဲ့သည်။ ဤစက်ရုံပေါင်းများစွာသည် (ဥပမာအားဖြင့် Sen Ma Te နှင့် Meijie တို့သည်) ၂၀၂၁ နှောင်းပိုင်းတွင် ၎င်းတို့၏အဆောက်အအုံပစ္စည်းများကို ပြင်ဆင်ခဲ့သည် သို့မဟုတ် ပြန်လည်တည်ဆောက်ခဲ့သည်။ သို့သော် အခြားစက်ရုံများသည် နိုင်ငံတကာဈေးကွက်တွင် လုပ်ငန်းကဏ္ဍ၏ ကံကြမ္မာက များစွာမသေချာသောကြောင့် အလားတူဆောင်ရွက်ခြင်း မရှိသေးပေ။

စစ်တမ်းတွင် "မူလနေရပ်သို့ ပြန်သွားခဲ့ပါသလား" ဟူသော မေးခွန်းမပါရှိသောကြောင့် **'ပြန်လည်ရွှေ့ပြောင်းနေထိုင်သူများ'** ကို အောက်ပါအတိုင်း ဖွင့်ဆိုခဲ့သည် –

(၁) ဖြေဆိုသူသည် လက်ရှိအဆောင်တွင် နေထိုင်ခြင်းမရှိပါ။

(၂) ဖြေဆိုသူ၏ အိမ်ထောင်စုသည် ရွာတစ်ရွာတွင် နေထိုင်သည်။

ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို အသုံးပြုပါက ဖြေဆိုသူ ၄.၈ ရာခိုင်နှုန်းကို ပြန်လည်ရွှေ့ပြောင်းနေထိုင်သူများဟု ယူဆနိုင်သည်။

အခွင့်အလမ်းမရှိခြင်းနှင့် အလုံးစုံစိတ်ပျက်အားငယ်ခြင်းတို့သည် ပြန်လည်ရွှေ့ပြောင်းနေထိုင်ခြင်း၏ အဓိကအကြောင်းရင်းများဖြစ်သည်။ ထို့အပြင် ကျေးလက်ဒေသများတွင် (ကိုယ်ပိုင်အစားအစာ စိုက်ပျိုးနိုင်ခြေအပါအဝင်) ကုန်ကျစရိတ်သက်သာခြင်းသည် ပြန်လည်ရွှေ့ပြောင်းနေထိုင်ခြင်း၏ နောက်ထပ်အကြောင်းရင်းတစ်ခုဖြစ်နိုင်သည်။ သို့ရာတွင် ပုံ (၄.၂၄) တွင် ပြန်လည်ရွှေ့ပြောင်းနေထိုင်သူများ၏ ဝင်ငွေသည် ရွှေ့ပြောင်းနေထိုင်သူမဟုတ်သူများထက် နိမ့်ကျနေပြီး ပုံမှန်တန်ဖိုးအရ နိမ့်ဆင်းနေသည်။ စစ်တမ်းပါ ပြန်လည်ရွှေ့ပြောင်းနေထိုင်သူများသည် ရွှေ့ပြောင်းနေထိုင်သူမဟုတ်သူများထက် ၂၇၀ ကျပ် လျော့နည်းသည်။[၆၇] အထူးသဖြင့် ယခုအခါ အလုပ်လက်မဲ့ဖြစ်နေကြသော အထည်ချုပ်လုပ်သားဟောင်းများ၏ ပြန်လည်ရွှေ့ပြောင်းနေထိုင်မှုသည် ယခုမိသားစုအတွက် ငွေလွှဲခြင်းက ယခင်ငွေလွှဲပို့ခြင်းထက် ပိုမိုနည်းပါးစေသည်။ ကျွန်ုပ်တို့၏ ခန့်မှန်းချက်များအရ အထည်ချုပ်ကဏ္ဍရှိ အလုပ်အကိုင်များအားလုံး ပျောက်ပျက်သွားပါက ဤနယ်ပယ်ရှိငွေလွှဲမှုပေါင်း အမေရိကန်ဒေါ်လာ (၁၁၁) သန်း ဆုံးရှုံးနိုင်ပြီး လုပ်သားဟောင်းများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများရှိ ၎င်းတို့၏ မိသားစုများထံသို့ ပြန်လည်သွားရောက်မည်ဖြစ်သည်။[၆၈] ၎င်းသည် ဆင်းရဲမွဲတေမှုနှုန်းအပေါ် ပြင်းထန်သော ဆိုးကျိုးကို ဖြစ်ပေါ်စေလိမ့်မည်။


ထို့အပြင် ကျွန်ုပ်တို့၏နမူနာအုပ်စုရှိ ပြန်လည်ရွှေ့ပြောင်းနေထိုင်သူများသည် စီးပွားရေးကျပ်တည်းမှုကို ပိုမိုစိုးရိမ်ကြောင်း အချက်အလက်များက ညွှန်ပြနေသည်။ ပုံ (၄.၂၅) တွင် (၈၅) ရာခိုင်နှုန်းသော ရွှေ့ပြောင်းနေထိုင်သူများသည် ၎င်းတို့ဘဝ၏ အပြင်းထန်ဆုံး ပြဿနာများထဲမှ တစ်ခုအဖြစ် စီးပွားရေးအခက်အခဲကို ရွေးထုတ်ခဲ့သည်။ ဘေးကင်းလုံခြုံရေးပြဿနာသည် အချို့သောလုပ်သားများအား ရန်ကုန်မြို့မှ ထွက်ခွာစေနိုင်သော်လည်း နှိုင်းယှဉ်ချက်အရ ကျေးရွာများတွင် ငြိမ်သက်မှုရှိသောကြောင့် ရွှေ့ပြောင်းနေထိုင်သူများ၏ ဘေးကင်းလုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ လျော့နည်းသွားသည်။

---


[၆၇] လုပ်အားခအား ငွေကြေးဖောင်းပွမှုအတွက် ပြန်လည်ချိန်ညှိရာတွင် ကျေးလက်ဒေသများ၌ ဈေးနှုန်းလျော့နည်းနိုင်သော်လည်း (မြို့ပြနှင့် ကျေးလက်တွင်) တူညီသော CPI ကို အသုံးပြုခဲ့သည်။

[၆၈] ဤကိန်းဂဏန်းတွင် ထည့်သွင်းစဉ်းစားရမည့် သတိပေးအချက်အချို့ရှိသည်။ ပထမအနေဖြင့် ငွေလွှဲလျော့ကျမှုအား တွက်ချက်ရာတွင် ကျွန်ုပ်တို့သည် အထည်ချုပ်စစ်တမ်းမှ ရွှေ့ပြောင်းလုပ်သားများကို ထည့်သွင်းစဉ်းစားထားသောကြောင့် ရန်ကုန်မြို့နှင့် အနီးတဝိုက်ရှိ ဖြေဆိုသူများကိုသာ အလွန်အကြူး ဘက်လိုက်ထားသည်။ ဒုတိယအနေဖြင့် အထက်တွင် ဆွေးနွေးထားသည့်အတိုင်း ကျွန်ုပ်တို့ အသုံးပြုသော စစ်တမ်းမှာ အထည်ချုပ်ကဏ္ဍလုပ်သားတစ်ခုလုံးကို ကိုယ်စားပြုနိုင်စွမ်းမရှိပါ။ တတိယအနေဖြင့် ငွေလွှဲမှုကို မှတ်တမ်းတင်ရန် အသုံးပြုသည့် မေးခွန်းတွင် ဘက်လိုက်မှုရှိသည်။ လုပ်သားများအနေဖြင့် မိမိတို့အတွက် သိမ်းဆည်းထားခြင်းမရှိသည့် ဝင်ငွေပမာဏကို ငွေလွှဲပမာဏအဖြစ် အပြည့်အဝ တွက်ချက်ထားသောကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် အထက်တွင်ဖော်ပြထားသော အမေရိကန်ဒေါ်လာ ၁၁၁ သန်းသည် အထည်ချုပ်အလုပ်အကိုင်များ ပျောက်ဆုံးသွားသောကြောင့် ယေဘုယျငွေလွှဲလျော့ကျမှု၏ အနိမ့်ဆုံးခန့်မှန်းချက်များဖြစ်သည်။

ပုံ (၄.၂၄)။ တည်နေရာအခြေအနေအရ ပျမ်းမျှနေ့စဉ်လုပ်အားခ




ပုံ (၄.၂၅)။ တည်နေရာအခြေအနေအရ အိမ်ထောင်စုမှ ရင်ဆိုင်ရသော အဓိကပြဿနာများ (ရာခိုင်နှုန်း)




## ၄.၁၀။ မြန်ကူမှရန်ပုံငွေများ။ အသုံးပြုပုံနှင့် သတ်မှတ်ချက်

၂၀၂၁ ခုနှစ် အောက်တိုဘာလအထိ မြန်ကူအစီအမံမှ ငွေသား ထောက်ပံ့မှု[၆၉] စုစုပေါင်း ယူရို ၃.၅ သန်းအား အလုပ်ထုတ်ခံရသော သို့မဟုတ် အနားပေးခံရသော အထည်ချုပ်နှင့် ဖိနပ်စက်ရုံ လုပ်သားများသို့ ပေးချေခဲ့သည်။ စက်ရုံ ၃၄၀ ကျော်မှ လုပ်သားများအား မြန်ကူအစီအစဉ်မှ ထောက်ပံ့ပေးထားပြီး ငွေသားကို Wave Money မိုဘိုင်းလ်ဖုန်းပလက်ဖောင်းကို အသုံးပြု၍ လွှဲပြောင်းပေးခဲ့သည်။

မြန်ကူအစီအစဉ်အား တရားဝင်စတင်သည့် ရလဒ်အနေဖြင့် အလုပ်သမား ၉၀၀၀၀ မှ ၁၀၀၀၀၀ ကြား (စုစုပေါင်း လုပ်သားအင်အား ၇၀၀၀၀၀ ရှိသည်ဟု ယူဆပါက လုပ်သား ၁၄ ရာခိုင်နှုန်း အထိ) ရောက်ရှိခဲ့သည်။ ထို့အပြင် စုစုပေါင်းငွေလွှဲမှု ၁၅၇၀၀၀ (ငွေသား သို့မဟုတ် ဘောက်ချာများ) ပြုလုပ်ခဲ့သည်။ ပိုမိုများပြားသော အလုပ်သမားများထံ တတ်နိုင်သမျှ ရောက်ရှိနိုင်ရန် အခြားအဖွဲ့များ အကြား မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ကို အသုံးပြု၍ ပိုက်ကွန်ကို တတ်နိုင်သမျှ ကျယ်ပြန့်အောင် လွှင့်ထုတ်ခဲ့သည် (၂၀၂၀ ခုနှစ် မေလမှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ အရှိန်အဟုန်မြှင့်ခဲ့သည်)။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအကုန်တွင် ၁၁.၄ ဘီလီယံကျပ်တန်ဖိုးရှိသော လွှဲပြောင်းမှုများအပြင် ကျပ် ၃၆၈ သန်း တန်ဖိုးရှိသော ဘောက်ချာများကို လွှဲပြောင်းပေးခဲ့သည်။ ၂၀၂၁ နှစ်ကုန်မှစ၍ ရန်ပုံငွေမရှိသောကြောင့် ငွေကြေးထုတ်ပေးမှုများ နှေးကွေးခဲ့သည်။

၆၉ https://smartmyanmar.org/en/news/eu-myan-ku-fund-issues-over-54-billion-mmk-in-support-to-garment-factory-workers

ထောက်ပံ့ငွေလက်ခံရရှိခြင်း၏ အဓိကလိုအပ်ချက်မှာ အထည်ချုပ်ကဏ္ဍရှိအလုပ်အား ဆုံးရှုံးခြင်းဖြစ်သည် (အလုပ်သမား အချက်အလက်များတွင် အလုပ်ရရှိသောအလုပ်သမားများပင် ယခင်နှစ်နှစ်အတွင်း တစ်ချိန်ချိန်၌ အလုပ်လက်မဲ့ဖြစ်ခဲ့သည်ဟု သက်ရောက်သည်)။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှစတင်၍ အဓိကလိုအပ်ချက်ကို ဖြည့်စွက်အခြေအနေများဖြင့် ပေါင်းစပ်ထားသည် – (က) ကိုယ်ဝန်ရှိခြင်း သို့မဟုတ် ကလေးမိခင်ဖြစ်ခြင်း၊ (ခ) ရွှေ့ပြောင်းအလုပ်သမားဖြစ်ခြင်း၊ (ဂ) လွန်ကဲသော ဆင်းရဲဒုက္ခ ကြုံနေရခြင်း နှင့် (ဃ) ကျွမ်းကျင်မှု အသစ်သင်ကြားခြင်း (သက်မွေးဝမ်းကျောင်းသင်တန်း ပြီးမြောက်သည့် အလုပ်သမားများအတွက် အခြေအနေအလိုက် အခကြေးငွေပေးချေမှု) (ဇယား–၂)။

မြန်ကူအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ခွဲဝေပေးသည့်ငွေကို အစားအစာဝယ်ယူရန် အများစုကို အသုံးပြုခဲ့ကြောင်း ဖြေဆိုသူ ၇၇.၅ ရာခိုင်နှုန်းက တင်ပြခဲ့သည် (ပုံ–၄.၂၆)။ ဖြေဆိုသူဆယ်ဦးတွင် တစ်ဦးခန့်က ထိုငွေကို အိမ်ငှားရမ်းခပေးရန် အသုံးပြုခဲ့သည်။ ဖြေဆိုသူ လေးရာခိုင်နှုန်းခန့်သည် ကျန်းမာရေးကုန်ကျစရိတ်များကို ကာမိစေရန် အစီအစဉ်၏အကူအညီကို အသုံးပြုခဲ့ကြသည်။


ပိုမိုများပြားသော ငွေပမာဏကိုရရှိသည့် ကိုယ်ဝန်ဆောင် သို့မဟုတ် နို့တိုက်မိခင်များရှိသောမိသားစုများမှလွဲ၍ မြန်ကူမှရရှိသောပျမ်းမျှ ငွေကြေးသည် လစဉ်အိမ်သုံးစရိတ်၏ ငါးပုံတစ်ပုံအောက်ရှိသည် (ဇယား–၂ ကိုကြည့်ရန်)။[70] ဤငွေများသည် အိမ်ထောင်စုများကို အကူအညီဖြစ်စေသော်လည်း ပဋိပက္ခနှစ်ခုကြောင့်ဖြစ်သော စီးပွားရေးဒဏ်၏ သိသာထင်ရှားသော အကျိုးသက်ရောက်မှုကို မခုနှိမ်နိုင်ပေ။

မည်သို့ပင်ဆိုစေကာမူ မြန်ကူအား ကောင်းမွန်စွာ ပစ်မှတ်ထား၍ ဆောင်ရွက်ထားသည်ဟု ဆိုနိုင်သည်။ စစ်တမ်း၏ သဘောသဘာဝအရ ပစ်မှတ်ထားဆောင်ရွက်ခြင်းကို ကိုယ်စားပြုပေးရာတွင် မြန်ကူ၏ အရေးပါမှုအပေါ် မေးခွန်းမေးမြန်းထားသည်။ ထိုသို့မေးမြန်းရာတွင် အာဏာသိမ်းချိန်မှစ၍ အိမ်ထောင်စုဝင်ငွေကျဆင်းသွားသော ၅၃.၇ ရာခိုင်နှုန်းသည် မြန်ကူ၏ အထောက်အပံ့ကို ‘အလွန်အရေးပါသည်’ ဟု သတ်မှတ်ခဲ့ပြီး ယခင်ဝင်ငွေအတိုင်းဖြစ်သော အိမ်ထောင်စု ၄၁.၁ ရာခိုင်နှုန်းနှင့် ဆန့်ကျင်ဘက်ဖြေဆိုခဲ့သည် (ပုံ–၄.၂၇)။

ပုံ (၄.၂၆)။ မြန်ကူရန်ပုံငွေအား အဓိကအသုံးပြုမှု (ရာခိုင်နှုန်း)




ပုံ (၄.၂၇)။ အာဏာသိမ်းချိန်မှစ၍ အိမ်ထောင်စုဝင်ငွေကျဆင်းသွားသော သို့မဟုတ် ယခင်အတိုင်းဖြစ်သော အိမ်ထောင်စုများအတွက် မြန်ကူ၏အရေးပါမှု




[70] ဤပမာဏကို တွက်ချက်ရန်အတွက် ကျွန်ုပ်တို့သည် အထည်ချုပ်လုပ်သားများရှိသော အိမ်ထောင်စုများ၏ ပျမ်းမျှအိမ်ထောင်စုကုန်ကျစရိတ် (MLCS မှ) ဖြစ်သည့် လစဉ် ၃၆၀,၀၀၀ ကျပ်ကို ရယူထားသည်။ ၇၉,၀၀၀ ကိုမူ ဤယေဘုယျ ဘတ်ဂျက်၏ ဝေစုအဖြစ် တွက်ချက်ထားသည်။

## ဇယား(၂)။ မြန်ကူနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီး/နို့တိုက်မိခင်များ

၂၀၂၁ ခုနှစ်အစောပိုင်းကတည်းက အစီအစဉ်၏အဓိကအာရုံစိုက်မှုမှာ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များကို ကူညီရန်ဖြစ်သည်။ မြန်ကူအစီအစဉ်သည် ဤလူအုပ်စုခွဲအတွက် မတူညီသောနည်းလမ်းအနည်းငယ်ရှိသည် – (၁) ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် ငွေလွှဲပြောင်းမှုသည် ပိုမိုကြာမြင့်ပြီး ခြောက်လခန့်အထိ ကြာရှည်သည် (၂) ဤလွှဲပြောင်းမှုအတွက် အမြင့်ဆုံးကန့်သတ်ချက်မှာ မြန်မာကျပ်ငွေ ၇၅၀၀၀၀ ဖြစ်ပြီး ထိုပမာဏသည် ကျန်ရှိသော အထည်ချုပ်လုပ်သားဟောင်းများရရှိသည်ထက် သိသာစွာ မြင့်မားသည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ၏ လူမှုစီးပွားနှင့် လူနေမှုဘဝ လက္ခဏာရပ်များသည် ကျွန်ုပ်တို့၏ အဓိကနမူနာအုပ်စုနှင့် အောက်ပါအချက်များအရ ဆင်တူသည် – (က) ငယ်ရွယ်သူများဖြစ်ပြီး အများစုမှာ အသက် ၃၀ အောက် (ခ) အိမ်ထောင်ရှိသူများ (ဂ) ၎င်းတို့အနက် သုံးပုံနှစ်ပုံခန့်သည် မူလတန်း သို့မဟုတ် အလယ်တန်းကျောင်းပြီးမြောက်ပြီးဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့၏ စစ်တမ်းတွင် ပါဝင်သော အထည်ချုပ်လုပ်သားဟောင်းများနှင့် မတူသည်မှာ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များသည် အလုပ်မလုပ်ကြပါ။ အလားတူပင် ပဋိပက္ခနှစ်ခု၏ သက်ရောက်မှုနှင့် စပ်လျဉ်း၍ ထိုအမျိုးသမီးများ၏ အမြင်သဘောထား (နှင့် ရင်ဆိုင်ဖြေရှင်းပုံ) သည် ကျွန်ုပ်တို့၏ စစ်တမ်း၏ တွေ့ရှိချက်များနှင့် ကျယ်ပြန့်စွာ နှိုင်းယှဉ်နိုင်သည်။ မြန်ကူအထောက်အပံ့လက်ခံသူများ၏ ဤအုပ်စုခွဲအပေါ် Smart Myanmar မှ ပြုလုပ်သော အကဲဖြတ်မှုအရ ၎င်းတို့အားလုံးနီးပါးသည် စီးပွားရေး လှုပ်ခတ်မှုကြောင့် အိမ်ထောင်စုဝင်ငွေများ လျော့နည်းသွားကြောင်း တင်ပြကြသည်။ ချေးငှားခြင်း၊ အသုံးစရိတ်များ လျှော့ချခြင်းနှင့် ပိုင်ဆိုင်မှုများကို ရောင်းချခြင်းတို့သည် (ကျွန်ုပ်တို့၏ စစ်တမ်းတွေ့ရှိချက်နှင့်အလားတူပင်) သည် အထည်ချုပ်လုပ်သားဟောင်းများ၏ ဤအုပ်စုတွင် အသုံးပြုသော အတွေ့ရအများဆုံး ဖြေရှင်းနည်းများဖြစ်သည်။ နောက်ဆုံးတွင် မြန်ကူမှငွေကို အိမ်အတွက် အစားအစာနှင့် အခြားထောက်ပံ့ရေးပစ္စည်းများဝယ်ရန် အများဆုံးအသုံးပြုခဲ့သည်။

အထက်ဖော်ပြပါ အကဲဖြတ်မှုသည် မြန်ကူထောက်ပံ့မှုရရှိခြင်းနှင့် မိခင်နှင့်ကလေးနှစ်ဦးစလုံးအတွက် ကျယ်ပြန့်သော ကျန်းမာရေးနှင့် အစာအာဟာရဆိုင်ရာ ရလဒ်များအကြား ဆက်စပ်မှုကိုလည်း လေ့လာကြည့်ရှုခဲ့ပါသည်။ ထွက်ပေါ်လာသော ကျယ်ပြန့်သော ကောက်ချက်အချို့မှာ–

(က) အဆုံးသတ်မျဉ်းတွင် အိမ်တွင်းစားနပ်ရိက္ခာမဖူလုံမှုကို အိမ်ထောင်စုများက အလယ်အလတ် သို့မဟုတ် ပြင်းထန်စွာ တွေ့ကြုံနိုင်ခြေသည် ၃၉.၀ ရာခိုင်နှုန်းဖြစ်ပြီး အခြေခံမျဉ်း၌ရှိသော ၄၅.၆ ရာခိုင်နှုန်းမှ လျော့နည်းလာခြင်းကို ကိုယ်စားပြုသည်။

(ခ) အခြေခံမျဉ်းနှင့် အဆုံးသတ်မျဉ်းအကြား စုံလင်ကွဲပြားသောအစားအစာများကို အနည်းဆုံးရရှိသည့် အမျိုးသမီးပမာဏသည် အနည်းငယ်မြင့်တက်လာသည်။

(ဂ) နမူနာအုပ်စု၏ အများစုအတွက် အချိန်ကိုက်ဖြစ်သည့် မာကျောသော၊ တစ်ဝက်တစ်ပြတ်မာကျောသော နှင့် ပျော့ပျောင်းသော အစားအစာများအား စတင်ကျွေးမွေးခြင်း (၆ လမှ ၈လ) မှလွဲ၍ ဖြည့်စွက်စာကျွေးမွေးခြင်းဆိုင်ရာ ညွှန်းကိန်းသည် အသင့်ဆုံးပမာဏအောက် ရောက်နေသည်။ သုတေသီများသည် အစာအာဟာရညွှန်းကိန်းအချို့တွင် သိသာသောဖွံ့ဖြိုးတိုးတက်မှုရှိပြီး အခြားအရာများတွင်မူ ပိုမိုဆိုးရွားလာသည်ကို သတိပြုမိကြသည်။ အဆိုပါ အပြုသဘောဆောင်သော ပြောင်းလဲမှုအချို့သည် ကလေးသူငယ်များ အသက်ကြီးလာခြင်းကြောင့် ဖြစ်နိုင်ကြောင်း သတိပြုရန် အရေးကြီးပါသည်။

(ဃ) ကလေးများတွင် အခြေခံမျဉ်းနှင့် အဆုံးသတ်မျဉ်းအကြား ငွေကြေးအထောက်အပံ့မြင့်မားစွာရရှိ MDD (အနည်းဆုံးစုံလင်ကွဲပြားသောအစာအာဟာရ)၊ MAD (အနည်းဆုံးလက်ခံနိုင်သောအစာအာဟာရ)၊ ကြက်ဥ နှင့်/သို့မဟုတ် အသားစားသုံးမှု၊ ကျန်းမာရေးနှင့်မညီညွတ်သောအစားအစာစားသုံးမှုတို့နှင့် သိသိသာသာ အပြုသဘော ဆက်စပ်မှု ရှိနေသည်။


(င) နောက်ဆုံးတွင် အထောက်အပံ့၏ နောက်ဆုံးအကဲဖြတ်မှုအရ မိခင်နှင့် ကလေးတို့၏ အစာအာဟာရဆိုင်ရာ အသိပညာများ မြင့်တက်လာပါသည်။

## ၄.၁၁။ အလုပ်အတွက် လေ့ကျင့်သင်ကြားမှု လိုအပ်ချက်များ


တွေ့ဆုံမေးမြန်းမှုအတွင်း ဖြေဆိုသူအားလုံးကို "အလုပ်အတွက် သင်တန်းပေးမည်ဆိုလျှင် မည်သည့်ခေါင်းစဉ်က သင့်အတွက် အသုံးအဝင်ဆုံးဖြစ်မည်နည်း” ဟု မေးမြန်းခဲ့သည်။ ပုံ (၄.၂၈) တွင် ဖြေဆိုသူများရရှိချင်သည့် သင်တန်းအမျိုးအစားများကို မှတ်တမ်းတင်ပေးထားသည်။ ဖြေဆိုသူများ၏ သုံးပုံတစ်ပုံကျော်သည် အပ်ချုပ်/ဖက်ရှင်ဒီဇိုင်းဆိုင်ရာ သင်တန်းများ ထပ်မံလက်ခံရယူလိုကြသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ လက်ရှိအလုပ်မှ ဆက်လက်လုပ်ကိုင်နိုင်ခြေရှိပြီး ဖက်ရှင်လုပ်ငန်းအပေါ် ၎င်းတို့၏ ထိုးထွင်းသိမြင်မှုကို တည်ဆောက်လိုသောကြောင့်ဖြစ်သည်။[၇၁]

အမျိုးသားနှင့် အမျိုးသမီးကြားတွင် ထင်ရှားသော ကွာခြားချက်များရှိသည်။ အမျိုးသားများသည် စက်ပိုင်းဆိုင်ရာလုပ်ငန်း၊ ဘာသာစကားများနှင့် သတင်းအချက်အလက်နည်းပညာများကို ပို၍စာရင်းပြုဖော်ပြပြီး စာရင်းပြုစုနိုင်ခြေပိုများပြီး အမျိုးသမီးများသည် အပ်ချုပ်/ဖက်ရှင်ဒီဇိုင်း၊ စီးပွားရေးစီမံခန့်ခွဲမှု/စာရင်းကိုင်နှင့် သတင်းအချက်အလက်နည်းပညာတို့အား တက်ရောက် လေ့လာခြင်းကို ပိုမိုနှစ်သက်ကြသည်။ ၎င်းသည် အထည်ချုပ်ကဏ္ဍတွင် အလုပ်ပြုတ်သွားသောအခါတွင် ဖြေဆိုသူအချို့၏ ကိုယ်ပိုင်စီးပွားရေးကို ဖွင့်လိုသော ဆန္ဒကြောင့် တစ်စိတ်တစ်ပိုင်း ဖြစ်ပေါ်လာသည် (ပုံ-၄.၂၉)။

ပုံ (၄.၂၈)။ အလုပ်အတွက် သင်တန်းပေးမည်ဆိုလျှင် မည်သည့်ခေါင်းစဉ်က သင့်အတွက် အသုံးအဝင်ဆုံး ဖြစ်မည်နည်း




ပုံ (၄.၂၉)။ အထည်ချုပ်ကဏ္ဍမှအလုပ်ပြုတ်သွားလျှင် သင်မည်သို့ပြုလုပ်မည်နည်း (ရာခိုင်နှုန်း)




၇၁ လက်ရှိတွင် LIFT အစီအမံများမှ တဆင့် ရန်ကုန်မြို့ရှိ အထည်ချုပ်ကဏ္ဍသို့ မြန်မာနိုင်ငံအနှံ့မှ ရောက်ရှိလာသည့် အမျိုးသမီးအများစုအတွက် သင်တန်းအခွင့်အလမ်းအချို့ကို ထောက်ပံ့ပေးထားသည်။ အကျိုးရှိသော အလုပ်အကိုင်အတွက် စွမ်းဆောင်ရည်များနှင့် ကျွမ်းကျင်မှုများကို ရရှိရင်းဖြင့် ဘေးကင်းလုံခြုံသော ရွှေ့ပြောင်းမှု၊ အလုပ်သမားအခွင့်အရေးများနှင့် ကျား၊မ အခြေပြုအကြမ်းဖက်မှုတို့အပေါ် အသိပညာတိုးမြှင့်ပေးရန် ဖြစ်သည်။ ဥပမာအားဖြင့် https://myanmar.un.org/en/181622-lift-fund-supported- womens-cafe-becomes-lifeline-young-woman-hlaing-thar-yar ကို ကြည့်ပါ။

# ၅။ လုပ်ငန်းစစ်တမ်း၏ ရလဒ်များ

## ၅.၁။ နမူနာအုပ်စုဖော်ပြချက်

နည်းပညာအပိုင်းတွင် ဖော်ပြထားသည့်အတိုင်း လုပ်ငန်းနမူနာတွင် အဖွင့်မေးခွန်းများပါဝင်သော စစ်တမ်းမေးခွန်းလွှာအား ဖြေဆိုသည့် လုပ်ငန်း ၅၅ ခုပါဝင်သည်။ ထိုလုပ်ငန်းများအနက် ၄၅ ခု (၈၁ ရာခိုင်နှုန်းခန့်) သည် အထည်ချုပ်လုပ်ငန်းများဖြစ်ပြီး ကျန်လုပ်ငန်းများမှာ အထည်ချုပ်လုပ်ငန်းများနှင့် ဆက်စပ်လုပ်ကိုင်သည့် ကုမ္ပဏီများဖြစ်သည်။ ၎င်းတို့တွင် လက်လီအရောင်းဆိုင်များ (ဆိုင်ရောင်း နှင့် အွန်လိုင်းအရောင်း နှစ်မျိုးစလုံး)၊ အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုသည့် စက်ပစ္စည်းများ ပေးသွင်းသူများ (ဥပမာ။ ။ အပ်ချုပ်စက်များ ပေးသွင်းသူများ) နှင့် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ ပါဝင်ပါသည်။

လုပ်ငန်းများ၏ငါးပုံတစ်ပုံခန့်မှာ ရန်ကုန်တွင်ရှိပြီး ကျန် ၃၈ ရာခိုင်နှုန်းမှာ မန္တလေးတွင် တည်ရှိသည်။ ကျန်နမူနာများသည် အခြား ပြည်နယ်/ဒေသအချို့တွင် ပြန့်ကျဲနေသောလုပ်ငန်းများ ပါဝင်သည် (ပုံ-၅.၁)။


ပျမ်းမျှအားဖြင့် လုပ်ငန်းများသည် အလုပ်သမား ၅၉ ဦးခန့် အလုပ်ခန့်ထားသောကြောင့် ၎င်းတို့သည် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ၏ နယ်ပယ်အတွင်း ကျရောက်နေသည်။ အထည်ချုပ်လုပ်ငန်းများသည် (ပျမ်းမျှအားဖြင့် အလုပ်သမား ၆၆ ဦးကို အလုပ်ခန့်ထားပြီး) အနည်းငယ် ပိုကြီးသည်။ ၎င်းနှင့် ဆက်စပ်လုပ်ငန်းများတွင် ပျမ်းမျှအားဖြင့် အလုပ်သမား ၂၉ ဦး ခန့်အပ်ထားသည်။

## ၅.၂။ လုပ်ငန်းဆောင်ရွက်ရန် အတားအဆီးများ

လုံခြုံမှုမရှိခြင်းနှင့် စစ်အာဏာသိမ်းပြီးနောက် ယေဘုယျအားဖြင့် ဆူပူရှုပ်ထွေးမှုဖြစ်သည့်ရလဒ်ကြောင့် စီးပွားရေးလုပ်ငန်းအများအပြားသည် အနည်းဆုံးသုံးလ (အချို့မှာ ခြောက်လအထိ) ပိတ်ထားခဲ့ရသည်။[၇၂] ထုတ်လုပ်မှုကို ပြန်လည်စတင်ပြီး တဖြည်းဖြည်း ပြန်လည်ထူထောင်နေသော်လည်း ပဋိပက္ခ၏ သက်ရောက်မှုများကို လုပ်ငန်းကဏ္ဍတစ်ခုလုံး ခံစားနေကြရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်ကဏ္ဍကို ဒုက္ခပေးသည့် စီးပွားရေးအတားအဆီး သုံးခုရှိသည်။ ပထမအချက်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့် ဆက်စပ်နေပြီး ၎င်းကြောင့် ထုတ်လုပ်မှုနှင့် လုပ်ငန်းလည်ပတ်မှုမှာ ခက်ခဲပြီး မှန်းဆမရ ဖြစ်ရသည်။ SMEs များ

ပုံ (၅.၁)။ နမူနာလုပ်ငန်းများ၏ တည်နေရာပျံ့နှံ့မှု (ရာခိုင်နှုန်း)





၇၂ UNDP ကြိမ်နှုန်းမြင့်ညွှန်းကိန်း (ပထမအကြိမ်) အရ ၂၀၂၁ ခုနှစ် မတ်လတွင် အထည်ချုပ်စက်ရုံများစွာ မီးရှို့ခံရပြီး အချို့ကုမ္ပဏီများက မတ်/ဧပြီ ကာလတွင် လုပ်ငန်းလည်ပတ်မှုကို လုံးဝရပ်တန့်လိုက်ရသည်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်မီးရရှိရေးသည် အရေးကြီးကြောင်း လက်ရှိစာတမ်းများက အကြံပြုထားသည်။ ဓာတ်အားပြတ်တောက်မှု ပိုများလာခြင်းသည် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ ထုတ်လုပ်မှုလျော့ကျခြင်းနှင့် အလုပ်အကိုင်ကြီးထွားမှု လျော့ကျခြင်းတို့နှင့် ဆက်စပ်နေကြောင်း လက်ရှိအထောက်အထားများက ဖော်ပြနေသည်။[၇၃] [၇၄] အခြေခံ အဆောက်အအုံ အားနည်းခြင်းသည် ထုတ်လုပ်မှုကို ထိရောက်မှုနည်းသော ကုမ္ပဏီများသို့ ခွဲဝေပေးနိုင်ပြီး ငွေလုံးငွေရင်းကို လုပ်အားဖြင့် အစားထိုးနိုင်ကြောင်း စာတမ်းများက ဖော်ပြနေသည်။[၇၅]

သို့သော်လည်း လျှပ်စစ်မီးရရှိမှု နည်းပါးခြင်းနှင့် ဆက်စပ်နေသည့် စိန်ခေါ်မှုများသည် မြန်မာနိုင်ငံအတွက်သာမက မြန်မာနိုင်ငံရှိ အထည်ချုပ်ကဏ္ဍအတွက်ပါ အသစ်အဆန်းမဟုတ်ပေ။ ပုံ (၅.၂) သည် ၂၀၁၆ ခုနှစ်တွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံအတွက် နောက်ဆုံးရရှိထားသည့် စီးပွားရေးလုပ်ငန်းစွမ်းဆောင်ရည်စစ်တမ်းကို အခြေခံ၍ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများကြုံတွေ့နေရသည့် အဓိကအခက်အခဲများကို အကျဉ်းချုပ်ဖော်ပြထားပါသည်။ အဆိုပါဇယားသည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက် လျှပ်စစ်မီးရရှိမှုကို ဒုတိယအကြီးဆုံးအတားအဆီးအဖြစ် သတ်မှတ်ဖော်ပြထားသည်။ လျှပ်စစ်မီးရရှိရေးနှင့်ပတ်သက်၍ ညည်းညူသည့် အထည်ချုပ်လုပ်ငန်းပမာဏသည် စုစုပေါင်းနမူနာအတွက် ပမာဏနှင့် ဆင်တူပါသည်။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပဋိပက္ခသည် ကိုဗစ်အကြိုစစ်တပ်အာဏာသိမ်းမှုမတိုင်မီကာလများတွင် အဖြစ်များလေ့ရှိသည့် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို တိုးမြင့်စေခဲ့သည်။[၇၆]

ထို့ကြောင့် ဤအစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခဲ့သော လုပ်ငန်းအချို့သည် စွမ်းအင်ထောက်ပံ့မှုအရန်အဖြစ် မီးစက်များ ဝယ်ယူရကြောင်းကို ဖော်ပြခဲ့ကြသည်။ သို့သော်လည်း အမြဲမြင့်တက်နေသော လောင်စာဆီဈေးနှုန်းသည် (ဇယား-၃) ထုတ်လုပ်မှုကုန်ကျစရိတ်ကို သိသာထင်ရှားစွာ မြင့်တက်စေပြီး အမြတ်အစွန်းများကို လျော့ကျစေသည်။

ပုံ (၅.၂)။ **စီးပွားရေးလုပ်ငန်းများမှ ရင်ဆိုင်ရသော အဓိကအတားအဆီး (ရာခိုင်နှုန်း)။**




ရင်းမြစ်။ စီးပွားရေးလုပ်ငန်းစွမ်းဆောင်ရည်စစ်တမ်း၊ ၂၀၁၆ ခုနှစ်

၇၃ Aterido, R.; Hallward-Driemeier, M. ၂၀၁၀ "အလုပ်အကိုင်တိုးမြင့်မှုအပေါ် ရင်းနှီးမြှုပ်နှံမှုအခြေအနေ၏ သက်ရောက်မှု၊ Sub-Saharan African များက ဝင်ငွေနည်းပါးသော ဒေသများကို ထင်ဟပ်ဖော်ပြနေပါသလား?" ကမ္ဘာ့ဘဏ်၏ မူဝါဒသုတသန လုပ်ငန်းစာတမ်း၊ အမှတ် ၅၂၁၈

၇၄ Aterido, R; Hallward-Driemeier, M.; Pag�s, C. ၂၀၁၁ "လုပ်ငန်းငယ်များ၏ကြီးထွားမှုအတွက် ကြီးမားသောကန့်သတ်ချက်များ? လုပ်ငန်းများအန္တ စီးပွားရေးဝန်းကျင်နှင့် အလုပ်အကိုင်ကြီးထွားမှု" Economic Development and Cultural Change အပိုင်း ၅၉ (၃)၊ စာမျက်နှာ ၆၀၉-၆၄၇

၇၅ လက်ရှိ လက်တွေ့အခြေခံစာတမ်းများအရ အခြေခံအဆောက်အအုံမလုံလောက်ခြင်း (ဥပမာ။ လျှပ်စစ်မီးပြတ်တောက်ခြင်း) သည် ထုတ်လုပ်မှုလုပ်ငန်းစဉ်အား လျှပ်စစ်မီးပြတ်တောက်ခြင်းနှင့် လျှပ်စစ်မီး မရရှိခြင်းတို့ကြောင့် သက်ရောက်မှုလျော့နည်းသော ရင်းနှီးငွေပိုနည်း (သို့သော် အလုပ်သမားပိုများ) သည့် စက်ရုံများဆီသို့ ပြောင်းလဲစေနိုင်ကြောင်း တင်ပြထားသည်။ တစ်ပြိုင်တည်းပင် ဤစက်ရုံလုပ်ငန်းအမျိုးအစားများသည် ထုတ်လုပ်မှုအား ပို၍လျော့နည်းသည် (ဆိုလိုသည်မှာ တူညီသောရလဒ်ကို ထုတ်လုပ်ရန်အတွက် အလုပ်သမားများ ပို၍အသုံးပြုရသည်)။

၇၆ ဤယေဘုယျတွေ့ရှိချက်များတွင် ခြွင်းချက်အချို့ရှိသည်။ အထူးစီးပွားရေးဇုန်တွင် လုပ်ငန်းရှိသော ဖြေဆိုသူတစ်ဦး၏ ထောက်ပြချက်အရ အခြားနေရာနှင့် နှိုင်းယှဉ်ပါက အထူးစီးပွားရေးဇုန်အတွင်း၌ လျှပ်စစ်မီးရရှိမှုသည် ပိုမိုကောင်းမွန်ပြီး ပို၍ယုံကြည်စိတ်ချရသည်။

## ဇယား(၃)။ ယူကရိန်းနိုင်ငံပဋိပက္ခနှင့် မြန်မာနိုင်ငံ။ ။အထည်ချုပ်လုပ်ငန်း၏ အမြင်ရှုထောင့်

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ရုရှားနှင့် ယူကရိန်းကြား စစ်ပွဲဖြစ်ပွားခဲ့သည်။ ပဋိပက္ခ၏ အကြီးမားဆုံး သက်ရောက်မှုမှာ လောင်စာဆီနှင့် စားသောက်ကုန်ဈေးနှုန်းများ တိုးမြင့်လာခြင်းနှင့် အစာရေစာ ပြတ်လပ်မှုတို့ ဖြစ်သည်။ ရုရှားနှင့် ယူကရိန်း နှစ်နိုင်ငံစလုံးသည် ကမ္ဘာ၏စားနပ်ရိက္ခာအများဆုံးဖြန့်ဖြူးသည့်နိုင်ငံဖြစ်သည့်အတွက် ဤအချက်သည်ရှင်းလင်းသည်။မကြာသေးမီက The Economist မဂ္ဂဇင်း ၏ထုတ်ဝေမှုတစ်ခုတွင် ထိုပဋိပက္ခ၏အလုံးစုံသက်ရောက်မှု အထူးသဖြင့် စားနပ်ရိက္ခာနှင့်ဆက်စပ်သည့် သက်ရောက်မှုအလုံးစုံကို မခံစားရသေးကြောင်း ထောက်ပြထားသည်။




Source: The Economist, "The coming food catastrophe," 7 May 2022.

ထိုအချက်အပေါ်အခြေခံ၍ ထိုပဋိပက္ခအကြောင်းကြားသိထားခြင်း ရှိ/မရှိနှင့် ၎င်းတို့အား မည်သို့သက်ရောက်နိုင်သည်ကို စစ်တမ်းဖြေဆိုသူများအား မေးမြန်းခဲ့သည်။ လောင်စာဆီဈေးများမြင့်တက်လာခြင်းက ၎င်းတို့ကို ထိခိုက်စေပြီး နောက်ထပ်လည်း တိုးမြင့်လာနိုင်သည်ဟု မျှော်လင့်ထားကြောင်း တညီတညွတ်တည်း ပြောဆိုကြသည်။

ယူကရိန်းပဋိပက္ခက မြန်မာနိုင်ငံကို ထိခိုက်စေသော နောက်ထပ်လမ်းကြောင်းများရှိပါသည်။ ယေဘုယျအားဖြင့် ကမ္ဘာ့ချည်မျှင်ဈေးနှုန်းများ မြင့်တက်လာပြီး တရုတ်နိုင်ငံသည် မြန်မာနိုင်ငံမှ ချည်မျှင်အားလုံးကို ဝယ်ယူရန်ကြိုးပမ်းနေသောကြောင့်မြန်မာနိုင်ငံမှအသေးစား၊အငယ်စားနှင့် အလတ်စား (MSME) အထည်ချုပ်လုပ်ငန်းများကို ထိခိုက်နစ်နာစေသည်။ ဓာတ်မြေဩဇာဈေးများလည်း အလွန်မြင့်တက်လာသောကြောင့် အခြေအနေအပေါ် အသေးစိတ်စိစစ်ပိုင်းခြားရန် လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ချည်မျှင်ထုတ်လုပ်မှုအများဆုံး အဆင့်(၁၃) သို့မဟုတ် (၁၄) ရှိသော နိုင်ငံဖြစ်သည့်အတွက် လုံးဝ အရေးမပါလောက်သော အခြေအနေမဟုတ်ပေ။ ယူကရိန်းပဋိပက္ခနှင့် အနောက်နိုင်ငံဈေးကွက်များတွင် ဝယ်လိုအား လျော့ကျလာခြင်းတို့ကြောင့် မြန်မာနိုင်ငံသည် အကျိုးအမြတ်ပိုရနိုင်သော ကုန်ချောအထည်များထက် ချည်မျှင်ကုန်ကြမ်း တင်ပို့သည့်အမျိုးအစားသို့ ရောက်ရှိနိုင်သည်။

ဒုတိယအချက်အနေဖြင့် အစီရင်ခံစာ၏ ပထမအပိုင်းတွင် ဖော်ပြထားသည့်အတိုင်း အခြေခံစားသောက်ကုန်များ မြင့်တက်လာခြင်းသည် အထည်ချုပ်လုပ်သားများ၏ နည်းပါးသောဝင်ငွေများကို ထိခိုက်စေသကဲ့သို့ (အထက်တွင်ဖော်ပြထားသည့်အတိုင်း မြင့်တက်လာသော စက်သုံးဆီဈေးနှုန်းများအပြင် အမြဲတစေမြင့်တက်နေသော ကုန်ကြမ်းဈေးနှုန်းများသည် အထည်ချုပ်လုပ်ငန်းများ၏ အမြတ်အစွန်းကိုပါ လျော့ကျစေသည်။ တွေ့ဆုံမေးမြန်းထားသော လုပ်ငန်းပိုင်ရှင်အချို့၏ ပြောကြားချက်အရ ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်ခြင်းအပြင် ကုန်ကြမ်းထောက်ပံ့မှုသည်လည်း မတည်မငြိမ်ဖြစ်ပြီး ပြတ်တောက်သွားလေ့ရှိသောကြောင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လုံးအပေါ် ထိခိုက်မှုရှိနေသည်။

ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်းဈေးနှုန်းများ မြင့်တက်လာခြင်းအပြင် တင်သွင်းမှုလုပ်ငန်းစဉ်သည် ပုံမှန်ထက် ပိုမိုကြာမြင့်နေသည်။ စစ်တမ်းဖြေဆိုသူတစ်ဦး၏ ဖော်ပြချက်အရ ပုံမှန်အခြေအနေ၌ ကုန်ကြမ်းတင်သွင်းမှု လုပ်ငန်းစဉ်သည် တစ်လကြာမြင့်သော်လည်း လက်ရှိတွင် ငါးလအထိပင် ကြာမြင့်နိုင်သည်။ အဆိုပါ အနှောင့်အယှက်ဖြစ်စေမှုများထဲမှ အချို့ကို UNDP ၏ ကြိမ်နှုန်းမြင့် ညွှန်းကိန်းများ (ဒုတိယအကြိမ်) တွင် မှတ်တမ်းတင်ထားပြီး ဖြစ်သည်။ ထိုအစီရင်ခံစာပါ ဖော်ပြချက်အရ သဘော်အရေအတွက် လျော့ကျခြင်းနှင့် ဆိပ်ကမ်းများတွင် ကိုင်တွယ်နိုင်မှုတန်ချိန်ကျဆင်းခြင်းသည် ကြီးမားသော ပိတ်ဆို့မှုများကို ဖြစ်ပေါ်စေပြီး ကုန်စည်ပို့ဆောင်ခများ တစ်ဟုန်ထိုးတိုးမြင့်လာခြင်းနှင့်အတူ (သွင်းကုန်နှင့် ပို့ကုန်နှစ်ခုလုံးအတွက်) သင်္ဘောများ နေရာဘိုကင်ရယူရာ၌ စိန်ခေါ်မှုများ ရှိလာသည်။

တတိယအချက်အနေဖြင့် ဘဏ်လုပ်ငန်းကဏ္ဍပြဿနာများနှင့် ဆက်လက်ဖြစ်ပေါ်နေသည့် ငွေသားအကြပ်အတည်း ပြဿနာများသည် အထည်ချုပ်လုပ်ငန်းများအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်လာသည်။ အွန်လိုင်းငွေပေးချေမှုများအတွက် အပိုရာခိုင်နှုန်းတစ်ခုပေးဆောင်ရခြင်းနှင့် ငွေသားလွှဲပြောင်းခြင်းကို ပိုမိုလိုလားမှုများသည် အလုံးစုံထုတ်လုပ်မှုကုန်ကျစရိတ်ကို တိုးမြင့်စေသည်။ ထိုအချက်ကို ဖြေဆိုသူတစ်ဦးက ကောင်းမွန်စွာ အကျဉ်းချုပ်ဖော်ပြပေးခဲ့သည်။ *"ကျွန်တော့်ဝန်ထမ်းတွေကို လစာပေးနိုင်ဖို့အတွက် ငွေသားထုတ်ဖို့ ခုနစ်ရာခိုင်နှုန်းပေးခဲ့ရတယ်။ အဲ့ကတည်းက ကျွန်တော့်ပိုက်ဆံကို ဘဏ်ကိုအပ်ဖို့ ချီတုံချတုံဖြစ်လာခဲ့ပြီး အပ်ငွေရှိတာနဲ့ ထုတ်ယူလိုက်တော့တယ်။ ဒါတွေက ကျွန်တော့်လုပ်ငန်းကို နစ်နာစေပြီး အမြတ်အစွန်းတွေ ဆုံးရှုံးစေတယ်။ ကျွန်တော် ငွေကျပ် ငါးဆယ့်ခုနစ်သန်းတန်တဲ့ စီမံကိန်းတစ်ခု လက်ခံရရှိခဲ့တယ်။ အဲ့စီမံကိန်းအတွက်နဲ့ အစိုးရဘဏ်ဖြစ်တဲ့ MEC ဘဏ်ကနေ ငွေသားထုတ်ခဲ့တာ ၆.၅ ရာခိုင်နှုန်းပေးခဲ့ရတယ်။ အမြတ်မကျန်သလောက်ပါပဲ။"*

ဘဏ်လုပ်ငန်းကဏ္ဍနှင့် ပြဿနာများသည် ငွေကြေးလက်လှမ်းမီရရှိနိုင်မှုနှင့် နီးကပ်စွာချိတ်ဆက်နေပြီး မြန်မာနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ဆက်လက်ဖိစီးစေသည်။

လျှပ်စစ်မီးရရှိရေးကိစ္စကဲ့သို့ပင် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပဋိပက္ခသည် ငွေကြေးလက်လှမ်းမီရရှိမှုအတွက် စိန်ခေါ်မှုများကို ပိုမိုများပြားလာစေသည်။ ယခုပဋိပက္ခမတိုင်မီကပင် ဤစိန်ခေါ်မှုကို နိုင်ငံတွင်းစီးပွားရေလုပ်ငန်းများက ရင်ဆိုင်ခဲ့ရသော အဓိကအတားအဆီးအဖြစ် စာရင်းပြုဖော်ပြခဲ့ကြသည် (ပုံ-၅.၂)။ အသေးစားလုပ်ငန်းများသည် ဝန်ဆောင်မှုပေးရန်အတွက် စျေးကြီးသည်ဟု ယူဆသောကြောင့် တရားဝင်ဘဏ်များအတွက် ဆွဲဆောင်မှုနည်းပါးကာ ငွေဖော်ရခက်သည့်ပြဿနာကို ကြုံတွေ့နိုင်ရခြေ ရှိသည်။[၇၇] တစ်နည်းဆိုရလျှင် SME များသည် မက်ခရို စီးပွားရေး အတက်အကျ များ (ဥပမာ။ ငွေကြေးဖောင်းပွမှု၊ စီးပွားရေးဝန်းကျင် ပြောင်းလဲမှုများကြောင့် ပိုမိုထိခိုက်နိုင်ခြေရှိပြီး ဖြစ်နိုင်ခြေ ဆုံးရှုံးမှုများကို ကာမိစေသည့် ပိုင်ဆိုင်မှုများ နည်းပါးသည်။

ထို့ကြောင့် ၎င်းတို့က ငွေချေးယူသူအဖြစ် ရောက်ရှိရသည့် အန္တရာယ်သည် ပိုမိုမြင့်မားလာပြီး ၎င်းတို့အား ငွေချေးပေးသည့် ဘဏ်များသည်လည်း ငွေကြေးအရ စွန့်စားမှုမြင့်မားလာသည်။ လက်တွေ့အခြေပြုစာတမ်းများစွာအရ ငွေသားကန့်သတ်ချက်များ အားလျှော့ချခြင်းဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ၏ တိုးတက်မှုကို မြင့်တင်နိုင်ကြောင်း တွေ့ရှိရသည်။[၇၈] ဥပမာဆိုရလျှင် ကမ္ဘာ့ဘဏ်၏ ကမ္ဘာတစ်ဝှမ်းရှိ ဖွံ့ဖြိုးဆဲနှင့် ထွန်းသစ်စနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက်များကို အသုံးပြု၍ Dinh et al. (၂၀၁၀) သည် ငွေကြေးလက်လှမ်းမီရရှိမှုကို စီးပွားရေးလုပ်ငန်းတိုးတက်မှု၏ အရေးအကြီးဆုံးကန့်သတ်ချက်အဖြစ် သတ်မှတ်ခဲ့သည်။[၇၉] အလားတူပင် SME ချေးငွေများသည် စီးပွားရေးလုပ်ငန်း၏ စွမ်းဆောင်ရည်အတွက် အကျိုးရှိမည်ဟု ယူဆသော စစ်တမ်းဖြေဆိုသူတစ်ဦးကလည်း လုပ်ငန်းကြီးထွားမှုအတွက် ချေးငွေ၏ အရေးပါမှုကို လက်ခံကြောင်း ဖော်ပြခဲ့သည်။ ထိုဖြေဆိုသူမှ ဖော်ပြထားသည့်အတိုင်းပင် ချေးငွေထုတ်ပေးသည့် အဖွဲ့အစည်းအချို့ရှိသော်လည်း လုပ်ငန်းစဉ်သည် ရှည်လျားလွန်းပြီး ချေးငွေရယူရန်အတွက် အသေးစားစီးပွားရေးလုပ်ငန်းများ၏ အပေါင်ပစ္စည်း လိုအပ်မှုသည် ရှုပ်ထွေးလွန်းသည်။ ထိုအပြင် အခြားဖြေဆိုသူတစ်ဦး ပြောကြားထားသကဲ့သို့ပင် အချို့သော ပြည်တွင်းဘဏ်များက ချေးငွေများကို ထုတ်ပေးသော်လည်း ထိုလုပ်ငန်းစဉ်သည် စီးပွားရေးလုပ်ငန်း၏ တောင့်တင်းခိုင်မာမှုနှင့် အလားအလာ အပေါ် အခြေခံခြင်းမဟုတ်ဘဲ ပုံသေပိုင်ဆိုင်မှုများနှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုအပေါ် မူတည်နေသည်။

ထို့ကြောင့် ငွေကြေးလက်လှမ်းမီရရှိမှုမှာ ကန့်သတ်ချက်များ ရှိနေဆဲဖြစ်သည်။ လုပ်ငန်းအတွက် ချေးယူရယူခြင်းများ ရှိနေသော်လည်း အလွတ်သဘောအရသာ ရယူလေ့ရှိသည်။ အချို့သော စီးပွားရေးလုပ်ငန်းများက ချေးငွေလျှောက်ထားကြသော်လည်း ၂၀၂၁ ခုနှစ်အတွင်းထက် ၂၀၂၀ ခုနှစ်အတွင်းသာ ပို၍တွေ့ရသည်။[၈၀] အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ချေးငွေရယူသည့် လုပ်ငန်းစဉ်သည်လည်း ထပ်တူခက်ခဲမှုရှိသည်။

အဆိုပါပူပန်မှုများထဲမှ အချို့ကို ဆက်စပ်လုပ်ငန်းများကလည်း ထပ်မံဖော်ပြခဲ့ကြသည်။ ကုန်စျေးနှုန်းထိုးတက်ခြင်းကို လုပ်ငန်းဆောင်ရွက်ရာတွင် အဓိကအတားအဆီးအဖြစ် ဆက်စပ်လုပ်ငန်းများက ဖော်ပြခဲ့သည်။ ဘဏ်လုပ်ငန်းကဏ္ဍရှိ ပြဿနာများနှင့် ငွေလဲလှယ်နှုန်းများ၊ လက်ရှိအစိုးရ၏ မှန်းဆမရသော မူဝါဒများကိုပါ တွဲဖက်၍ ဖော်ပြခဲ့ကြသည်။ ဖြေဆိုသူများအနက် တစ်ဦး၏ ပြောဆိုချက်အရ "မူဝါဒတွေ အဆက်မပြတ်ပြောင်းလဲနေတာကြောင့် စီးပွားရေးလုပ်တဲ့သူတွေထိခိုက်ကြရတယ်။မူဝါဒအပြောင်းအလဲတွေနဲ့ ပတ်သက်ပြီး ပြဿနာတွေအများကြီးရှိတယ်။ နိုင်ငံရေးအပြောင်းအလဲရဲ့ ပထမ (၁၄)လ အတွင်းမှာတောင် လိုင်စင်ထုတ်ပေးတဲ့ မူဝါဒတွေ၊ သွင်းကုန်မူဝါဒတွေနဲ့ ငွေလွှဲတဲ့ မူဝါဒတွေအပါအဝင် မူဝါဒအပြောင်းအလဲ အများကြီးရှိခဲ့တယ်။ မူဝါဒတွေက နှစ်လ၊ သုံးလတစ်ကြိမ် ပြောင်းလဲနေတယ်။"

## ၅.၃။ လုပ်ငန်းဆောင်ရွက်ခြင်း၏ အခက်အခဲများ

(စစ်အာဏာသိမ်းခြင်းထက်) ကိုဗစ်(၁၉) က ပို၍ သိသာထင်ရှားသောပြဿနာဖြစ်သည်ဟု ဖြေဆိုသူတစ်ချို့က ထင်သော်လည်း စစ်အာဏာသိမ်းခြင်းက ပို၍သိသာသောစိန်ခေါ်မှုကို ဖြစ်ပေါ်စေကြောင်း ဖြေဆိုသူအများစုက သဘောတူကြသည်။ "ကပ်ရောဂါက သူ့နည်းနဲ့သူ စိန်ခေါ်မှုတွေကိုဖြစ်စေခဲ့တယ်။ ဒါပေမယ့် အခုကျွန်တော်တို့ကြုံတွေ့နေရတာနဲ့ ယှဉ်ရင်တော့ လေပြေညင်းလေးလို ဖြစ်နေပြန်ရော" ဟု တစ်ဦးက ပြောကြားသည်။ ဆက်စပ်လုပ်ငန်းတစ်ခုကလည်း အလားတူသဘောထားကို ဖော်ပြခဲ့သည်။ "ကိုဗစ်ကာလအတွင်း အခြေအနေက ရက်သတ္တပတ်အနည်းငယ်လောက် စိုးရိမ်ဖွယ်ဖြစ်ခဲ့တယ်။ ကိုဗစ်လှိုင်းပြီးသွားတဲ့အချိန်ကြတော့ လုပ်ငန်းတွေက အရင်အတိုင်းပဲ ပြန်စလာကြတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှာ နိုင်ငံရေးအပြောင်းအလဲဖြစ်တာနဲ့ ဇာတ်လမ်းက မတူတော့ဘူး။ အဲ့ဒါက အဆင်းသာရှိတဲ့ ကုန်းဆင်းတစ်ခုလိုဖြစ်နေပြီးတော့ လူတိုင်းကို ထိခိုက်တဲ့လမ်းကြောင်းတစ်ခုဖြစ်နေတယ်။"

---

[၇၇] နိုင်ငံတကာငွေကြေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ၂၀၁၂၊ "IFC အလုပ်အကိုင်လေ့လာမှု။ အလုပ်အကိုင်တီထွင်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတို့အပေါ် ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်မှုကို အကဲဖြတ်ခြင်း" (၂၀၁၂ ခုနှစ်မှ ကနဦးတွေ့ရှိချက်များနှင့် သုံးသပ်ချက်များ)၊ Development Impact Department, Washington, D.C.

[၇၈] Nkurunziza, J.D. 2010. "ကင်ညာနိုင်ငံ ထုတ်လုပ်ရေးတွင် စက်ရုံလုပ်ငန်းအရွယ်အစား၏ ကြီးထွားမှုနှင့် ပေါင်းစည်းမှုအပေါ် ချေးငွေ၏ သက်ရောက်မှု"၊ နိုင်ငံတကာကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၏ ဂျာနယ်၊ အပိုင်း ၁၉ (၃)၊ စာမျက်နှာ ၄၆၅ – ၄၉၄

[၇၉] Dinh, H.T.; Mavridis, D.A.; Nguyen, H.B. 2010. "ဖွံ့ဖြိုးဆဲနိုင်ငံများအတွင်း စက်ရုံလုပ်ငန်းများ၏ အဓိကကန့်သတ်ချက်" ကမ္ဘာ့ဘဏ်၏ မူဝါဒသုတေသနလုပ်ငန်းစာတမ်း အမှတ် ၅၄၈၅

[၈၀] စစ်တမ်းဖြေဆိုသူတစ်ဦး၏ စကားအရ "လက်ရှိအစိုးရက ကိုဗစ်ထောက်ပံ့ကြေးကို ပြန်ပေးခိုင်းနေတယ်။ ကျွန်တော်က အတိုးတွေကို ပေးပြီးပြီ။ ဒါပေမယ့် အကြွေးတွေကို မပေးနိုင်သေးဘူး။ ကံကောင်းတာက အာဏာပိုင်တွေက အခုထိတော့ ကျွန်တော်တို့ကို ဖိအားမပေးသေးဘူး။"

## ၅.၃.၁။ ထုတ်လုပ်မှု

တွေ့ဆုံမေးမြန်းခဲ့သော အထည်ချုပ်လုပ်ငန်းများက ထုတ်လုပ်မှုသည် ၎င်းတို့လုပ်ငန်း၏ အဆိုးဆုံးကဏ္ဍဖြစ်ကြောင်း ဖြေဆိုခဲ့သည်။ တိုင်းဒေသကြီးအချို့တွင် ညမထွက်ရအမိန့်နှင့် နိုင်ငံရေးမတည်မငြိမ်မှုနှင့်အတူ လုပ်ငန်းဆောင်ရွက်မှုများကို ညနေ (လေးနာရီဝန်းကျင်) တွင် ရပ်နားခဲ့ရသည်။ ဤအချက်ကြောင့် ထုတ်လုပ်မှုတွင် သိသာထင်ရှားသော ကျဆင်းမှု ဖြစ်ပေါ်ခဲ့သည်။[၈၁] ထို့ကြောင့် စစ်အာဏာသိမ်းမှုအပြီး ပထမရက်သတ္တပတ်အနည်းငယ်တွင် ပဏာမ ခန့်မှန်းချက်များအရ အထည်ချုပ်စက်ရုံ သုံးခုတွင် တစ်ခုသည် လုံးဝပိတ်သိမ်းသွားနိုင်သည်ဟု ခန့်မှန်းထားသည်။[၈၂] မည်သို့ပင်ဖြစ်စေ နောက်ပိုင်းတွင် ထုတ်လုပ်မှုမှာ တိုးတက်လာကြောင်း ဖြေဆိုသူတစ်ဦးက ပြောကြားခဲ့သော်လည်း ထုတ်လုပ်သည့် အထည်များမှာ လိုလားသည့်စျေးနှုန်းအထိ တိုးမြင့်လာခြင်းမရှိပေ။ ဤလုပ်ငန်းကဏ္ဍ၏ ဖြည်းညင်းစွာ ပြန်လည်ကောင်းမွန်လာခြင်းကို အခြားနေရာများမှ အထောက်အထားများကလည်း မှတ်တမ်းတင်ထားသည်။

ဥပမာအားဖြင့် မကြာသေးမီက ကမ္ဘာ့ဘဏ်၏အစီရင်ခံစာတစ်ခုအရ အထည်ချုပ်တင်ပို့မှုမှာ ဖေဖော်ဝါရီလ အာဏာသိမ်းယူမှု၏ ချက်ခြင်းထိခိုက်မှုအပြီးတွင် တဖြည်းဖြည်းပြန်လည်ကောင်းမွန်လာပြီး အလားတူကာလတွင် ဖြတ်၊ ချုပ်၊ ထုပ်ပိုးခြင်း (CMP) ထုတ်ကုန်တင်သွင်းမှု တိုးမြင့်လာကြောင်း ဖော်ပြထားသည်။[၈၃] သို့ရာတွင် ပြန်လည်ကောင်းမွန်မှုသည် နှေးကွေးပြီး ဤလုပ်ငန်းကဏ္ဍသည် ကပ်ရောဂါမတိုင်မီနှင့် စစ်အာဏာသိမ်းမှုမတိုင်မီ စွမ်းဆောင်ရည်ကို ရောက်ရှိခြင်း မရှိပေ။ အကြီးမားဆုံး ဆုံးရှုံးမှုသည် တိုးတက်မှုလမ်းကြောင်းမှ သွေဖည်နေခြင်းပင် ဖြစ်ကြောင်း လက်ရှိအထောက်အထားများက ညွှန်ပြနေသည်။ ယခင်လမ်းကြောင်းအရ ၂၀၂၁ ခုနှစ်တွင် ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၁၀.၅ ဘီလီယံ သို့မဟုတ် ထို့ထက်မက ရှိသင့်သော်လည်း အမေရိကန်ဒေါ်လာ ၅.၁ ဘီလီယံမျှသာရှိခဲ့သည်။ ၎င်းသည် ပိုမိုမြင့်မားသော လုပ်အားခများ၊ ပိုမိုကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများနှင့် ယေဘုယျအားဖြင့် ဤလုပ်ငန်းကဏ္ဍ၏ စွမ်းအားကို ဟန့်တားခဲ့သည်။

ဖြေဆိုသူအများစု၏ ဖော်ပြချက်အရ ရန်ကုန်သည် အထိခိုက်ဆုံး တိုင်းဒေသကြီးဖြစ်သည်။ ၎င်းသည် အထည်ချုပ်စက်ရုံများ၏ ၇၀ % သည် ရန်ကုန်မြို့တွင် တည်ရှိသောကြောင့် ရန်ကုန်သည် ထိခိုက်မှုဒဏ်နှစ်ဆခံရကြောင်း ဖော်ပြထားသည့် UNDP ၏ ကြိမ်နှုန်းမြင့်ညွှန်းကိန်း ပထမအကြိမ်နှင့် ထိုအချက်သည် ကိုက်ညီမှုရှိသည်။ ဖြေဆိုသူတစ်ဦးက "စက်ရုံသေးလေလေ ဒီအနေအထားနှင့်အယုက်တွေရဲ့ ထိခိုက်မှုက ကြီးလေလေပဲ" ဟု ဖြေဆိုထားသည်။

မည်သို့ပင်ဆိုစေကာမူ အလုပ်ရှင်များသည် လုပ်ငန်းအား ဆက်လက်လုပ်ဆောင်ရန် တာဝန်ရှိသည်ဟု ခံစားကြရသည်။ ကျွန်ုပ်တို့၏ နမူနာအုပ်စုမှ ဖြေဆိုသူတစ်ဦး ပြောကြားခဲ့သည်မှာ "ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က ကျွန်တော့်လုပ်ငန်းတွင်းက ဝန်ထမ်းအဖွဲ့အတွက် အလုပ်ပေးမှုရမှာလေ။ ဒါမှ သူတို့ရဲ့ အသက်မွေးဝမ်းကျောင်းနဲ့ မိသားစုတွေအတွက် လစာရနိုင်မှာ။ ဒါကြောင့် ကျွန်တော်က လိုချင်တဲ့ဒီဇိုင်းပေးပြီးအပ်လာတဲ့ နိုင်ငံတွင်း လက္ကားရောင်းတဲ့သူတွေဆီက အော်ဒါအသေးလေးတွေကို စပြီးလက်ခံခဲ့တယ်။ ကံကောင်းတာက ကျွန်တော့်ရဲ့ အဓိကလုပ်ငန်းမဟုတ်ပေမယ့် ထသွားထလာ အဝတ်အစားပုံစံတွေအတွက် ဝယ်လိုအားက ရှိတယ်။ အနည်းဆုံးတော့ ကျွန်တော့်ဝန်ထမ်းတွေကို အလုပ်ခန့်ထားနိုင်တာပေါ့။ ဒါကြောင့် ကျွန်တော့်ရဲ့ အဓိကလုပ်ငန်းဆီက ထုတ်လုပ်မှုကတော့ လုံးဝမရှိတော့ဘူး။ ဒါပေမယ့် ထုတ်လုပ်မှုလမ်းကြောင်းအသစ်ကြောင့် ကျွန်တော့်ဝန်ထမ်းတွေအတွက် အလုပ်လုံလုံလောက်လောက်တော့ ရှိသေးတယ်။"

တစ်ဖန် ဤထုတ်လုပ်မှုလျော့ချခြင်းသည် လက်လီလုပ်ငန်းများကဲ့သို့သော ဆက်စပ်လုပ်ငန်းများအပေါ် ဆင့်ပွားသက်ရောက်မှုများရှိခဲ့သည်။ အထူးသဖြင့် အင်တာနက်အသုံးပြုမှုနှင့် အွန်လိုင်းဘဏ်ငွေပေးချေမှုကို မှီခိုနေရသော အွန်လိုင်းလက်လီအရောင်းဆိုင်များအတွက် ပြဿနာများ ပိုမိုများပြားလာပါသည်။

## ၅.၃.၂။ ဝယ်လိုအား

ထုတ်လုပ်မှုလျော့ကျခြင်းအပြင် အထည်ချုပ်လုပ်ငန်းများသည် ဝယ်လိုအား လျော့ကျလာခြင်းကို စစ်အာဏာသိမ်းမှု၏နောက်ထပ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုအဖြစ် ယူဆခဲ့သည် (အထက်တွင်ဖော်ပြထားသော အထည်ချုပ်လုပ်ငန်းများ၏ တဖြည်းဖြည်းပြန်လည်ကောင်းမွန်လာမှုအရ ဝယ်လိုအားသည် လက်တလောတွင် ပိုမိုကောင်းမွန်လာသည်)။ "အခုလက်ရှိမှုတော့ တဖြည်းဖြည်းနဲ့ ပိုကောင်းလာပါတယ်။ ကျွန်တော်ဆို နှစ်ပတ်တစ်ကြိမ် အော်ဒါတွေ ပို့ရတယ်။ ရောင်းအားက ဒီလိုအဆင့်ကို ပြန်ရောက်တာ ၂၀၂၁ စက်တင်ဘာ၊ အောက်တိုဘာလောက်ကနေစပြီး ၂၀၂၂ သင်္ကြန်ပိတ်ရက် မတိုင်ခင်လောက်ထိပဲ" ဟု ဖြေဆိုသူတစ်ဦးက ပြောကြား ခဲ့သည်။

အလားတူ ဆင့်ပွားသက်ရောက်မှုများသည် အထည်ချုပ်ကဏ္ဍနှင့် ဆက်စပ်လည်ပတ်နေသော လုပ်ငန်းများ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ၏ ဝယ်လိုအားတွင်လည်း သိသာထင်ရှားသည်။ ထို့အပြင် ဆက်စပ်လုပ်ငန်းများ၏ ထုတ်ကုန်များအတွက် ဝယ်လိုအားအပေါ် သက်ရောက်သည့် ပြင်ပအချက်များလည်း ရှိနေသည်။ ဥပမာဆိုရလျှင် ဖြေဆိုသူတစ်ဦး၏ ပြောကြားချက်အရ လက်ယက်ချင်းအထည်များ၏ ရောင်းအားသည် ခရီးသွားလုပ်ငန်းကဏ္ဍအပေါ်တွင် များစွာမှီခိုနေရပါသည်။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေကြောင့် ကလေးမြို့နယ်တွင် ဧည့်သည်များနှင့် ခရီးသွားများမရှိသဖြင့် လက်လီရောင်းအားမှာ သိသိသာသာ ကျဆင်းလာပါသည်။

---

[၈၁] UNDP ၏ ပထမအကြိမ် ကြိမ်နှုန်းမြင့်ညွှန်းကိန်းစစ်တမ်း၏ ရလဒ်များအရ စစ်အာဏာသိမ်းမှုပြီးနောက် ထုတ်လုပ်မှုသည် (တဖြည်းဖြည်းချင်း ပြန်လည်ထူထောင်လာသော်လည်း) သိသိသာသာ ချက်ချင်းလျော့ကျသွားသည်။

[၈၂] https://www.ecotextile.com/2021062227965/materials-production-news/1-in-3-myanmar-garment-factories-to-close.html

[၈၃] ကမ္ဘာ့ဘဏ် (၂၀၂၂) "မြန်မာနိုင်ငံစီးပွားရေးစောင့်ကြည့်လေ့လာမှု"၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ

### ၅.၃.၃။ ထောက်ပံ့မှုကွင်းဆက်

ကုန်သွယ်မှုဆိုင်ရာ ပိတ်ဆို့မှုများသည် အထည်ချုပ်ကုန်ထုတ်လုပ်ငန်းများအပါအဝင်စီးပွားရေးလုပ်ငန်းအားလုံးအတွက်သိသာထင်ရှားသော အတားအဆီးများကို ဖန်တီးပေးခဲ့သည်။[၈၄] ထို့အပြင် UNDP ၏ ကြိမ်နှုန်းမြင့်ညွှန်းကိန်း (ဒုတိယအကြိမ်)မှ မျက်မြင်တွေ့ခဲ့ရသည့်အတိုင်း အချိန်အတိုင်းအတာတစ်ခုအထိ၊ ယာဉ်မောင်းများ၏ ဆန္ဒပြမှုများကြောင့် ကုန်တင်ကားများ ပြတ်တောက်မှု ဖြစ်ခဲ့ပြီး ကုန်တင်ယာဉ်ငှားရမ်းခများ တိုးမြင့်လာခဲ့သည်။

လမ်းပိတ်ခြင်းနှင့်ဆက်စပ်ပြီး ထောက်ပံ့မှုကွင်းဆက်တွင် ပြဿနာများရှိခဲ့ကြောင်းကိုလည်း ဆက်စပ်လုပ်ငန်းများက တင်ပြကြသည် (အထူးသဖြင့် စစ်တမ်းပါ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများက ပို၍တင်ပြကြသည်)။ ဥပမာအားဖြင့် စီးပွားရေးလုပ်ငန်းတစ်ခုသည် လက်ရှိတွင် လမ်းတစ်လျှောက်ရှိ စစ်ဆေးရေးဂိတ်များအပြင် ဘေးကင်းလုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် လိုရာခရီးသို့ ရောက်ရန်သုံးရက်မှလေးရက်ခန့်အချိန်ယူရကြောင်းဖော်ပြထားသည်။ စစ်အာဏာသိမ်းမှုမတိုင်မီတွင် တစ်ရက်သာ အချိန်ယူခဲ့ရသည်။ ဒုတိယအချက်အနေဖြင့် အထည်ချုပ်လုပ်ငန်းများ ကြုံတွေ့နေရသည့်ပြဿနာတွင် အဂတိလိုက်စားမှုကို တင်ပြခဲ့ခြင်းမရှိသော်လည်း ဆက်စပ်လုပ်ငန်းတစ်ခုက ကြိုးနီစနစ်ပြဿနာများကို ဖော်ပြခဲ့သည်။ "အသေးစိတ်ပြောရမယ်ဆိုရင် ရန်ကုန်ကနေ အခြားဒေသတွေကို ယာဉ်တစ်ဦးထွက်ခွာတဲ့အခါ လမ်းတစ်လျှောက် စစ်ဆေးရေးဂိတ်တိုင်းမှာ အဲ့မှာရှိစောင့်တဲ့ စစ်သား သို့မဟုတ် ရဲတွေက ဖြတ်သန်းသွားလာခွင့်အတွက်နဲ့ (တရားမဝင်) ငွေတောင်းကြတယ်။ စစ်သား သို့မဟုတ် ရဲတွေက ကျွန်တော့်ယာဉ်မောင်းတွေကို ပါးရိုက်တာတွေ၊ ထိုင်ထလုပ်ခိုင်းတာတွေတောင် ဖြစ်ခဲ့ဖူးတယ်။ အဲ့လိုအပို ကုန်ကျငွေတွေကြောင့် တစ်ချို့ပို့ဆောင်ရေးလမ်းကြောင်းတွေဆို ကျွန်တော်တို့အတွက် အရှုံးတောင်ပေါ်လာနိုင်တယ်။"

### ၅.၃.၄။ အလုပ်အကိုင်

အထည်ချုပ်လုပ်ငန်းအများစုသည် ထုတ်လုပ်မှုနှင့် ဝယ်လိုအားဆိုင်ရာ ပြဿနာများကို တင်ပြကြသော်လည်း လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေကြောင့် အလုပ်အကိုင်များ သိသိသာသာ ထိခိုက်နေကြောင်းကိုမူ တင်ပြခြင်းမရှိပေ။ အချို့သောအထည်ချုပ်စက်ရုံကြီးများ ပိတ်သိမ်းသွားသောကြောင့် လေ့ကျင့်သင်ကြားပြီး ကျွမ်းကျင်လုပ်သားများစွာက စိတ်အားထက်သန်စွာ အလုပ်ရှာနေကြသောကြောင့် စစ်တမ်းပါ ဖြေဆိုသူအချို့မှ မှတ်ချက်ပြုထားသည့်အတိုင်း ယေဘုယျအားဖြင့် အလုပ်သမား (နှင့် အရည်အချင်း ပြည့်မီသော လုပ်သားအင်အားရရှိရေး) သည် ပြဿနာ သိပ်မရှိလှပေ။

အထည်ချုပ်လုပ်ငန်းကြီးများ ပိတ်သိမ်းခြင်း (သို့မဟုတ် အချို့အခြေအနေများ၌ အလုပ်ချိန်လျှော့ချခြင်း) သည် ဝန်ထမ်းများအပေါ် သိသာထင်ရှားသော ထိခိုက်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ (သို့မဟုတ် အချို့သောအခြေအနေများတွင်၊ အလုပ်ချိန်လျှော့ချခြင်း) သည် ဝန်ထမ်းများအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့သည်။ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းစစ်တမ်းမှ စုဆောင်းရရှိထားသော အထောက်အထားအချို့သည် အစီရင်ခံစာ၏ ပထမအပိုင်းတွင် တင်ပြထားသည့် အထည်ချုပ်လုပ်သားများစစ်တမ်း၏ တွေ့ရှိချက်များကို ထပ်လောင်းအတည်ပြုပေးသည်။

(၁) အလုပ်ချိန် လျှော့ကျခြင်းနှင့် အချိန်ပိုလုပ်ခ မရရှိခြင်းတို့ကြောင့် အထည်ချုပ်လုပ်သားများ၏ အခက်အခဲကို တိုးပွားစေပါသည်။

(၂) အထည်အလိပ်လုပ်ငန်းကို အမျိုးသမီးများက လွှမ်းမိုးထားသောကြောင့် ၎င်းတို့က ပိုမိုထိခိုက်နစ်နာခဲ့ရသည်။ စစ်တမ်းတွင် ဖြေဆိုသူအများစု၏ အဆိုအရ လုပ်ငန်းခွင်ရှိ လုပ်သားအင်အားတွင် အမျိုးသမီးနှင့် အမျိုးသားအချိုးသည် (၉၀) ရာခိုင်နှုန်းနှင့် (၁၀) ရာခိုင်နှုန်းအချိုးဖြစ်သည်။ အမျိုးသားများသည် အမျိုးသမီးများထက် အရေအတွက်နည်းသော်လည်း အလိုအလျောက်လည်ပတ်သော စက်ယန္တရားများအား ကိုင်တွယ်ရန် ငှားရမ်းခံရလေ့ရှိသည်။

(၃) အလုပ်မှထုတ်ပယ်ခံရသူများသည် အခြားနေရာများတွင် အလုပ်အကိုင်ရှာဖွေနေကြသည်။ ဖြေဆိုသူတစ်ဦးက ထောက်ပြထားသည့်အတိုင်း နိုင်ငံတကာရွှေ့ပြောင်းနေထိုင်မှု (ဥပမာ။ ထိုင်းနိုင်ငံသို့) အပါအဝင် ရွှေ့ပြောင်းနေထိုင်မှုသည် အထူးသဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက တိုးမြင့်လာခဲ့သည်။

(၄) အလုပ်မှ ထုတ်ပယ်ခံထားရသော အမျိုးသားဝန်ထမ်းများသည် ဆောက်လုပ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍများသို့ပြောင်းရွှေ့ခဲ့ကြပြီး (ဥပမာ။ ဈေးထဲတွင် ဘိလပ်မြေအိတ်များနှင့် ဟင်းသီးဟင်းရွက်များသယ်ယူခြင်းတို့ကို ရွေးချယ်လုပ်ကိုင်ခဲ့ကြသည်) ယခင်အမျိုးသမီးဝန်ထမ်းဟောင်းများသည်လည်း အလုပ်ထွက်ပြီး စိုက်ပျိုးရေးကဏ္ဍရှိ အခြားအလုပ်များကို လုပ်ကိုင်ခဲ့ကြသည်။ အချို့သော အလုပ်အကိုင်အသစ်များသည် ကာယအားစိုက်မှုလိုအပ်ပြီး ပင်ပန်းနွမ်းနယ်သော်လည်း လုပ်အားခမြင့်မားကြောင်း စစ်တမ်းပါ ဖြေဆိုသူတစ်ချို့က ဝန်ခံပြောဆိုခဲ့သည်။

### ၅.၃.၅။ စီးပွားရေးလုပ်ဆောင်မှုများအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှု၏ သက်ရောက်မှု

ဥရောပတိုက်သားများနှင့် လက်တွဲလုပ်ကိုင်ခဲ့သော စီးပွားရေးလုပ်ငန်းအချို့အတွက်မူ ဈေးကွက်မှ ဆုတ်ခွာမည့်လက္ခဏာအချို့ရှိနေသည်။ "နိုင်ငံရေးဖြစ်ရပ်မတိုင်မီက ခွဲစိတ်ခန်းဝတ်စုံ၊ ဦးထုပ်နဲ့ တခြားဆက်စပ်ပစ္စည်းတွေထုတ်တဲ့ ဘယ်လ်ဂျီယံအခြေစိုက် Premium Micro Clean အမှတ်တံဆိပ်နဲ့ ကျွန်တော်က ပြည်တွင်းဖြန့်ချိသူအဖြစ် သဘောတူညီမှုရထားပြီးပြီ။ သဘောတူညီမှုက ထုတ်လုပ်မှုလုပ်ပေးဖို့နဲ့ သူတို့အော်ဒါတွေကို ဖြည့်ဆည်းပေးပြီး သူတို့အမှတ်တံဆိပ်နဲ့ ဘယ်လ်ဂျီယံကို ပစ္စည်းပို့ပေးဖို့။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နိုင်ငံရေးဖြစ်ရပ်အပြီးမှာ ဘယ်လ်ဂျီယံဘက်က အဲ့သဘောတူညီမှုကို ရုပ်သိမ်းသွားတယ်" ဟု ဖြေဆိုသူတစ်ဦးက ပြောကြားခဲ့သည်။ အလား

[၈၄] UNDP ၏ ဒုတိယအကြိမ် ကြိမ်နှုန်းမြင့်ညွှန်းကိန်းတွင် ကုန်သွယ်ရေး၊ ဆိပ်ကမ်းနှင့် စီမံထောက်ပံ့ရေးတို့နှင့် ဆက်စပ်သည့် စိန်ခေါ်မှုအချို့ကို စာရင်းပြုဖော်ပြထားသည်။ စာရွက်စာတမ်းလုပ်ငန်းစဉ်များတွင် ပြောင်းလဲမှုအမျိုးမျိုးရှိနေပြီး လုပ်ငန်းဆောင်ရွက်ရန် ယေဘုယျစရိတ်ကို တိုးမြင့်စေသည်။ ဥပမာဆိုသော် လတ်တလောမူဝါဒပြောင်းလဲမှုတစ်ခုအရ ယခင်က လိုင်စင်မလိုအပ်သော ပစ္စည်းများစွာအတွက် သွင်းကုန်လိုင်စင်ကို လိုအပ်သောကြောင့် ကြိုးနီစနစ်နှင့် နှောင့်နှေးမှုများ ဖြစ်ပေါ်စေသည်။ ဆွေးနွေးမှုအဖွဲ့က ဖော်ပြထားသော အခြားစိန်ခေါ်မှုများတွင် အာဏာသိမ်းမှုအစောပိုင်းလများ၌ မြန်မာနိုင်ငံမှ အော်ဒါကောက်ရန် အချို့ဝယ်ယူသူများက မလိုလားခြင်းလည်း ပါဝင်သည်။

တူပင် အမေရိကန်နိုင်ငံမှလည်း ကနဦး၌ ဝယ်လိုအား ကျဆင်းသွားပြီး ကပ်ရောဂါနှင့် စစ်အာဏာသိမ်းမှုမတိုင်မီအဆင့်များအထိ ပြန်လည်ကောင်းမွန်ခြင်းမရှိသေးကြောင်း ဖြေဆိုသူတစ်ဦးက ဖော်ပြခဲ့သည်။

သို့ရာတွင် ထိုဖြေဆိုသူများကပင် ကြားခံအဖွဲ့ (ဥပမာ။ တရုတ်နိုင်ငံ) မှတစ်ဆင့် အော်ဒါများပြန်လည်ရရှိနိုင်မည်ဟု ယုံကြည်ကြသည်။ တစ်နည်းဆိုရလျှင် ကုမ္ပဏီအချို့က မြန်မာနိုင်ငံနှင့် တိုက်ရိုက်လုပ်ငန်းမဆောင်ရွက်သော်လည်း အော်ဒါများကို မြန်မာနိုင်ငံသို့ တစ်ဆင့်ပြန်အပ်လိမ့်မည်ဖြစ်သည်။ ဥပမာဆိုရလျှင် ဖြေဆိုသူတစ်ဦး၏ပြောကြားချက်အရ ထိုသူ၏ ထပ်ဆင့်ကန်ထရိုက်တာသည် တရုတ်ကုမ္ပဏီတစ်ခုမှတစ်ဆင့် အမေရိကမှ အော်ဒါများကို လက်ခံရရှိနေပြီး နယူးဂျာဇီနှင့် တက္ကဆက်စ်သို့ တင်ပို့နေသည်။ အချို့သောလုပ်ငန်းများ၊ အထူးသဖြင့် ဂျပန်နှင့် ဖက်စပ်လုပ်ကိုင်သောလုပ်ငန်းအချို့မှာ ထုံးစံအတိုင်း စီးပွားလည်ပတ်နေဆဲဖြစ်သည်။

ခြုံငုံသုံးသပ်ရလျှင် လက်ရှိစိန်ခေါ်မှုအခြေအနေများရှိနေသော်လည်း အကြီးမားဆုံးအမှတ်တံဆိပ်အချို့သည် နိုင်ငံတွင်း၌ ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ချက်အချို့ရှိပါသည်။ မည်သို့ပင်ဆိုစေကာမူ စစ်တမ်းဖြေဆိုသူများမှ ထောက်ပြထားသည့်အတိုင်း ပိတ်ဆို့အရေးယူမှုများ ကျယ်ပြန့်လာခြင်းသည် ယခင်အပိုင်းတွင် ဆွေးနွေးထားပြီးဖြစ်သည့်ပြဿနာများ (ဥပမာ။ ကုန်ကြမ်းလက်လှမ်းမီရရှိမှုအပြင် ဆိပ်ကမ်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပြဿနာများ) ကို ပိုမိုဆိုးရွားစေနိုင်မည်။

## ၅.၄။ စစ်အာဏာသိမ်းမှုကြောင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်အား ချိန်ညှိမှု

### ၅.၄.၁။ ကျင့်သုံးသော ချိန်ညှိမှုများနှင့် အလုပ်အကိုင်အပေါ် ၎င်းတို့၏ သက်ရောက်မှု

စီးပွားရေးလုပ်ပုံလုပ်နည်းအပေါ် ပြင်ဆင်ချက်အချို့ ပြုလုပ်ခဲ့သည်။ ဤပြင်ဆင်ချက်အချို့သည် အလုပ်အကိုင်အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။ ပထမဦးစွာ အလုပ်ချိန်အပြောင်းအလဲရှိခဲ့ကြောင်း ဖြေဆိုသူအချို့က ဖော်ပြခဲ့သည်။ လုပ်ငန်းပိုင်ရှင်များစွာ (တွေ့ဆုံမေးမြန်းခဲ့သူများအပါအဝင်)သည် မီးစက်ဝယ်ရန် မတတ်နိုင်သောကြောင့်[၈၅] လျှပ်စစ်မီးလုံလောက်စွာ ရရှိသည့်အချိန်တိုင်း လုပ်ငန်းလည်ပတ်ရသည်။[၈၆] ထို့ကြောင့် ဝန်ထမ်းများက လျှပ်စစ်မီးမရသည့်အချိန် အိပ်စက်အနားယူပြီး လျှပ်စစ်မီးရသည့်အချိန် အလုပ်ပြန်လုပ်ကြရသည်။ ဤပြုပြင်ပြောင်းလဲမှုအချို့သည် အလုပ်အကိုင်အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်။ ပထမဖြေဆိုသူအချို့က ဖော်ပြခဲ့သည့်အတိုင်း အလုပ်ချိန်အပြောင်းအလဲရှိခဲ့သည်။ လုပ်ငန်းပိုင်ရှင်များစွာ (ကျွန်ုပ်တို့တွေ့ဆုံမေးမြန်းခဲ့သောသူများ အပါအဝင်) သည် မီးစက်မတတ်နိုင်သောကြောင့် လျှပ်စစ်မီးလုံလောက်စွာရရှိသည့်အခါတိုင်းတွင် ဝန်ထမ်းများသည် လျှပ်စစ်မီးပြတ်သောအခါတွင် အိပ်စက်အနားယူပြီး အလုပ်ပြန်လုပ်ကြသည်ကို ဆိုလိုသည်။[၈၇]

ဒုတိယအနေဖြင့် လစာပေးချေမှုပုံစံ၌လည်း အပြောင်းအလဲများရှိကြောင်း ဖြေဆိုသူများက ဖော်ပြခဲ့သည်။ လက်ရှိတွင် လစာများကို ကြိုပေးကြသည်။ တစ်နည်းဆိုသော် စီးပွားရေးလည်ပတ်မှုနှင့် ဝယ်လိုအားလျော့ကျသော်လည်း အလုပ်ရှင်များက ဝန်ထမ်းများကို ပေးနေဆဲဖြစ်သည်။ ထို့ကြောင့် လုပ်ငန်းရှင်အချို့သည် ၎င်းတို့၏ စုဆောင်းငွေများမှ ထုတ်ယူပြီး လုပ်အားခများ ပေးချေနေရသည်။

အချို့သောအခြေအနေများတွင် အလုပ်ရှင်များ၏ ကိုယ်ပိုင်ရင်းမြစ်များကို အသုံးပြု၍ လစဉ်လစာထက် အပတ်စဉ်လုပ်အားခကို ပေးနေကြသည်။ အလုပ်သမားများ၏ လူမှုစီးပွားရေးရပ်တည်မှု မည်မျှဆိုးရွားနေသည်ကို သိရှိသောကြောင့် ၎င်းတို့ကို လေးစားသည့်အနေဖြင့် ဤသို့ပြုလုပ်ပေးကြောင်း အလုပ်ရှင်အချို့က ဖော်ပြခဲ့သည်။ ဖြေဆိုသူတစ်ဦးက “မဟုတ်ရင် သူတို့က အတိုး ၂၀ ရာခိုင်နှုန်းထိတောင်းတဲ့ အမြတ်ကြီးစားတဲ့သူတွေဆီကနေ ချေးငွေအသေးစားတွေ ယူနေရမှာ” ဟုဆိုသည်။[၈၈]

### ၅.၄.၂။ အထည်ချုပ်လုပ်ငန်းများမှ ကျင့်သုံးသော အခြားရင်ဆိုင်ဖြေရှင်းရေးယန္တရားများ

ပိုင်ဆိုင်မှုများရောင်းချခြင်းသည် စီးပွားရေးလုပ်ငန်းများကို ရှင်သန်စေသည့် ရင်ဆိုင်ဖြေရှင်းရေးယန္တရားတစ်ခုဖြစ်သည်။ ရောင်းချသည့်ပိုင်ဆိုင်မှုများတွင် လက်ဝတ်ရတနာများနှင့် ရွှေ၊ ကားများ၊ မြေကွက်များနှင့် ခြံမွေးတိရစ္ဆာန်များ ပါဝင်သည်။ ပိုင်ဆိုင်မှုများရောင်းချခြင်းမှ ငွေအချို့ကို မကြာခဏဆိုသလို ဝန်ထမ်းများအား ကူညီရန် အသုံးပြုကြရသည်။ “ကျွန်တော့်တာဝန်မဟုတ်ပေမယ့်လည်း နိုင်ငံရေးဖြစ်ရပ်ကြောင့် လုပ်ငန်းကို လေးလဝန်းကျင် ရပ်နားခဲ့ရတုန်းက ကျွန်တော့်ဝန်ထမ်းတွေကို ဆန်နဲ့ဆီလိုမျိုးအစားအစာတွေ ထောက်ပံ့ပေးခဲ့တယ်” ဟု ဖြေဆိုသူတစ်ဦးက ဆိုသည်။ အမှန်တကယ်အားဖြင့် ဤလုပ်ငန်းစစ်တမ်းမှ ပေါ်ထွက်လာသော တွေ့ရှိချက်တစ်ခုအရ အလုပ်ရှင်များသည် နောက်ဆုံးအားကိုးရာ လူမှုရေးအကူအညီများကို ပံ့ပိုးပေးသူများဖြစ်သည်။ ၎င်းတို့သည် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်နှင့်ဆီများကို ထောက်ပံ့ပေးပြီး ၎င်းတို့၏ ကျန်းမာရေး (နှင့် ၎င်းတို့ဆွေမျိုးများ၏ ကျန်းမာရေး) ကို ဂရုစိုက်ပေးကြသည်။ ဥပမာအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ကုသမှုများအတွက် မိမိအိတ်ကပ်ထဲမှ ငွေစိုက်ထုတ်ပေးခြင်းတို့ ပါဝင်သည်။ ဆက်စပ်လုပ်ငန်းများအနေဖြင့် ပိုင်ဆိုင်မှုများ ရောင်းချခြင်း၊ တရားဝင်နှင့် အလွတ်သဘော ငွေချေးသူများထံမှ ချေးယူခြင်းနှင့် ကိုယ်ပိုင်စုဆောင်းငွေများမှ ထုတ်ယူခြင်းများကို ဤလုပ်ငန်းကဏ္ဍအတွက် တူညီသော ရင်ဆိုင်ဖြေရှင်းရေးယန္တရားအဖြစ် တိကျပြတ်သားစွာ ဖော်ပြထားခြင်းမရှိပေ။

၈၅ အခြားအရာများအနက် ဤအချက်သည် လောင်စာဆီအပါအဝင် ဖြည့်သွင်းမှုကုန်ကျစရိတ်ကို ပို၍သက်သာစေနိုင်သည်။
၈၆ ကျွန်ုပ်တို့၏ နမူနာအုပ်စုတွင် ပါဝင်သော လုပ်ငန်းများ၏ အရွယ်အစားများအရ ဤအချက်ကို မျှော်မှန်းထားသည်။
၈၇ အလုပ်သမားများ၏ ကျန်းမာရေးစသည်တို့အပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော်လည်း အင်တာဗျူးရလဒ်များအရ စက်ရုံ (၅၅) ခုအနက် နှစ်ခုကသာ ဤကိစ္စရပ်အချို့ကို ကိုင်တွယ်နိုင်သည့် သမဂ္ဂရှိကြောင်းကို ဖော်ပြထားသည်။
၈၈ တစ်လလျှင် ၂၀ ရာခိုင်နှုန်းကိုဆိုလိုပြီး တစ်နှစ်လျှင် ၂၄၀ ရာခိုင်နှုန်းနှင့် ညီမျှသည်။

## ၅.၅။ အလုပ်ရှင်များရှုထောင့်မှ သင်တန်းလိုအပ်ချက်များ

ဤစစ်တမ်းသည် စက်ရုံအဆင့်သင်တန်းများ လိုအပ်ချက်အပေါ် ဖြေဆိုသူများ၏ အမြင်များကိုလည်း မေးမြန်းခဲ့သည်။ ပေါ်ထွက်လာသည့် အဖြေအမျိုးအစားအချို့ရှိသည်။ ဦးစွာဖြေဆိုသူအချို့အရ ရက်ကန်းရက်ခြင်းသည် မျိုးဆက်တစ်ခုပြီးတစ်ခု အမွေဆက်ခံသည့် ရိုးရာဓလေ့တစ်ခုဖြစ်သောကြောင့် သက်တန်းတက်ရန်မလိုပေ။ ထို့အပြင် စက်ရုံကြီးများပိတ်သိမ်းသွားပြီး ကျွမ်းကျင်လုပ်သားများ လုံလောက်စွာရှိသောကြောင့် သင်တန်းပေးရန် လုံးဝလိုအပ်မှုမရှိပါဟု အချို့ဖြေဆိုသူများက ထင်မြင်ကြသည်။ ဤသို့သောအလုပ်ရှင်အမျိုးအစားများသည် ၎င်းတို့၏ ဝန်ထမ်းများအား ပေးဆောင်နိုင်သည့် ထပ်လောင်းသင်တန်းများအား ငြီးငွေ့နေကြသည်။ ထိုသူတို့၏ စကားအရ "ကျွန်တော့်အထင်ကတော့ ဝန်ထမ်းတွေရဲ့ စွမ်းရည်ကို အဓိကထားတဲ့ သင်တန်းအစီအစဉ်တွေမှာ တက်ရောက်လိုက်တဲ့သူတွေက တော်ပြီး ထိရောက်လာပြီဆိုတာနဲ့ လုပ်ငန်းကနေ ထွက်သွားတော့တာပဲ။ ပြီးတော့ သင်တန်းအစီအစဉ်တွေက စက်ရုံကြီးတွေအတွက် ပိုသင့်တော်တယ်လို့ ကျွန်တော်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်လုပ်ငန်းလို ထုတ်ကုန်စက်ရုံလေးက ရှုပ်ထွေးတဲ့ထုတ်လုပ်ရေးငန်းစဉ်တွေကို အသုံးမပြုရဘူး။" ဤသို့သော အလုပ်ရှင်များသည် ဝန်ထမ်းများက သင်တန်းတက်ရန် ရှုံးဆုံးမည့်လုပ်အားခကိုသာ တွက်ချက်လေ့ရှိပြီး အသိပညာမည်မျှပြန်ရလိမ့်မည်ကို မစဉ်းစားသောကြောင့် ယခုလိုသင်တန်းများအား အာရုံသိပ်မစိုက်ကြောင်း ယူဆကြသည်။

ဒုတိယအနေဖြင့် အတွေ့အကြုံမရှိသော ဝန်ထမ်းများ/လုပ်သားသစ်များအတွက် အခြေခံအပ်ချုပ်ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းတွင်း သင်တန်းများကို ပို့ချပေးသည့် အလုပ်ရှင် အမျိုးအစား ရှိသည်။ "ကျွန်တော့်ဝန်ထမ်းတွေရဲ့ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ဖို့ ကျွန်တော်သင်တန်းတွေ လုပ်ပေးခဲ့တယ်။ ဒါပေမယ့် အဆက်မပြတ် အသုံးချတာမျိုးမရှိရင် သူတို့သင်ထားတာကို ပြန်မေ့သွားတတ်ကြတယ်။" တတိယအနေဖြင့် သင်တန်းများက ဝန်ထမ်းများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးမည်ဟု ယုံကြည်သော အလုပ်ရှင်အမျိုးအစားလည်း ရှိသည်။ အလုပ်ရှင်အမျိုးအစားသုံးမျိုးလုံးက မျက်နှာချင်းဆိုင် တက်ရောက်ရသောသင်တန်းက ပို၍ကောင်းသည်ဟု ထင်ကြသည်။

# ၆။ နောက်ဆုံးတွေ့ရှိချက်များနှင့် ကန့်သတ်ချက်များ

## ၆.၁။ နောက်ဆုံးတွေ့ရှိချက်များ

လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း အထည်ချုပ်ထုတ်လုပ်ရေးကဏ္ဍသည် လုပ်သားဦးရေသိသာထင်ရှားစွာ တိုးတက်လာသော ကဏ္ဍဖြစ်ပြီး ၂၀၁၉ ခုနှစ်၌ အထည်ချုပ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများတွင် လုပ်သား ၉၀၀၀၀၀ ကျော်ကို ခန့်အပ်ခဲ့သည်။ ပို့ကုန်ဦးတည်သည့် ကဏ္ဍတစ်ခုတည်းတွင် လုပ်သား ၇၀၀၀၀၀ ခန့်ရှိပြီး ၎င်းသည် အကြမ်းဖျင်းအားဖြင့် နိုင်ငံ့လုပ်သားအင်အား၏ ၃ ရာခိုင်နှုန်းရှိသည်။ ဤလုပ်ငန်းရှိ အလုပ်အကိုင်များစွာသည် အမျိုးသမီးများအတွက် လစာအတော်အတန်မြင့်မားသော အခွင့်အလမ်းအသစ်များကို ပေးစွမ်းခဲ့သည့်အပြင် အထူးသဖြင့် ရန်ကုန်မြို့ရှိ မြို့ပြအနီးတစ်ဝိုက်မြို့နယ်များတွင် အထည်ချုပ်စက်ရုံများအနီး၌ ဆက်စပ်လုပ်ငန်းများစွာကိုပါ ဖြစ်ပေါ်စေခဲ့သည်။

တပ်မတော်က အာဏာသိမ်းပြီး တစ်နှစ်အကြာတွင် မြန်မာနိုင်ငံရှိ အထည်ချုပ်ကဏ္ဍ အခြေအနေကို အကဲဖြတ်ရန် ယခုကြိုးပမ်းမှုမှ ဖြစ်ပေါ်လာသည့် တိကျသော လေ့လာတွေ့ရှိချက်အချို့ရှိပါသည်။ အထည်ချုပ်လုပ်သားများ၏ဝင်ငွေများ (တစ်ဦးချင်းနှင့် အိမ်ထောင်စု) သည် ပုံမှန်တန်ဖိုးအရ ကျဆင်းလျက်ရှိသည်။ အထူးသဖြင့် အလုပ်လက်မဲ့ဖြစ်စေ အထည်ချုပ်ကဏ္ဍတွင် ဆက်လက်ရှိနေသည်ဖြစ်စေ လစာနည်းပါးသော နမူနာအုပ်စုပါ အမျိုးသမီးများအတွက် ဝင်ငွေ ကျဆင်းလျက် ရှိသည်။ ဆန့်ကျင်ဘက်အားဖြင့် အမျိုးသားအချို့သည် ဝင်ငွေ အနည်းငယ် ပိုမိုမြင့်မားသော အခြားကဏ္ဍများသို့ ပြောင်းရွှေ့ခဲ့ကြသည်။ အလုပ်ဆုံးရှုံးခဲ့ကြသည့် အထည်ချုပ် လုပ်သားများသည် ပို၍စိတ်ဓာတ်ကျလာကာ ဆယ်ဦးလျှင် တစ်ဦးက အလုပ်လက်မဲ့ ဖြစ်နေသည် သို့မဟုတ် အခြားအလုပ် ရှာဖွေခြင်း မပြုကြပေ။

ဤလုပ်အားခလျှော့နည်းခြင်းသည် အထည်ချုပ်လုပ်သားများ၏ အိမ်ထောင်စုဝင်ငွေများ အဘယ်ကြောင့် ကျဆင်းနေသည်ကို ရှင်းပြပေးသည်။ ထို့အပြင် အလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားများရှိသည့် အိမ်ထောင်စုများ၏သုံးပုံနှစ်ပုံသည် ဝင်ငွေ၏ ဆင့်ပွားရင်းမြစ်မရှိကြသောကြောင့် (အရန်ငွေကြေးမရှိသောကြောင့်) ထိုအိမ်ထောင်စုများသည် အထူးမရေရာသောအခြေအနေသို့ ရောက်ရှိနေကြသည်။

အိမ်ထောင်စုဝင်ငွေများ ကျဆင်းခြင်းသည် အိမ်ထောင်စုများအား ခက်ခဲတုန်လှုပ်မှုဒဏ်၏ သက်ရောက်မှုကို နည်းလမ်းများစွာဖြင့် ရင်ဆိုင်ရန် တွန်းအားပေးခဲ့သည်။ အိမ်ထောင်စုအများစုသည် အစားအစာမဟုတ်သော သုံးစွဲမှုကို လျှော့ချခြင်း၊ ပိုင်ဆိုင်မှုများကို ရောင်းချခြင်း သို့မဟုတ် စုဆောင်းငွေအပေါ် အားကိုးခြင်းတို့ကို ပြုလုပ်ကြသည်။ အိမ်ထောင်စုများစွာ (အထူးသဖြင့် အလုပ်လက်မဲ့အထည်ချုပ်လုပ်သားများနှင့် ကလေးရှိသောအိမ်ထောင်စုများ) သည် အစားလျှော့စားနေကြပြီး ကျွန်ုပ်တို့၏ နှိုင်းယှဉ်စိစစ်မှုတွင် ဖော်ပြချက်အရ ထိုသို့လျှော့စားခြင်းသည် အချိန်နှင့်အမျှ တိုးမြင့်လျက်ရှိသည်။ ဤသို့ အသင့်မြတ်ဆုံးမဟုတ်သည့် ရင်ဆိုင်ဖြေရှင်းရေးယန္တရား၏ နောက်ဆက်တွဲအကျိုးဆက်များတွင် ကလေးများအတွက် ရုပ်ပိုင်းဆိုင်ရာနှင့် သိမြင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းပါဝင်ပြီး ကာလလတ်မှ ကာလရှည်အတွင်း ၎င်းတို့၏ လူသားအရင်းအနှီးအပေါ် ထိခိုက်မှုရှိနေသည်။

အချို့အိမ်ထောင်စုများသည် ရွှေနှင့် လက်ဝတ်ရတနာများကို ရောင်းချနေကြသော်လည်း အချို့အိမ်ထောင်စုများသည် မော်တော်ဆိုင်ကယ်နှင့် ခြံမွေးတိရစ္ဆာန်များကို ရောင်းချကြသည် (ထို့ကြောင့် ဆင်းရဲတွင်းမှ လွတ်မြောက်ရန် ၎င်းတို့၏ အလားအလာများကို ထိခိုက်နစ်နာစေသည်)။

ဤပူဆွေးသောကများသည် အထည်ချုပ်လုပ်သားများ (အထူးသဖြင့် အမျိုးသမီးများ) အား အနာဂတ်အလားအလာနှင့် စပ်လျဉ်း၍ အလွန်စိုးရိမ်စေသည်။ ယေဘုယျဘဝအရည်အသွေးကို သုံးသပ်ကြည့်ရာတွင် အလုပ်ဆုံးရှုံးမည်ကိုစိုးရိမ်ခြင်းနှင့် လုံခြုံမှုမရှိခြင်းတို့က အထည်ချုပ်လုပ်သားများကို ဖိစီးစေသည်။ ဘဝအပေါ်စိတ်ကျေနပ်မှုသည် ကျဆင်းလာပြီး အလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားဟောင်းများအကြား ပို၍ဆိုးရွားသည်။

ဆိုးရွားလှသော စီးပွားရေးအခြေအနေနှင့် လုံခြုံမှုမရှိခြင်းကြောင့် အထည်ချုပ်လုပ်သားအချို့သည် ၎င်းတို့၏ကျေးရွာသို့ မဖြစ်မနေ ပြန်လည်ပြောင်းရွှေ့ခဲ့ရသည်။ ဤသို့ပြောင်းရွှေ့လိုက်ခြင်းဖြင့် လုံခြုံရေးနှင့် စပ်လျဉ်း၍ စိတ်ပူပန်မှုလျော့နည်းသွားသော်လည်း ဤ 'ပြန်လည်ပြောင်းရွှေ့မှု' သည် ဝင်ငွေကို လျော့နည်းစေသည်။

ယင်းက ဘေးကင်းရေးနှင့်ပတ်သက်၍ ၎င်းတို့၏စိုးရိမ်မှုများကို လျော့ပါးစေသော်လည်း အဆိုပါ 'ပြောင်းပြန်ရွှေ့ပြောင်းသူများ' သည်လည်း ဝင်ငွေနည်းပါသည်။ အလုပ်အကိုင်ရှာဖွေနေသူဦးရေ တိုးပွားလာမှုကို ထည့်မတွက်ဘဲ အထည်ချုပ်ကဏ္ဍသည် လက်ရှိလုပ်သားများ၏ အလုပ်အကိုင်ကို အကာအကွယ်ပေးနိုင်ခြင်းမရှိပါက ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အဓိကကျသော ငွေလွှဲပို့မှုများသည် အမေရိကန်ဒေါ်လာ သန်း (၁၁၀) ခန့်လျော့နည်းနိုင်သည်။

လုပ်ငန်းစစ်တမ်းမှ တွေ့ရှိချက်များအရ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းကြောင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် ယခင်ရှိပြီးသား စိန်ခေါ်မှုများကို ပိုမိုဆိုးရွားစေခဲ့သည်။ လျှပ်စစ်မီးရရှိမှု၊ ကုန်ကြမ်းဈေးနှုန်းများနှင့် (ငွေကြေးလက်လှမ်းမီရရှိမှု အပါအဝင်) ဘဏ်လုပ်ငန်းကဏ္ဍပြဿနာများကို အထည်ချုပ်လုပ်ငန်းများ ရင်ဆိုင်နေရသော အဓိကစိန်ခေါ်မှုအချို့အဖြစ် ဖော်ပြထားပါသည်။ ယင်းက အထည်ချုပ်ထုတ်ကုန်များ၏ ထုတ်လုပ်မှုနှင့် ဝယ်လိုအား အပေါ် သက်ရောက်မှုရှိပြီး အလုပ်အကိုင်အပေါ် ဆင့်ပွားသက်ရောက်ပြန်သည်။ အထည်ချုပ်လုပ်သားများ၏ စစ်တမ်းမှ တွေ့ရှိချက်များနှင့် အညီ အလုပ်မှရပ်နားခံရသောအခါ ဝန်ထမ်းများသည် ဆောက်လုပ်ရေး သို့မဟုတ် စိုက်ပျိုးရေးကဲ့သို့သော အခြားကဏ္ဍများသို့ ဝင်ရောက် လုပ်ကိုင်ကြသည်။

အထည်ချုပ်လုပ်ငန်းများ (အထူးသဖြင့် အသေးစားနှင့် အလတ်စား) သည် လုပ်ငန်းလုပ်ကိုင်ပုံအား မဖြစ်မနေ ပြင်ဆင်ခဲ့ရသည်။ ဥပမာ အားဖြင့် လျှပ်စစ်မီးရရှိသည့်အခါတိုင်း အလုပ်လုပ်ရသောကြောင့် ပုံမှန်မဟုတ်သည့် အလုပ်ချိန်များကို ဖြစ်ပေါ်စေပါသည်။ ထို့အပြင် ၎င်းတို့ထဲမှအချို့သည် ၎င်းတို့၏ လုပ်ငန်းကို ဆက်လက်တည်မြဲ စေရန်အတွက် ပိုမိုပြင်းထန်သော ရင်ဆိုင်ဖြေရှင်းရေးယန္တရားများ (ဥပမာ။ ပိုင်ဆိုင်မှုများအား ရောင်းချခြင်း) ကို မဖြစ်မနေ ဆောင်ရွက် ခဲ့ရသည်။

ဘဏ်လုပ်ငန်းကဏ္ဍ ဖရိုဖရဲဖြစ်မှုသည် ယခင်က ဖြစ်ပျက်ခဲ့ခြင်း မရှိသည့် ငွေသားထုတ်ယူမှုအတွက် သိသာထင်ရှားသော ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုး (ထုတ်ယူမှုတစ်ခါအတွက် ၇ ရာခိုင်နှုန်းခန့်) ကို တိုးပွား စေသည်။

သွင်းကုန်ကန့်သတ်ချက်များသည် အော်ဒါများပေးပို့ရန် လိုအပ်သော ရက်ကို ပိုများစေပြီး ကုန်ကျစရိတ်များကို တိုးမြင့်ကာ အကျိုးမြတ်ကို လျော့ကျစေသည်။ ထို့ကြောင့် အထည်ချုပ်လုပ်ငန်းများသည် မလုပ်နိုင်မကိုင်နိုင်ဖြစ်စေသည့် ပြည်တွင်းမူဝါဒများနှင့် ကဏ္ဍတွင်း ဝယ်လိုအားနှင့် နိုင်ငံရေးရင်းနှီးမြှုပ်နှံမှုလျော့ကျခြင်း၊ ယူကရိန်းပဋိပက္ခ အပါအဝင် ပြင်ပအချက်များအကြား နှစ်ဆအကျပ်ရိုက်နေသည့် အခြေအနေတွင် ပိတ်မိနေသည်။

လုပ်ငန်းရှင်များ၏ တုံ့ပြန်မှုများက သက်သေပြထားသည့်အတိုင်းပင် နမူနာအုပ်စုပါ လုပ်ငန်းများတွင် လူမှုကာကွယ်ရေးအား လက်လှမ်းမီ ရရှိမှုသည် ကန့်သတ်ချက်ရှိသည်။

ငွေကြေးမဟုတ်သည့်အကျိုးခံစားမှုများ (ဥပမာ။ အစားအသောက်များ) အား ပေးအပ်ခြင်းဖြင့် အလုပ်ရှင်များသည် နောက်ဆုံးအားထားရာ လူမှုအထောက်အပံ့ပေးအပ်သူများ ဖြစ်ကြသည်။ မြန်ကူအစီအစဉ်မှ တစ်ဆင့် ရရှိသော ငွေကြေးအကူအညီကို လက်ခံသူအားလုံးက ဝမ်းသာကြိုဆိုကြသည်။ ပျမ်းမျှအားဖြင့် မြန်ကူမှ တစ်ဦးလျှင် ၈၀၀၀၀ ကျပ် လက်ခံရရှိသော်လည်း ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များက (၇၅၀၀၀၀ ကျပ်အထိ) ပိုမို ရရှိကြသည်။ ဖြေဆိုသူအားလုံးနီးပါးက ထိုငွေကြေးကို အသုံးပြု၍ ၎င်းတို့အိမ်ထောင်စုများအတွက် အစား အသောက်နှင့် ထောက်ပံ့ရေးပစ္စည်းများကို ဝယ်ယူကြသည်။

လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးပဋိပက္ခနှင့် ဆက်စပ်နေသော စိန်ခေါ်မှုများသည် ကာလတိုနှင့် ကာလလတ်အတွက် ဆိုးရွားသော အလားအလာကို ပြသနေသည်။ တွေ့ဆုံမေးမြန်းထားသော လုပ်ငန်း ရှင်အချို့က နိုင်ငံရေးအခြေအနေ တိုးတက်မှုသည် စီးပွားရေး



တိုးတက်မှုအတွက် မရှိမဖြစ်ဟု ယူဆကြသော်လည်း အများစုမှာ ရေတိုကာလတွင် သိသိသာသာ ပြောင်းလဲလာမည်ဟု မထင်ကြပေ။ ထို့ကြောင့် အများစုက ဆက်လက်ရှင်သန်နိုင်ရန်သာ ရိုးရိုးရှင်းရှင်း မျှော်လင့်ကြသည်။

## ၆.၂။ ကန့်သတ်ချက်များ

အခြားသော သုတေသနကြိုးပမ်းမှုများကဲ့သို့ပင် ဤစစ်တမ်းအခြေခံသော လေ့လာမှုနှင့် ဆက်စပ်၍ ကန့်သတ်ချက်အချို့ရှိသည်။ ပထမဦးစွာ ဤစစ်တမ်းသည် သေးငယ်ပြီး တစ်ကြိမ်တည်းဖြင့်ဆောင်ရွက်ပြီးသော၊ နိုင်ငံအတွင်း ရွေးချယ်ထားသည့် တိုင်းဒေသကြီးတစ်ခုရှိ (ယခင်နှင့် လက်ရှိ) အထည်ချုပ်လုပ်သားများ၏ အလုံးစုံကိုယ်စားပြုနိုင်စွမ်းမရှိသော စစ်တမ်းတစ်ခုဖြစ်ပြီး မြန်ကူမှ လက်ခံရရှိခြင်းအပေါ် အခြေခံပြီး စစ်တမ်းတွင် ပါဝင်စေခြင်းသာဖြစ်သည်။ ထို့ကြောင့် ဤစစ်တမ်းရလဒ်များအား၊ အထူးသဖြင့် ၎င်းတို့၏ ခြုံငုံကောက်ချက်ချနိုင်စွမ်းကို သတိဖြင့် သုံးသပ်သင့်သည်။ ဒုတိယအနေဖြင့် ဤစိစစ်ပိုင်းခြားမှုသည် သရုပ်ဖော်ပြသပေးသည့် သဘောရှိသည် (ဆိုလိုသည်မှာ စာရင်းအင်းဆိုင်ရာ အရေးပါမှုအား စမ်းသပ်ထားခြင်း မရှိပေ)။ ထို့ကြောင့် ခွဲခြမ်းထားသည့် နှီးနွယ်ဆက်စပ်မှုအချို့၏ ပြင်းအားကို ပြန်ဆိုသောအခါ သတိထား၍ ဆောင်ရွက်သင့်သည်။ တတိယအနေဖြင့် ဤလုပ်ငန်းစစ်တမ်းမှ တွေ့ရှိချက်များကို လုပ်ငန်း (၅၅) ခုပါဝင်သော နမူနာအုပ်စုငယ်မှ ရယူထားပြီး ၎င်းတို့သည် အရည်အသွေးပြသပေးသည့် သဘောရှိသည်။ ထို့အပြင် ဤလုပ်ငန်းစစ်တမ်းတွင်ပါဝင်သော လုပ်ငန်းအများစုသည် အသေးစားနှင့် အငယ်စား စီးပွားရေးလုပ်ငန်းများ၏ လုပ်ကိုင်ခွင့်အတွင်း ပါဝင်သည်။

## ၆.၃။ ရှေ့ဆက်ချီတက်ရန် ထည့်သွင်းစဉ်းစားချက်များ

ဤစိစစ်ပိုင်းခြားမှုတွင် ပြထားသည့်အတိုင်း အလုပ်လက်မဲ့ဖြစ်နေသော အထည်ချုပ်လုပ်သားများရှိသော အိမ်ထောင်စုများအတွက် အလုံးစုံဘဝအခြေအနေမှာ ပိုမိုဆိုးရွားပါသည်။ ထို့ကြောင့် အထည်ချုပ်လုပ်ငန်းမှ အလုပ်သမားများ အလုပ်လက်မဲ့ အိမ်ထောင်စုများအတွက် ထို့ကြောင့် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များရရှိစေပြီး အလုပ်အကိုင်နှင့်လုပ်အားခများ ထောက်ပံ့ပေးနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများနှင့် sourcing အား မည်သို့အကောင်းဆုံးထိန်းသိမ်းထားရမည်ကို စဉ်းစားရန် အရေးကြီးပါသည်။

(၁) အလုပ်ဆုံးရှုံးထားသူများအတွက် ဖြည့်စွက်သင်တန်းများ ပံ့ပိုးပေးခြင်း၊ ကျွမ်းကျင်မှုတည်ဆောက်ခြင်းနှင့် စွန့်ဦးတီထွင်လုပ်ငန်းများအတွက် အတားအဆီးများကို ဖယ်ရှားပေးခြင်းတို့အတွက် နည်းလမ်းရှာဖွေခြင်းသည် အဆိုပါ အလုပ်သမားအမျိုးအစားများကို ဝင်ငွေရှာဖွေရန်နှင့် ၎င်းတို့၏မိသားစုများကို ထောက်ပံ့ရန် ကူညီပေးနိုင်ပါသည်။

(၂) မြန်ကူအထောက်အပံ့ကို အိမ်ထောင်စုအားလုံးက လက်ခံကြိုဆိုကြသည်။ ၎င်းသည် လုပ်သားဟောင်းများအား ရေရှည်မတည်တံ့နိုင်သော ရင်ဆိုင်ဖြေရှင်းရေးယန္တရားများကို ကျင့်သုံးခြင်းမှ တားဆီးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ဤသို့သော ပံ့ပိုးကူညီမှုကို ဆက်လက်ဆောင်ရွက်သင့်ပြီး မည်သည့်အားကိုးရာမှ မရှိသည့် လက်ရှိအလုပ်လက်မဲ့ ဖြစ်နေသူများကို ပစ်မှတ်ထားသင့်သည်။ တစ်ပြိုင်တည်းတွင် အစားထိုး အလုပ်အကိုင်အတွက် ကျွမ်းကျင်မှုသင်တန်းများကိုလည်း ပေးသင့်သည်။

(၃) လက်ရှိဖြစ်ပေါ်နေသောလုပ်ငန်းအတားအဆီးအချို့ (ဥပမာ။ လျှပ်စစ်မီးရရှိမှုတိုးတက်စေရေး၊ ငွေကြေးလက်လှမ်းမှီ ရရှိစေရေး) တို့ကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် အထည်ချုပ်လုပ်ငန်းငယ်များ၏ ဆက်လက်ရှင်သန်ရေးနှင့် ဝန်ထမ်းများအား ထိန်းသိမ်းထားရှိရေးတို့ကို ကူညီပေးနိုင်ပါသည်။ ဤအသေးစားကုမ္ပဏီများကလည်း နောက်ဆုံးအားကိုးရာဖြစ်သော လူမှုရေး အကူအညီပေးသူများအဖြစ် ကြိုးပမ်းဆောင်ရွက်နေရာ ထိုသို့ကြိုးပမ်းမှုကို ပံ့ပိုးပေးသင့်သည်။

(၄) ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဤလုပ်ငန်းကဏ္ဍတွင် ဆက်လက်နှစ်မြှုပ်ရန် အရေးကြီးပါသည်။ နိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်မှု၊ စီးပွားရေးလုပ်ငန်းများမှ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှု၊အလုပ်သမားများနှင့် လုပ်ငန်းငယ်များ၏ ထိခိုက်လွယ်မှုများသည် ထည့်သွင်းစဉ်းစားရန်နှင့် အနီးကပ်စောင့်ကြည့်ရန် အရေးကြီးသော ပြဿနာများဖြစ်သည်။ သို့သော် ၎င်းတို့သည် အနောက်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမှုကို လျှော့ချ/ ရုပ်သိမ်းရန်နှင့် ဦးစားပေးကုန်သွယ်မှု အစီအစဉ်များအား ရုပ်သိမ်းရန် တွန်းအားပေးသည့် အသင့်လျော်ဆုံးမူဝါဒ တုံ့ပြန်ချက် ဟုတ်ပါသလား? ဤလေ့လာမှုအရ အထက်ပါအချက်သည် အလုပ်သမားများလိုလားသည့် အချက်မဟုတ်ပေ။ ၎င်းတို့သည် အထည်ချုပ်လုပ်ငန်းရှိ အလုပ်အကိုင်များ ပျောက်ဆုံးသွားပါက အခြားကဏ္ဍများသို့ ပြောင်းလဲရန် ရွေးချယ်မှုလည်း မရှိသလောက် နည်းပါးလှသည်။

(၅) အလုပ်သမားဥပဒေနှင့် စံချိန်စံညွှန်းများကို ထိရောက်စွာအသုံးချခြင်းမရှိဘဲ လက်ရှိအုပ်ချုပ်နေသော စစ်အစိုးရ (de facto regime) ၏ အလုပ်သမားလှုပ်ရှားမှုအပေါ် ကန့်သတ်ချက်များကြောင့် လုပ်ငန်းရှင်များနှင့် နိုင်ငံတကာအမှတ်တံဆိပ်များသည် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်များရရှိစေရေးအတွက် စုပေါင်းတာဝန်ယူသင့်ပါသည်။

# ၇။ ကိုးကားချက်များ


1. Aterido, R., and Hallward-Driemeier, M. The impact of investment climate on employment growth: Does Sub-Saharan African mirror other low-income regions? World Bank Policy Research Working Paper No. 5218. Washington, D.C., 2010.
2. Aterido, R., Hallward-Driemeier, M., and Pagés, C. Big constraints to small firms' growth? Business environment and employment growth across firms. Economic Development and Cultural Change, vol. 59(3), pp. 609–647 (2011).
3. Dinh, H.T., Mavridis, D.A., and Nguyen, H.B. The binding constraint on firms' growth in developing Countries. World Bank Policy Research Working Paper No. 5485. Washington, D.C., 2010.
4. Fernald, L. C., Weber, A., Galasso, E., and Ratsifandrihamanana, L. Socioeconomic gradients and child development in a very low-income population: evidence from Madagascar. Developmental Science, 14(4), 832–847 (2011). Available at https://doi.org/10.1111/j.1467-7687.2010.01032.x.
5. Gebreeyesus, M. Innovation and microenterprises growth in Ethiopia. UNUMerit Working Paper Series No. 2009-053. United Nations University, 2009.
6. Gustavo Nicolas Paez and Myat Su Tin. Gender-based differences in Myanmar's labor force. World Development Perspectives, vol. 21, (2021).
7. International Finance Corporation. IFC Jobs Study: Assessing private sector contributions to job creation and poverty reduction (Preliminary Findings and Conclusions from Oct 2012). Development Impact Department, Washington, D.C., 2012.
8. International Labour Organization. Understanding the Gender Composition and Experience of Ready-Made Garment (RMG) Workers in Bangladesh. 2020. Available at https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/---ilo- dhaka/documents/publication/wcms_754669.pdf.
9. International Labour Organization. Employment in Myanmar in the first half of 2022. 2022. https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/documents/briefingnote/wcms_852682.pdf
10. Myanmar Now. Nearly a third of garment industry jobs wiped out by coup. 2021. Available at https://www.myanmar- now.org/en/news/nearly-a-third-of-garment-industry-jobs-wiped-out-by-coup.
11. Nikoloski, Christiaensen and Hill. Coping with shocks: the realities with African life. In Agriculture in Africa: Telling Myths from Facts, Christiaensen, Luc and Demery. Directions in Development—Agriculture and Rural Development ,Washington D.C: World Bank, 2018, pp. 123-134.
12. Nkurunziza, J.D. The effect of credit on growth and convergence of firm size in Kenyan manufacturing. The Journal of International Trade & Economic Development, vol. 19(3), pp. 465–494 (2010).
13. Reuters. As Myanmar unions demand sanctions, garment workers fear for their jobs. 2021. Available at https:// www.reuters.com/article/us-myanmar-crisis-workers-idUSKBN2IS012.
14. Shenglu fashion. A Snapshot of Myanmar's Apparel Industry and Export. 2012. Available at https://shenglufashion.com/2021/02/03/a-snapshot-of-myanmars-apparel-industry-and-export.
15. United Nations Development Programme. "COVID-19, Coup d'Etat and Poverty: Compounding Negative Shocks and Their Impact on Human Development in Myanmar. 2021. Available at https://www.asia-pacific.undp.org/content/rbap/en/home/library/democratic_governance/covid-19-coup-d-etat-and-poverty-impact-on-myanmar.html.
16. United Nations Development Programme. Myanmar's People Pulse. 2021. Available at https://www.asia-pacific.undp.org/content/rbap/en/home/library/sustainable-development/myanmar-people-pulse-survey-report-2021.html.
17. United Nations Development Programme. Myanmar High Frequency Indicators, Round 1 report. 2021. Mimeo.
18. United Nations Development Programme. Myanmar High Frequency Indicators, Round 2 report. 2022. Mimeo.
19. World Bank. World Development Indicators. 2022. Available at https://databank.worldbank.org/source/world-development-indicators, retrieved 20 April 2022.

# နောက်ဆက်တွဲ(၁)။ စီးပွားရေးစစ်တမ်းတွင် အသုံးပြုခဲ့သော မေးခွန်းများအတွက် ဝေဖန်သုံးသပ်မှုစာတမ်း

အထည်အလိပ်လုပ်ငန်းအပေါ် တုန်လှုပ်မှုဒဏ်သည် နိုင်ငံတွင်း အခြားတိုင်းဒေသကြီးများတွင် တူညီသောလုပ်ငန်းရှိ အခြားစက်ရုံများ (နှင့် အထောက်အကူပြု/ဆက်စပ် လုပ်ငန်းများ) အပေါ် သက်ရောက်မှု ရှိ/မရှိကို မေးခွန်းများထဲ ထည့်သွင်းမေးမြန်းခဲ့သည်။ အကြောင်းရင်းမှာ နိုင်ငံ၏ အစိတ်အပိုင်းတစ်ခုမှ တုန်လှုပ်မိဒဏ်တစ်ခုသည် နိုင်ငံ၏ကျန်အစိတ်အပိုင်းများသို့ (spatial linkages မှတစ်ဆင့်) ပျံ့နှံ့နိုင်ကြောင်း လက်ရှိစာတမ်းတစ်ချို့က ဖော်ပြထားသောကြောင့်ဖြစ်သည် (ဥပမာအနေဖြင့် Dekle et at. မှ ၂၀၁၆ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ဆောင်ရွက်ချက်ကို ကြည့်ပါ)။

အထည်အလိပ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် အလုပ်အကိုင်ဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ မေးခွန်းမေးမြန်းခဲ့သည်။ ယင်းအတွက် အကြောင်းပြချက်ကို ထိခိုက်ခံတိုင်းဒေသကြီးရှိ အခြားလုပ်ငန်းများတွင် အစုလိုက်အပြုံလိုက် အလုပ်ရပ်စဲခံရခြင်းအပေါ် လေ့လာထားသည့် စာတမ်းတစ်ခုတွင် တွေ့နိုင်သည် (ဥပမာအနေဖြင့် Ghatmann et al. ၏ ၂၀၁၇ ခုနှစ် ဂျာမဏီနိုင်ငံဆိုင်ရာစာတမ်းကို ကြည့်ပါ)။ ၎င်းကိုချဲ့ထွင်၍ အခြားသော သတ်မှတ်ချက်ဘောင်အချို့ (ဥပမာ။ ထုတ်လုပ်မှု၊ ဝယ်လိုအား) ကို ထည့်သွင်းခဲ့သည်။

အထည်အလိပ်လုပ်ငန်း ပိတ်သိမ်းခြင်း/လျှော့ချခြင်းသည် ရန်ကုန်တွင်သာမက တစ်နိုင်ငံလုံးတွင် တစ်နှစ်လျှင် စုစုပေါင်းဝင်ငွေ လျော့ကျသွားစေရန် မည်မျှအတိုင်းအတာအထိ ဖြစ်စေသည်ကို ဖော်ထုတ်ရန်အတွက် ကျွန်ုပ်တို့ ကြိုးပမ်းနေသည်။ ဤမေးခွန်းသည် စက်မှုလုပ်ငန်းများအား ပြန်လည်ဖွဲ့စည်းခြင်းအပေါ် စာတမ်းတွင် အခြေခံထားခြင်းဖြစ်သည် (ဥပမာအနေဖြင့် Figura and Wascher ၊ ၂၀၀၈ ခုနှစ်၏ US FED စာတမ်းကိုကြည့်ပါ)။ စာတမ်းတွင် ပြန်လည်ဖွဲ့စည်းနေသော (နှင့် နီးနွယ်ဆက်စပ်နေသော) လုပ်ငန်းများရှိ လုပ်သားများအတွက် အချိန်ကြာမြင့်စွာ အလုပ်လက်မဲ့ဖြစ်ရသည့်အပြင် ထိုလုပ်ငန်းစဉ်သည် တစ်နှစ်လျှင် စုစုပေါင်းဝင်ငွေအား ဝ.၅ မှ ၁ ရာခိုင်နှုန်းခန့် လျော့ကျစေသည်ဟု ခန့်မှန်းထားသည်။

ကျွန်ုပ်တို့သည် ငွေကြေးဆိုင်ရာ လက်လှမ်းမီရရှိမှု/မှီခိုမှု တို့အပေါ် မေးခွန်းများ မေးမြန်းခဲ့သည်။ Moore and Mizraeli (၂၀၁၆) ၏ စာတမ်းအရ ၂၀၀၈/၂၀၀၉ ခုနှစ် ကမ္ဘာ့စီးပွားရေးကျဆင်းမှုအတွင်း စက်မှုလုပ်ငန်းအများစုသည် ထုတ်လုပ်မှု/ထွက်ကုန် ကျဆင်းသွားသည်။ အကျိုးသက်ရောက်မှုသည် ပြင်ပငွေကြေးကို ပိုမိုမှီခိုနေရသော စက်မှုလုပ်ငန်းများနှင့် ဘဏ္ဍာရေး ကြားခံဆောင်ရွက်မှုကြောင့် ကုန်သွယ်မှုဆိုင်းငံ့ခွင့်ကို မှီခိုအားထားရသော စက်မှုလုပ်ငန်းများတွင် ပိုမိုသိသာသည်။

ဩစတေးလျတွင် မကြာသေးမီက ထုတ်လုပ်မှုကဏ္ဍကျဆင်းလာမှုကို လေ့လာသည့်အခါ ကျွမ်းကျင်မှုကို ထည့်သွင်းစဉ်းစားခြင်းသည် အရေးကြီးသောရှုထောင့်တစ်ခုဖြစ်သည်။ Georgeson and Harrison (၂၀၁၅) ၏ စာတမ်းတစ်ခုအရ ထုတ်လုပ်မှုကဏ္ဍကျဆင်းမှုသည် အလုပ်အကိုင်နှင့် အလုပ်လက်မဲ့နှုန်းများအပေါ် စာရင်းအင်းအရ သိသာထင်ရှားသော အကျိုးသက်ရောက်မှုရှိသော်လည်း ကျွမ်းကျင်မှုအဆင့်ပြောင်းလဲမှုများသည် အလုပ်အကိုင်နှင့် အလုပ်လက်မဲ့နှုန်းများအပေါ် ကုန်ထုတ်လုပ်မှုကျဆင်းမှု၏ ဆိုးကျိုးသက်ရောက်မှုများကို ခုနှိမ်နိုင်ကြောင်း တွေ့ရှိရသည်။

## ကိုးကားချက်များ


1. Acemoglu, Daron, David Autor, David Dorn, Gordon H. Hanson, and Brendan Price. Import Competition and the Great US Employment Sag of the 2000s. *Journal of Labor Economics*, 34 (S1): S141–98 (2016).

2. Acemoglu, Daron, Ufuk Akcigit, and William Kerr. Networks and the Macroeconomy: An Empirical Exploration. *NBER Macroeconomics Annual*, vol. 30, no. 1 (2016), pp. 273–335.

3. Atalay, Enghin. How Important are Sectoral Shocks? *American Economic Journal: Macroeconomics*, vol. 9, no.4 (2017) pp. 254–280.

4. Baqaee, David R., and Emmanuel Farhi. The Macroeconomic Impact of Microeconomic Shocks: Beyond Hulten's Theorem. Econometrica, vol. 87, no. 4 (2019) pp. 1155–1203.

5. Carvalho, V. M., Nirei, M., and Saito, Y. Supply Chain Disruptions: Evidence from the Great East Japan Earthquake. 2014. Discussion papers 14035, Research Institute of Economy, Trade and Industry (RIETI).

6. Charles, K., E. Hurst, and M. Schwartz. The transformation of manufacturing and the decline in US employment. 2018. National Bureau of Economic Research Working Paper No. 24468.

7. Dekle, et al. The Regional Spillover Effects of the Tohoku Earthquake. 2016. RIETI Discussion Paper Series 16–E–049.

8. Faggio, G. and H. Overman. The effect of public sector employment on local labour markets. Journal of Urban Economics, vol. 79 (2014) pp. 91–107.

9. Foerster, Andrew T., Pierre–Daniel G. Sarte, and Mark W. Watson. Sectoral versus Aggregate Shocks: A Structural Factor Analysis of Industrial Production. *Journal of Political Economy*, vol. 119, no. 1 (2011). pp. 1–38.

10. Forni, M., Hallin, M., Lippi, M., and Reichlin, L. The generalized dynamic–factor model: Identification and estimation. *The Review of Economics and Statistics*, vol. 82, no. 4 (2000). pp. 540–554.

11. Di Giovanni, Julian, Andrei A. Levchenko, and Isabelle Mejean. Firms, Destinations, and Aggregate Fluctuations. *Econometrica*, vol. 82, no. 4 (2014). pp. 1303–1340.

12. Greenstone, M., R. Hornbeck, and E. Moretti. Identifying agglomeration spillovers: Evidence from winners and losers of large plant openings. *Journal of Political Economy*, vol. 118 (2010). pp. 536–598.

13. Hosono, K., Miyakawa, D., Uchino, T., et al. Natural disasters, damage to banks and firm investment. 2013. Mimeographed.

14. Kline, P. and E. Moretti. Local economic development, agglomeration economies, and the big push: 100 years of evidence from the Tennessee Valley Authority. *Quarterly Journal of Economics*, 129, (2014). pp. 275–331.

15. Moretti, E. Local multipliers, *American Economic Review, Papers and Proceedings*, vol. 100, (2010). pp. 373–377.

16. Moretti, E. and P. Thulin. Local multipliers and human capital in the United States and Sweden. Industrial and Corporate Change, vol. 22, (2013). pp. 339–362.

17. Severnini, E. The power of hydroelectric dams: Agglomeration spillovers. Discussion paper, IZA Discussion Paper No. 8082. 2014.

18. The Daily. Study: The impact of the manufacturing decline on local labour markets in Canada. 2020.

19. Tokui, J. K. K. and Miyagawa, T. Economic effects of the great Japan earthquake. 2014. Gakushuiin University. Mimeographed.

### အထည်ချုပ်လုပ်ငန်း/ကဏ္ဍများသို့ မေးမြန်းခဲ့သည့်မေးခွန်းများ

*ကျေးဇူးပြု၍ (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ တစ်ရက်နေ့မှစ၍) အထည်ချုပ်ထုတ်လုပ်ရေးတွင် နှောင့်ယှက်မှုများက သင်၏လုပ်ငန်းအပေါ် မည်သို့ထိခိုက်ခဲ့ကြောင်း ပြောပြပေးပါ။*

*ထုတ်လုပ်မှု၊ ဝယ်လိုအားနှင့် အလုပ်အကိုင်များ (အပြင် ထောက်ပံ့ရေးကွင်းဆက်များ) အပေါ် မည်သို့သက်ရောက်မှုများရှိခဲ့သည်ကို ပြောပြပေးပါ။ အကယ်၍ သင်သည် ၎င်းတို့အား အကျိုးသက်ရောက်မှု (အထိခိုက်ဆုံးမှ ထိခိုက်မှုအနည်းဆုံးအထိ) အဆင့်သတ်မှတ်မည်ဆိုလျှင် အဆင့်သတ်မှတ်ချက်သည် မည်သို့ဖြစ်မည်နည်း။*

*သင့်လုပ်ငန်းအပေါ် ထိခိုက်မှုများသည် အချို့သောဈေးကွက်များ (ဥရောပသမဂ္ဂ၊ အမေရိကန်၊ အခြားတစ်ခုခု) တွင် ပိတ်ဆို့အရေးယူမှုများကြောင့် ဖြစ်ပါသလား။ လုပ်ငန်းကဏ္ဍတစ်ခုလုံးအနေဖြင့်ရော မည်သို့ရှိသနည်း။*

*ဝယ်လိုအား/ရောင်းအားများသည် ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ သိသိသာသာ ပြောင်းလဲသွားသည်ကို သင်မြင်ပါသလား (ဥပမာ။ ။ဥရောပသမဂ္ဂမှ တရုတ်နိုင်ငံ သို့မဟုတ် အိန္ဒိယ သို့မဟုတ် အခြားနိုင်ငံတစ်ခုခု)။*

*ဖေဖော်ဝါရီလ တစ်ရက်နေ့မှစ၍ နိုင်ငံရေးပဋိပက္ခကြောင့် ထုတ်လုပ်မှုမှ ဆုံးရှုံးမှုများအတွက် သင်နှင့် အလုပ်သမားများအား အလျော်ပေးရန် (အာဏာပိုင်များ သို့မဟုတ် အခြားရင်းမြစ်များမှ) အကူအညီတစ်ခုခု ရရှိခဲ့ပါသလား။*

*သင်၏ ပုံသေပိုင်ဆိုင်မှုများကို ထိခိုက်ခဲ့ပါသလား။ မည်သို့နည်း။ အလုံးစုံထုတ်လုပ်မှုလျော့ကျသောကြောင့် ထိုပိုင်ဆိုင်မှုအချို့ကို ရောင်းချခဲ့ရပါသလား။ ပဋိပက္ခကြောင့် ထိခိုက်မှုတစ်စုံတစ်ရာရှိပါသလား။*

*ယခင်နှစ်အတွင်း လုပ်ငန်းချေးငွေအတွက် လျှောက်ထားဖူးပါသလား။ လျှောက်ထားဖူးပါက ဤဘဏ္ဍာရေးထုတ်ကုန် အမျိုးအစားကို လက်လှမ်းမီရရှိရာတွင် သင်၏ အတွေ့အကြုံကို ကျေးဇူးပြု၍ ဖော်ပြပေးပါ။*

*လက်ရှိဖြစ်ပေါ်နေသော အနှောင့်အယှက်များသည် (ရန်ကုန်ကို ကျော်လွန်၍) အခြားပြည်နယ်/တိုင်းဒေသကြီးများကိုပါ ထိခိုက်နိုင်သည်ဟု ထင်ပါသလား။ ထင်ပါက ကျေးဇူးပြုပြီး အသေးစိတ်ပြောပြပေးပါ။*

*ပြောင်းလဲသွားသော ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခဲ့သည့်အရာများကို ဖော်ပြပေးပါ။ ဤပြောင်းလဲသွားသော ပတ်ဝန်းကျင်မှ မည်သည့်အတွေ့အကြုံများကို သင်ယူခဲ့ရသနည်း။*

*နိုင်ငံတွင်း မက်ခရိုစီးပွားရေး တစ်ခုလုံးအပေါ် အထည်ချုပ်ထုတ်လုပ်ရေး၌ အနှောင့်အယှက်ဖြစ်မှု၏ ရေတိုသက်ရောက်မှုမှာ အဘယ်နည်း။*

*နိုင်ငံတွင်း မက်ခရိုစီးပွားရေး တစ်ခုလုံးအတွက် ကာလလတ်မှ ကာလရှည် သက်ရောက်မှုများမှာ မည်သို့ရှိသနည်း။*

*အထည်ချုပ်ကဏ္ဍ ထုတ်လုပ်မှုနှင့် သင့်လုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများအား စဉ်းစားပါက နောက်ကွယ်မှ အဓိက အကြောင်းရင်းများကို ပြောပြပေးပါ။ ကိုဗစ်(၁၉) ကြောင့်လား၊ စစ်အာဏာသိမ်းမှုကြောင့်လား သို့မဟုတ် နှစ်ခုစလုံးပေါင်းဖက်ထား ခြင်းလား။*

*သင့်လုပ်ငန်းအတွင်း လက်ရှိလည်ပတ်နေသော အလုပ်သမားသမဂ္ဂရှိပါသလား။ မရှိဘူးဆိုပါက ဝန်ထမ်းတွေရဲ့ တိုင်ကြားချက် များကို လက်ရှိတွင် မည်သို့ကိုင်တွယ်နေပါသနည်း။ ကိုင်တွယ်ရေးနည်းလမ်းရှိပါက အထည်ချုပ်လုပ်သားများသည် တိုင်ကြားမှု ယန္တရားအသစ်အကြောင်း သိပါသလား။*

*ယေဘုယျအားဖြင့် သင့်လုပ်ငန်းနှင့် သင့်ကဏ္ဍတွင် အလုပ်အကိုင်များ ဆုံးရှုံးနေပါက အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုထိခိုက်ပါသလား။*

*အကယ်၍ သင့်ဝန်ထမ်းများအား ၎င်းတို့၏ ကျွမ်းကျင်မှုများ တိုးမြှင့်ရန် သင်တန်းများပေးမည်ဆိုပါက လက်ရှိအခြေအနေတွင် သင့်အဖွဲ့အစည်းအတွက် မည်သည့်ကျွမ်းကျင်မှုများက အသုံးဝင်ဆုံးဖြစ်မည်ဟု ထင်ပါသနည်း။ မည်သို့သော သင်တန်းနည်းလမ်းများ ဖြစ်သင့်သနည်း။ (မျက်နှာချင်းဆိုင် သို့မဟုတ် အွန်လိုင်းသင်ကြားခြင်း)။*

*ယူကရိန်းနိုင်ငံ၏ လက်ရှိအခြေအနေများကို သင်သိရှိပါသလား။ သင့်အပေါ် မည်သို့သက်ရောက်မှုရှိသနည်း။*

*နိုင်ငံရေးနှင့် ကျန်းမာရေးပဋိပက္ခများ၏သက်ရောက်မှုအပြင် အထည်ချုပ်နှင့် ဆက်စပ်လုပ်ငန်းများအပေါ် စကစ၏မူဝါဒပြောင်းလဲမှုမှ အကျိုးသက်ရောက်မှုရှိနိုင်ပါသလား။ ဥပမာအားဖြင့် ပို့ကုန်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းတွင် ပို့ကုန်ဝင်ငွေထားရှိမှု ကြာချိန်ကို ငွေလွှဲပြီးသည့်နောက် သုံးလမှ ရက်ပေါင်းသုံးဆယ်အထိ လျှော့ချလိုက်သည့် ဗဟိုဘဏ်၏ အမိန့်ကြေညာစာ။*

## အထည်ချုပ်ထုတ်လုပ်ရေးကဏ္ဍဝန်းကျင်လည်ပတ်နေသော (ဆက်စပ်) လုပ်ငန်းများသို့ မေးမြန်းသည့် မေးခွန်းများ

*သင်သည် အထည်ချုပ်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် မည်သည့်အနေအထားဖြင့် လက်တွဲဆောင်ရွက်သနည်း (အထည်အလိပ် ထုတ်လုပ်ရေးတွင် ထောက်ပံ့ပေးသူ၊ အထည်အလိပ်ထုတ်ကုန်များအား ရောင်းချသူ စသည်)။*

*ကျေးဇူးပြု၍ အထည်ချုပ်ထုတ်လုပ်ရေးတွင် နှောင့်ယှက်မှုများက သင်၏လုပ်ငန်းအပေါ် မည်သို့ထိခိုက်ခဲ့ကြောင်း ပြောပြပေးပါ။*

*ထုတ်လုပ်မှု၊ ဝယ်လိုအားနှင့် အလုပ်အကိုင်များ (အပြင် ထောက်ပံ့ရေးကွင်းဆက်များ) အပေါ် မည်သို့သက်ရောက်မှုများရှိခဲ့သည်ကို ပြောပြပေးပါ။ အကယ်၍ သင်သည် ၎င်းတို့အား အကျိုးသက်ရောက်မှု (အထိခိုက်ဆုံးမှ ထိခိုက်မှုအနည်းဆုံးအထိ) အဆင့်သတ်မှတ်မည်ဆိုလျှင် အဆင့်သတ်မှတ်ချက်သည် မည်သို့ဖြစ်မည်နည်း။*

*ဖေဖော်ဝါရီလ တစ်ရက်နေ့မှစ၍ နိုင်ငံရေးပဋိပက္ခကြောင့် ထုတ်လုပ်မှုမှ ဆုံးရှုံးမှုများအတွက် သင်နှင့် အလုပ်သမားများအား အလျော်ပေးရန် (အာဏာပိုင်များ သို့မဟုတ် အခြားရင်းမြစ်များမှ) အကူအညီတစ်ခုခု ရရှိခဲ့ပါသလား။*

*သင်၏ ပုံသေပိုင်ဆိုင်မှုများကို ထိခိုက်ခဲ့ပါသလား။ မည်သို့နည်း။ အလုံးစုံထုတ်လုပ်မှုလျော့ကျသောကြောင့် ထိုပိုင်ဆိုင်မှုအချို့ကို ရောင်းချခဲ့ရပါသလား။ ပဋိပက္ခကြောင့် ထိခိုက်မှုတစ်စုံတစ်ရာရှိပါသလား။*

*ယခင်နှစ်အတွင်း လုပ်ငန်းချေးငွေအတွက် လျှောက်ထားဖူးပါသလား။ လျှောက်ထားဖူးပါက ဤဘဏ္ဍာရေးထုတ်ကုန် အမျိုးအစားကို လက်လှမ်းမီရရှိရာတွင် သင်၏ အတွေ့အကြုံကို ကျေးဇူးပြု၍ ဖော်ပြပေးပါ။*

*ပြောင်းလဲသွားသော ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခဲ့သည့်အရာများကို ဖော်ပြပေးပါ။ ဤပြောင်းလဲသွားသော ပတ်ဝန်းကျင်မှ မည်သည့်အတွေ့အကြုံများကို သင်ယူခဲ့ရသနည်း။*

*မည်သည့်အရာများက အထည်ချုပ်ထုတ်လုပ်ရေးဆိုင်ရာ အနှောင့်အယှက်များ၏ ကာလတိုသက်ရောက်မှုများဖြစ်မည်ဟု သင်ထင်သနည်း။ ကာလလတ်မှ ကာလရှည်သက်ရောက်မှုများရော အဘယ်နည်း။*

*ရင်ဆိုင်ခဲ့ရသောစိန်ခေါ်မှုများအား စဉ်းစားပါက နောက်ကွယ်မှ အဓိကအကြောင်းရင်းများကို ပြောပြပေးပါ။ ကိုဗစ်(၁၉) ကြောင့်လား၊ စစ်အာဏာသိမ်းမှုကြောင့်လား သို့မဟုတ် နှစ်ခုစလုံးပေါင်းဖက်ထားခြင်းလား။*

*သင့်လုပ်ငန်းအတွင်း လက်ရှိလည်ပတ်နေသော အလုပ်သမားသမဂ္ဂရှိပါသလား။ မရှိဘူးဆိုပါက*

*ဝန်ထမ်းတွေရဲ့ တိုင်ကြားချက်များကို လက်ရှိတွင် မည်သို့ကိုင်တွယ်နေပါသနည်း။ ကိုင်တွယ်ရေးနည်းလမ်းရှိပါက အထည်ချုပ်လုပ်သားများသည် တိုင်ကြားမှုယန္တရားအသစ်အကြောင်း သိပါသလား။*

*ယေဘုယျအားဖြင့် သင့်လုပ်ငန်းနှင့် သင့်ကဏ္ဍတွင် အလုပ်အကိုင်များ ဆုံးရှုံးနေပါက အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုထိခိုက်ပါသလား။*

*အကယ်၍ သင့်ဝန်ထမ်းများအား ၎င်းတို့၏ ကျွမ်းကျင်မှုများ တိုးမြှင့်ရန် သင်တန်းများ ပေးမည်ဆိုပါက လက်ရှိ အခြေအနေတွင် သင့်အဖွဲ့အစည်းအတွက် မည်သည့်ကျွမ်းကျင်မှုများက အသုံးဝင်ဆုံးဖြစ်မည်ဟု ထင်ပါသနည်း။ မည်သို့သော သင်တန်းနည်းလမ်းများ ဖြစ်သင့်သနည်း။ (မျက်နှာချင်းဆိုင် သို့မဟုတ် အွန်လိုင်းသင်ကြားခြင်း)။*

*ယူကရိန်းနိုင်ငံ၏ လက်ရှိအခြေအနေများကို သင်သိရှိပါသလား။ သင့်အပေါ် မည်သို့သက်ရောက်မှုရှိသနည်း။*

*နိုင်ငံရေးနှင့် ကျန်းမာရေးပဋိပက္ခများ၏သက်ရောက်မှုအပြင် အထည်ချုပ်နှင့် ဆက်စပ်လုပ်ငန်းများအပေါ် စကစ၏မူဝါဒပြောင်းလဲမှုမှ အကျိုးသက်ရောက်မှုရှိနိုင်ပါသလား။ ဥပမာအားဖြင့် ပ ပို့ကုန်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းတွင် ပို့ကုန်ဝင်ငွေထားရှိမှု ကြာချိန်ကို ငွေလွှဲပြီးသည့်နောက် သုံးလမှ ရက်ပေါင်းသုံးဆယ်အထိ လျှော့ချလိုက်သည့် ဗဟိုဘဏ်၏ အမိန့်ကြေညာစာ။*

# နောက်ဆက်တွဲ(၂)။ အချက်အလက်စုဆောင်းမှု၏ နောက်ထပ်အသေးစိတ်များ

## ထိခိုက်မှုမရှိစေရေး

ပဋိပက္ခအခြေအနေများတွင် ယုံကြည်စိတ်ချရသော သတင်းအချက်အလက်များ စုဆောင်းခြင်းသည် ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများကို တိုးမြင့်စေသည်။ သင့်လျော်သော ကျင့်ဝတ်ဆိုင်ရာ နားလည်မှုအဆင့်မရှိလျှင် သုတေသနပြုခြင်းသည် ကောင်းကျိုးထက် ဆိုးကျိုးကို ပိုဖြစ်စေနိုင်သည်။ အထည်ချုပ်လုပ်သားများ၏ စစ်တမ်းကို ထိခိုက်မှုမရှိစေရေးကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်ခဲ့ပြီး ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးသက်ရောက်မှုများကို အောက်ပါနည်းလမ်းများဖြင့် လျှော့ချခဲ့သည် –

- ကျင့်ဝတ်ဆိုင်ရာ အကျပ်ရိုက်မှုများကို သိရှိသော ရင့်ကျက်ပြီး အတွေ့အကြုံရှိသော သုတေသီများနှင့် တွေ့ဆုံမေးမြန်းသူများအား အသုံးပြုခြင်း
- သုတေသနပြုလုပ်မှုသည် ဒေသဆိုင်ရာပဋိပက္ခအပေါ် ထိခိုက်နိုင်ခြေ သို့မဟုတ် ပဋိပက္ခကြောင့် ထိခိုက်နိုင်ခြေကို အချိန်နှင့်တစ်ပြေးညီသိရှိခြင်း
- လုံခြုံရေးအခြေအနေအား အဆက်မပြတ်စောင့်ကြည့်လေ့လာပြီး အထူးသဖြင့် ဒေသခံသတင်းပေးများကို နားထောင်ခြင်းဖြင့် ဖြစ်နိုင်ခြေအန္တရာယ်အား စိစစ်ပိုင်းခြားခြင်း
- နားလည်သိရှိကြောင်းသဘောတူညီချက်အား အသေအချာရယူထားခြင်း
- သုတေသနပြုလုပ်ချက်၏ ရည်ရွယ်ချက်များကို ရှင်းလင်းစွာ ရှင်းပြခြင်း
- ဒေတာ၏လျှို့ဝှက်ချက်ကိုထိန်းသိမ်းရန် နည်းလမ်းများကိုအသုံးပြုခြင်း (ကုဒ်ဝှက်ခြင်း – encryption စသည်) ကန့်သတ်ချက်၏တန်ဖိုးကိုနားလည်ခြင်း၊ မည်သည့်အချိန်တွင်ရပ်တန့်ရမည်ကိုသိရှိခြင်း။

## CATI ၏ ကန့်သတ်ချက်များနှင့် အားနည်းချက်များ



ကိုဗစ်(၁၉)နှင့် အာဏာသိမ်းမှု၏ ပဋိပက္ခနှစ်ခုအတွင်း၌ မြန်မာနိုင်ငံသည် အချက်အလက်စုဆောင်းရာတွင် ပြင်းထန်သောစိန်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ လိုက်လျောညီထွေရှိသော နည်းပညာများသို့ ကူးပြောင်းဆောင်ရွက်မှုကို အလွန်လျင်မြန်သောနှုန်းဖြင့် လုပ်ဆောင်နေရသည်။

ကိုဗစ်(၁၉)ရောဂါကြောင့် ကွန်ပြူတာအကူအညီဖြင့် ဖုန်းမှတစ်ဆင့် တွေ့ဆုံမေးမြန်းစစ်တမ်းကောက်ခြင်း (CATI) ကို စစ်တမ်းများတွင် ပို၍ အသုံးပြုလာရသည်။ ကပ်ရောဂါဖြစ်ပွားနေသည်နှင့်အမျှ ဖြေဆိုသူနှင့် တွေ့ဆုံမေးမြန်းသူအတွက် တူညီသော အလုံပိတ်နေရာတွင် ရှိနေရန် မဖြစ်နိုင်သောကြောင့် ဖုန်းခေါ်ဆိုခြင်းသည် လက်တွေ့ကျသော အခြေဖြစ်လာခဲ့သည်။




CATI နှင့် ပတ်သက်၍ အသေအချာမှတ်တမ်းတင်ထားသော ချို့ယွင်းချက်များရှိပြီး ဤစစ်တမ်းနှင့် အထူးသက်ဆိုင်သည့် အားနည်းချက်များတွင် အောက်ပါတို့ပါဝင်သည် –

- ဖုန်းလိုင်းမရှိသော သို့မဟုတ် ဖုန်းလိုင်းမကောင်းသော နေရာများတွင် နေထိုင်သူများကို ဖယ်ချန်ထားသည်။
- ဖြေဆိုသူများသည် သီးသန့်ပြောဆိုရန် အခက်အခဲရှိနိုင်သောကြောင့် အကဲဆတ်သောမေးခွန်းများသည် ယုံကြည်စိတ်ချရသော အချက်အလက်များကို မပေးနိုင်လောက်ပါ။
- အချို့သောအကြောင်းအရာများကို CATI တွင် မေးမြန်း၍ မရနိုင်ပါ။
- မေးခွန်းများသည် ကျစ်လျစ်ပြည့်စုံရန် လိုအပ်သည်။ မျက်နှာချင်းဆိုင်တွေ့ဆုံမေးမြန်းသောအခါ ပိုမိုယုံကြည်စိတ်ချရသော တုံ့ပြန်မှုများကို ရရှိရန်အတွက် မေးခွန်းများကို ပိုမိုရှည်လျားစွာ မေးနိုင်သည်။

ထို့အပြင် ဖုန်းမရှိသူများအား မေးမြန်း၍မရနိုင်ပါ။ ဤသည်မှာ CATI နည်းလမ်း၏ တစ်ကမ္ဘာလုံးဆိုင်ရာ အားနည်းချက်ဖြစ်သည်။ တယ်လီဖုန်းဖြင့် မေးမြန်းခြင်းသည် လူ့အဖွဲ့အစည်း၏ အဆင်းရဲဆုံးသော အစိတ်အပိုင်းများကို ဖယ်ချန်သည့် အန္တရာယ်ရှိပြီး မြန်မာနိုင်ငံတွင် အသေအချာပင် ဖယ်ချန်မိနိုင်သည်။ ပုံ(က–၂)တွင် ဆင်းရဲသောအိမ်ထောင်စုများက မိုဘိုင်းလ်ဖုန်းပိုင်ဆိုင်နိုင်ခြေနည်းပါးကြောင်း ဖော်ပြထားသည်။

ပုံ (က–၂)။ MLCS ၂၀၁၇။ ဆင်းရဲနွမ်းပါးမှုအခြေအနေအရ မိုဘိုင်းလ်ဖုန်းမရှိသော အိမ်ထောင်စုများ (ရာခိုင်နှုန်း)




၂၀၂၁ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်း မိသားစုများအတွက် စိန်ခေါ်မှုများ ပိုမိုတိုးများလာနေသည်။ ဖြေဆိုသူများအတွက် အချက်အလက်များပေးအပ်ခြင်းနှင့် တွေ့ဆုံမေးမြန်းသူများအတွက် ထိုအချက်အလက်များအား စုဆောင်းခြင်းတို့၌ ဖြစ်နိုင်ခြေရှိသော အန္တရာယ် ခြိမ်းခြောက်မှုများသည် အချက်အလက်စုဆောင်းခြင်းကို ပိုမိုခက်ခဲလာစေသည်။

# နောက်ဆက်တွဲ(၃)။ အလုပ်သမားအုပ်စုသုံးစုနှင့် ကျား/မ အလိုက် နမူနာအုပ်စု

ဇယား(က-၁)။ အလုပ်သမားအုပ်စုသုံးစုနှင့် ကျား/မ အလိုက် နမူနာအုပ်စု

| အမျိုးသမီး | အထည်ချုပ်လုပ်သားများ | အခြားကဏ္ဍလုပ်သားများ | အလုပ်လက်မဲ့ |
|---|---|---|---|
| ပျမ်းမျှအသက် | ၂၇ နှစ် | ၃၀ နှစ် | ၂၉ နှစ် |
| အမျိုးသမီးဦးဆောင်သော | ၂၄.၈ | ၁၉.၅ | ၁၅.၆ |
| ပညာအရည်အချင်း | | | |
| မရှိ | ၀.၃ | ၀.၀ | ၀.၆ |
| မူလတန်းအောက် | ၆.၄ | ၂.၆ | ၈.၁ |
| မူလတန်း | ၄၁.၄ | ၂၉.၉ | ၃၈.၇ |
| အလယ်တန်း | ၃၈.၁ | ၄၁.၆ | ၃၅.၈ |
| အထက်တန်း | ၉.၇ | ၁၄.၃ | ၁၁.၆ |
| အထက်တန်းလွန် | ၄.၁ | ၁၁.၇ | ၅.၂ |
| အိမ်ထောင် ရှိ/မရှိ | | | |
| အိမ်ထောင်မရှိ | ၅၄.၆ | ၃၇.၇ | ၃၂.၄ |
| အိမ်ထောင်ရှိ | ၄၁.၁ | ၅၃.၃ | ၆၄.၂ |
| လင်မယားခွဲနေသော/ အိမ်ထောင်ဖက်သေဆုံးထားသော/ အိမ်ထောင်ကွဲနေသော | ၄.၃ | ၉.၁ | ၃.၅ |
| | | | |
| **အမျိုးသား** | **အထည်ချုပ်လုပ်သားများ** | **အခြားကဏ္ဍလုပ်သားများ** | **အလုပ်လက်မဲ့** |
| ပျမ်းမျှအသက် | ၂၇ နှစ် | ၂၆ နှစ် | ၂၈ နှစ် |
| အမျိုးသမီးဦးဆောင်သော | ၁၃.၅ | ၁၅.၈ | ၉.၅ |
| ပညာအရည်အချင်း | | | |
| မရှိ | ၀.၀ | ၀.၀ | ၀.၀ |
| မူလတန်းအောက် | ၃.၉ | ၁.၃ | ၂.၄ |
| မူလတန်း | ၂၉.၄ | ၂၃.၇ | ၃၁.၀ |
| အလယ်တန်း | ၅၂.၅ | ၅၉.၂ | ၄၇.၆ |
| အထက်တန်း | ၁၂.၁ | ၁၅.၈ | ၁၆.၇ |
| အထက်တန်းလွန် | ၂.၁ | ၀.၀ | ၂.၄ |
| အိမ်ထောင် ရှိ/မရှိ | | | |
| အိမ်ထောင်မရှိ | ၃၉.၀ | ၂၅.၀ | ၃၅.၇ |
| အိမ်ထောင်ရှိ | ၅၈.၉ | ၇၃.၇ | ၆၁.၉ |
| လင်မယားခွဲနေသော/ အိမ်ထောင်ဖက်သေဆုံးထားသော/ အိမ်ထောင်ကွဲနေသော | ၂.၁ | ၁.၃ | ၂.၄ |

# နောက်ဆက်တွဲ (၄)။ အစီရင်ခံစာတွင် အသုံးပြုခဲ့သည့် အချက်အလက်များ၏ စစ်တမ်းဆိုင်ရာနှိုင်းယှဉ်နိုင်စွမ်း

ဤအစီရင်ခံစာသည် ဤစစ်တမ်းမှ ရလဒ်များကို ၂၀၁၅ ခုနှစ်ကတည်းက ပြုလုပ်ခဲ့သော အခြားစစ်တမ်းများနှင့် နှိုင်းယှဉ်ရန် ကြိုးပမ်းပေးသည် (ဇယား–က–၂)။ **စစ်တမ်းအားလုံးတွင် မတူညီသောနည်းလမ်းများရှိပြီး အခြေအနေကို နှိုင်းယှဉ်ဖော်ပြရာတွင် အချို့ရလဒ်များ၏ ဖော်ပြချက်များတွင် ဤချဉ်းကပ်မှုနည်းလမ်း၏ ကန့်သတ်ချက်သည် ရှင်းလင်းပြတ်သားသည်။ တိကျသောရလဒ်များကို ဖော်ပြချက်တွင် ရှင်းလင်းပြတ်သားသည်။**

ဇယား(က–၂)။ ဤအစီရင်ခံစာတွင် အသုံးပြုခဲ့သောကိန်းဂဏန်းများ၏ စစ်တမ်းရင်းမြစ်

| စစ်တမ်း | အချက်အလက် ကောက်ယူမှုကာလ | နမူနာအရွယ်အစား | ကိုယ်စားပြု | ဆောင်ရွက်သည့်အဖွဲ့ |
|---|---|---|---|---|
| **၁။ မြန်မာ့နေထိုင်မှုအခြေအနေစစ်တမ်း** | ၂၀၁၆ ဒီဇင်ဘာမှ ၂၀၁၇ ဒီဇင်ဘာအထိ | ၁၃၇၃၀ | ပြည်ထောင်စုအဆင့် | CSO/UNDP နှင့် World Bank |
| **၂။ ကြိမ်နှုန်းမြင့် အိမ်ထောင်စုစစ်တမ်းများ** | ၂၀၂၀ ခုနှစ် မေ၊ ဇွန်၊ ဩဂုတ်နှင့် အောက်တိုဘာလ (လေးကြိမ်) | တစ်ကြိမ်လျှင် ပျမ်းမျှ ၁၀၀၀ | ပြည်ထောင်စုအဆင့် | World Bank/ ဗဟိုစာရင်းအင်းအဖွဲ့ |
| **၃။ ကမ္ဘာ့တန်ဖိုးစစ်တမ်း** | ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ/ မတ် | ၁၂၀၀ | ပြည်ထောင်စုအဆင့် | WVSA: Institute for Comparative Survey Research |
| **၄။ အိမ်ထောင်စုထိခိုက်လွယ်မှုအခြေအနေ စစ်တမ်း** | ၂၀၂၀ ခုနှစ် အောက်တိုဘာ | ၂၀၁၆ | ပြည်ထောင်စုအဆင့် | ဗဟိုစာရင်းအင်းအဖွဲ့/ UNDP |
| **၅။ ၂၀၂၁ ပြည်သူ့အခြေခံလိုအပ်ချက်စစ်တမ်း** | ၂၀၂၁ ခုနှစ် မေ/ဇွန် | ၁၂၀၀ | ပြည်ထောင်စုအဆင့် | UNDP |
| **၆။ မြန်မာနိုင်ငံ၌ ဆုတ်ယုတ်လာသော ကျား၊မ တန်းတူညီမျှမှု။ ကပ်ရောဂါနှင့် စစ်အုပ်ချုပ်မှုအောက်တွင် နေထိုင်နေသော အမျိုးသမီးများ၊ ၂၀၂၂ ခုနှစ် မတ်လ** | ၂၀၂၁ ခုနှစ် နိုဝင်ဘာ/ ဒီဇင်ဘာ | ၂၂၀၀ | ပြည်ထောင်စုအဆင့်၊ အမျိုးသမီးများသာ | UNWomen & UNDP |

U N
D P

**ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်**
အမှတ် ၆၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊
ရန်ကုန် ၁၁၂၁၁၊ မြန်မာ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖုန်း – +၉၅(၁) ၅၄၂၉၁၀ မှ ၁၉ အထိ
ဖက်စ် – +၉၅ (၁) ၅၄၄ ၅၃၁
အီးမေးလ် – registry.mm@undp.org
www.mm.undp.org
UNDP Myanmar
UNDP_Myanmar